

တန်ခိုးကြီးမား
တောဒဂ်ရ ထေရီမယ်များ
ရွှေဥဩ




# တန်ခိုးကြီးမား

# တေဒဂ်ရ ထေရီမယ်များ

## ရွှေဥဩ

- အမျိုးသမီးများသည် အမျိုးသားများနည်းတူ မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားနိုင်ရုံသာမက ဈာန်အဘိညာဉ်ရ ရဟန္တာမကြီးတွေလည်း အထင်ကရဖြစ်ခဲ့ကြ၏
- ဗုဒ္ဓ၏တေဒဂ်ရ ရဟန္တာထေရီမယ်တို့၏ ဖြစ်စဉ်အကြောင်းများ စသည်. . .



ရန်အောင်စာပေ
၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၇၂၆၅၇

# တန်ခိုးကြီးမား
# တေဒဂ်ရဲထေရိမယ်များ

ရွှေဥဒေါင်း

## စာအုပ်ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်ပုံနှိပ်ခြင်း**

[၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ၊ အုပ်ရေ ၅၀၀]

■

**စာမူခွင့်ပြုချက်အမှတ်** – [၈၄၁ / ၂၀၀၃ (၁၁)]

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – [၁၆၅ / ၂၀၀၄ (၃)]

■

**မျက်နှာဖုံးပန်းချီဒီဇိုင်း**

အံ့ဘွယ်ဇင်

■

**မျက်နှာဖုံးကာလာခွဲ**

STARS COLOUR

■

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးတင်မောင်ဝင်း(မြဲ ၀၅၉၄၆)၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်

၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

■

**ထုတ်ဝေသူ**

ဦးလှတိုး(၀၃၇၇၂)၊ ရန်အောင်စာပေ၊

၃၄၃ / ၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

■

**စာအုပ်ချုပ်** – ကိုမြင့်၊ ညီဝင်းမြင့်

**ကွန်ပျူတာစာစီ** – နေလင်း

■

[တန်ဖိုး – ၅၀၀ ကျပ်]

# မာတိကာ


၁။ နိဒါန်း ဂ

၂။ အာသီသပတ္ထနာ ၁၁

၃။ ပါဝင်သောထေရီမယ်များ ၁၃

၄။ "အသီတိ" ရှစ်ကျိပ်ဘွဲ့တော်များ ၁၅

၅။ တန်ခိုးကြီးမား အဂ္ဂရတ္တညူဧတဒဂ်ရ
မဟာပဇာပတိဂေါတမီထေရီမယ် ၂၀

၆။ အဂ္ဂဈာယိနီ ဧတဒဂ်ရ ဇနပဒကလျာဏီ
အမည်ရှိ ရူပနန္ဒာထေရီမယ် ၄၆

၇။ မဟာအဘိညာ ဧတဒဂ်ရ
ဘဒ္ဒကစ္စာနာ ခေါ် ယသောဓရာထေရီမယ် ၅၆

၈။ မဟာပညာဧတဒဂ်ရ ခေမာထေရီမယ် ၇၁

၉။ ဣဒ္ဓိမန္တီဧတဒဂ်ရ ဥပ္ပလဝဏ် ထေရီမယ် ၈၆

၁၀။ အဂ္ဂဝိနယဓာရီ ဧတဒဂ်ရ
ပဋာစာရီ ထေရီမယ် ၉၃

၁၁။ သဒ္ဓါဝိမုတ္တ ဧတဒဂ်ရ
သိင်္ဂါလမာတာ ထေရီမယ် ၁၀၄

၁၂။ အဂ္ဂအာရဒ္ဓဝီရိယ ဧတဒဂ်ရ
သောဏာထေရီမယ် ၁၀၆

၁၃။ ဒိဗ္ဗစက္ခုအဘိညာဉ် ဧတဒဂ်ရ
ဗာကုလာ ထေရီမယ် ၁၀၉

၁၄။ အဂ္ဂဓမ္မကထိက တေဒဂ်ရ
ဓမ္မဒိန္နာ ထေရီမယ် ၁၁၂

၁၅။ အဂ္ဂလုခစီဝရဓရ တေဒဂ်ရ
ကိသာဂေါတမီ ထေရီမယ် ၁၂၁

၁၆။ အဂ္ဂခိပ္ပာဘိည တေဒဂ်ရ
ဘဒ္ဒကုဏ္ဍလကေသာ ထေရီမယ် ၁၃၀

၁၇။ ပထမံသရဏံဂစ္ဆန္တီ တေဒဂ်ရ
သုဇာတာဥပါသိကာ အမျိုးသမီး ၁၄၇

၁၈။ အဂ္ဂပဏီတဒါယိကာ တေဒဂ်ရ
သုပ္ပဝါသာဥပါသိကာ အမျိုးသမီး ၁၅၃

## နိဒါန်း

မာတာပိတုဥပဋ္ဌာနံ...............
မာတာပိတာစနိက္ခန္တာ...............
မာတာယထနိယံပုတ္တမာယုသာ...............
မာတာပိတုဂုဏောအနန္တော...............
မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်...

စသည်ဖြင့် အမိအဖနှစ်ပါးတွင် အမိကို ဦးစား ပေးပြီး ရေးသားဖော်ပြ ပြောဆိုနေကြပေသည်။

အမိဟူသော အမျိုးသမီးသည် အဖဟူသော အမျိုးသားများထက် ဂုဏ်ကျေးဇူးများစွာ ရှိသည်ဖြစ်၍ လည်းကောင်း၊ သားသမီးများအပေါ်တွင် အဖထက် ယုယပိုက်ထွေးပြုစု ကျွေးမွေးခဲ့ရ၍လည်းကောင်း၊ အမိ ဟူသော အမျိုးသမီးသည် ပဋိသန္ဓေတည်လာသည့်မှ

စ၍ ကြီးပြင်းလာသည့်တိုင်အောင် ပြုစုစောင့်ရှောက်ရာတွင် အဖထက်ပိုလွန်သည်ဖြစ်၍လည်းကောင်း အမိကို ဦးစားပေး ရေးသားဖော်ပြ သုံးနှုန်းကြပေသည်ဟု ထင်မြင်မိပေသည်။

အမိဟူသော အမျိုးသမီးသည် အဖဟူသော အမျိုးသားတို့ကဲ့သို့ပင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြောင်း၊ လုပ်ကိုင်နိုင်ကြောင်း၊ ပြုလုပ်နိုင်ကြောင်း စသည်တို့ကို သိစေလို၍ ဤ "တေဒဂ်ရ–တန်ခိုးကြီးမား ထေရီမယ်များ" စာအုပ်ငယ်တွင် သုတေသီများ သိရှိပြီးဖြစ်သော်လည်း ပိုမိုသတိရကာ သိကြစေလိုသော ဆန္ဒရှိလှသဖြင့် "တေဒဂ်"ရ အမျိုးသမီးများ အကြောင်း ရေးသားဖော်ပြရခြင်း ဖြစ်ပေသည်။ ဤစာအုပ်တွင် အမျိုးသမီးများသည် တန်ခိုးဣဒ္ဓိပါဒ်အရာ၌လည်းကောင်း၊ ပညာအရာ၌လည်းကောင်း၊ အကျင့်စာရိတ္တအရာ၌လည်းကောင်း ယောကျ်ားများကဲ့သို့ စွမ်းဆောင်နိုင်ပုံ စွမ်းဆောင်နိုင်ကြောင်းကို ဥပမာနမူနာဖြင့် သိသာရုံ ဖော်ပြလိုပေသည်။

မြတ်စွာဘုရား၏မယ်တော် မိထွေးတော်ဂေါတမီသည် ကြည့်ရှုလာရောက်ကြသူတို့၏ သံသယအယူမှားခြင်းငှာ တန်ခိုးပြဦးလော့ဟု မြတ်စွာဘုရားမိန့်တော်မူရာ...

ဂေါတမီထေရီမယ်ကြီးသည် မြတ်စွာဘုရား၏ ခြေတော်ကို ဦးတိုက်ရှိခိုး၍ ကောင်းကင်သို့ပျံတက်သွားပြီး တစ်ပါးတည်းကို အများဖြစ်အောင် ဖန်ဆင်း၍ ပြခြင်း၊ အများကိုလည်း တစ်ပါးတည်းဖြစ်အောင် ပြခြင်း၊ တံတိုင်းနံရံခြားသို့ ငြိကပ်ခြင်းမရှိ၊ ဖောက်ထွင်း၍သွားခြင်း၊ မြေကြီးအတွင်းသို့ ငုပ်လျှိုး၍ပြခြင်း၊ ရေပေါ်၌ စင်္ကြံလျှောက်ပြခြင်း၊ ကောင်းကင်ထက်ဝယ်၌ ပလ္လင်ထိုင်နေခြင်း၊ ကောင်းကင်၌ ပျံဝဲ၍သွားခြင်း၊ ဂဠုန်ယောင်–နဂါးယောင်–ခြင်္သေ့ယောင်–နွားယောင် စသည်ဖြင့် အမျိုးမျိုးပြခြင်း၊ မြင်းမိုရ်တောင်ကြီးကို ထီးရိုးပြု၍ ပထဝီမြေကြီးကို ထီးရွက်ပြုကာ ထီးကဲ့သို့ မိုးဆောင်းပြီး ကောင်းကင်၌ စင်္ကြံကြွခြင်း စသည်တို့ဖြင့် တန်ခိုးဣဒ္ဓိပါဒ် ပြတော်မူပေသည်။

ဘဒ္ဒကစ္စနာခေါ် ယသောဓရာဘိက္ခုနီသည်လည်း ပရိသတ်တို့၏ ယုံမှားသံသယကို ပယ်ဖြတ်၍ တန်ခိုးပြဦးလော့ဟု မြတ်စွာဘုရားမိန့်တော်မူရာ...

ဘဒ္ဒကစ္စနာခေါ် ယသောဓရာဘိက္ခုနီထေရီသည် ဦးစွာဘုရားကို ဦးတိုက်ရှိခိုးပြီး ကောင်းကင်သို့ ကြွတော်မူကာ စကြဝဠာမျှ ကြီးမားသော ကာရဝိတ်ငှက်မင်းကိုယ်တိုင် ဖန်ဆင်းပြီး ဦးခေါင်းကို မြောက်ကျွန်းမှာထား၏။ အရှေ့ကျွန်း၊ အနောက်ကျွန်းတို့

အပေါ်၌ အတောင်နှစ်ဖက်ကို ဖြန့်ထား၍ ဇမ္ဗူဒိပ်ကျွန်း အပေါ်၌ ကိုယ်ကိုထားပြီး တောင်ဘက်သမုဒ္ဒရာပေါ်၌ အမြီးကိုထား၏။ နေဝန်း၊ လဝန်းလောက် ကြီးမား သော မျက်လုံးကိုဖန်ဆင်း၍ မြင်းမိုရ်တောင်ကြီးပမာ အမောက်ကြီးကို ဖန်ဆင်း၏။ စကြဝဠာတောင်ကြီး တမျှ ကြီးမားသော နှုတ်သီးကို ဖန်ဆင်း၍ ဇမ္ဗုသပြေ သပြေပင်ကြီးကို အမြစ်နှင့်တကွ အကုန်ပါအောင် ဆိတ်ချီကာ ကောင်းကင်မှ ယပ်လေခတ်လျက်လာပြီး မြတ်စွာဘုရားအား ရှိခိုး၏ စသော တန်ခိုးဣဒ္ဓိပါဒ်များ ပြတော်မူ၏။

ဤမျှလောက်ဖြင့် အမျိုးသမီးများ စွမ်းဆောင် နိုင်ကြောင်း သိသာလောက်ပြီထင်ပါပေသတည်း။ ။

ရွှေဥဒေါင်း

# အာသီသပတ္ထနာ

သကျမာရဇိန်၊
စောမုနိန်တည်း၊
သိဒ္ဓိရိန္ဒာဘိ၊
သိဒ္ဓိရိရတနာ၊
မင်္ဂလာမျိုးပေါင်း၊
ပုန်းတောင်ပြိုးပြက်၊
ရာရှစ်ကွက်နှင့်၊
ရွှေစက်ပဝရ၊
စရဏာဟု၊
ပါဒနက်သန်၊
စုံနှစ်တန်ကို၊

ရန်အောင်စာပေ

ရွှေဗိတာန်တြီး၊
ကဒဏ်ထီးသို့၊
မိုးပြီးဥသုံ၊
ဘေးမျိုးလုံမှ၊
သုံးပုံပိဋကတ်၊
ဝါဏီမြတ်ဟု၊
သုရသတီ၊
နတ်ဒေဝီလည်း၊
ရှင်ကြည်နိစ္စ၊
မပြတ်မ၍၊
ငါ့နှလုံးတိုက်၊
ရွှေကြာသိုက်၌၊
ပျော်ပိုက်ပါစေ
စောင့်ပါစေတည်း။

**မန်လည်ဆရာတော်ဘုရားကြီး၏**

**မာဃဒေဝလင်္ကာသစ်**

ရန်အောင်စာပေ

# ပါဝင်သောထေရီမယ်များ

၁။ တန်ခိုးကြီးမား အဂ္ဂရတ္တညူတေဒဂ်ရ
မဟာဇာပတိဂေါတမီ ထေရီမယ်။
၂။ အဂ္ဂရျာယိနီ ဧတဒဂ်ရ
ဇနပဒကလျာဏီ အမည်ရှိ ရူပနန္ဒာထေရီမယ်။
၃။ မဟာအဘိည ဧတဒဂ်ရ
ဘဒ္ဒကစ္စာနာ ခေါ် ယသောဓရာထေရီမယ်။
၄။ မဟာပညာ ဧတဒဂ်ရ
ခေမာ ထေရီမယ်။
၅။ ဣဒ္ဓိမန္တီ ဧတဒဂ်ရ
ဥပ္ပလဝဏ် ထေရီမယ်။

ရန်အောင်စာပေ

၆။ အင်္ဂဝိနယစာရီ တော်ဒဂ်ရ
ပဋ္ဌာစာရီ ထေရီမယ်။
၇။ သဒ္ဓါဝိမုတ္တ တော်ဒဂ်ရ
သိင်္ဂါလမာတာ ထေရီမယ်။
၈။ အဂ္ဂအာရဒ္ဓဝီရိယ တော်ဒဂ်ရ
သောဏာ ထေရီမယ်။
၉။ ဒိဗ္ဗစက္ခုအဘိညာဉ် တော်ဒဂ်ရ
ဗာကုလာ ထေရီမယ်။
၁၀။ အဂ္ဂဓမ္မကထိက တော်ဒဂ်ရ
ဓမ္မဒိန္နာ ထေရီမယ်။
၁၁။ အဂ္ဂအာဂ္ဂလုခဝိဝရ တော်ဒဂ်ရ
ကိသဂေါတမီ ထေရီမယ်။
၁၂။ အဂ္ဂခိပ္ပာဘိည တော်ဒဂ်ရ
ဘဒ္ဒကုဏ္ဍလကေသာ ထေရီမယ်။
၁၃။ ပထမံသရဏံဂစ္ဆန္တိ တော်ဒဂ်ရ
သုဇာတာဥပါသိကာ အမျိုးသမီး။
၁၄။ အဂ္ဂပဏီတဒါယိကာ တော်ဒဂ်ရ
သုပ္ပဝါသဥပါသိကာ အမျိုးသမီး။

## "အသီတိ" ရှစ်ကျိပ်ဘွဲ့တော်များ

**လက်ယာရံမထေရ်တော်များ**

၁။ သျှင်သာရိပုတ္တရာ
၂။ သျှင်ကောဏ္ဍည
၃။ သျှင်ဝပ္ပ
၄။ သျှင့်ဘဒ္ဒိယ(၁)
၅။ သျှင်မဟာနာမ်
၆။ သျှင်အဿဇိ
၇။ သျှင်နာလက
၈။ သျှင်ယသ
၉။ သျှင်ဝိမလ
၁၀။ သျှင်သုဗာဟု

ရန်အောင်စာပေ

၁၁။ ဿျှင်ပုဏ္ဏမိ
၁၂။ ဿျှင်ဂဝံပတိ
၁၃။ ဿျှင်ဥရုဝေလကဿပ
၁၄။ ဿျှင်နဒီကဿပ
၁၅။ ဿျှင်ဂယာကဿပ
၁၆။ ဿျှင်မဟာကဿပ
၁၇။ ဿျှင်မဟာကစ္စာယန
၁၈။ ဿျှင်မဟာကောဋ္ဌိတ
၁၉။ ဿျှင်မဟာကပ္ပိန
၂၀။ ဿျှင်မဟာနန္ဒ
၂၁။ ဿျှင်ဥပါလိ
၂၂။ ဿျှင်အနုရုဒ္ဓါ
၂၃။ ဿျှင်ကင်္ခါရေဝတ
၂၄။ ဿျှင်အာနန္ဒာ
၂၅။ ဿျှင်နန္ဒက
၂၆။ ဿျှင်ဘဂု
၂၇။ ဿျှင်နန္ဒ
၂၈။ ဿျှင်ကိမိလ
၂၉။ ဿျှင်ဘဒ္ဒိယ(၂)
၃၀။ ဿျှင်ရာဟုလာ
၃၁။ ဿျှင်သီဝလိ

ရန်အောင်စာပေ

၃၂။ သျှင်ဒဗ္ဗ
၃၃။ သျှင်ဥပသေန
၃၄။ သျှင်ခဒိရဝနိယရေဝတ
၃၅။ သျှင်မန္တာဏိပုတ္တပုဏ္ဏ
၃၆။ သျှင်သုနာပရန္တပုဏ္ဏ
၃၇။ သျှင်ကင်္ခါရေဝတ
၃၈။ သျှင်ကောဏ္ဍဓာနသောဏ
၃၉။ သျှင်ရာဓ
၄၀။ သျှင်သုဘူတိက

**လက်ဝဲရံမထေရ်တော်များ**

၁။ သျှင်မောဂ္ဂလာန်
၂။ သျှင်အင်္ဂုလိမာလ
၃။ သျှင်ဝက္ကလိ
၄။ သျှင်ကာဠုဒါယီ
၅။ သျှင်ပိလိန္ဒဝစ္ဆ
၆။ သျှင်သဟာဥဒါယီ
၇။ သျှင်သောဘိတ
၈။ ကုမာရကဿပ(သျှင်)
၉။ သျှင်ရဋ္ဌပါလ
၁၀။ သျှင်ဝင်္ဂီသ

၁၁။ သျှင်သဘိမ
၁၂။ သျှင်သေလ
၁၃။ သျှင်ဥပဝါန
၁၄။ သျှင်မေဃိယ
၁၅။ သျှင်သာဂတ
၁၆။ သျှင်နာဂိတ
၁၇။ သျှင်လကုဏ္ဍလဘဒ္ဒိယ
၁၈။ သျှင်ပိန္ဒောလဘာရဒွါဇ
၁၉။ သျှင်မဟာပန္တက
၂၀။ သျှင်စူဠပန္တက
၂၁။ သျှင်ဗာကုလ
၂၂။ သျှင်ခါန
၂၃။ သျှင်ဒါရုစိ
၂၄။ သျှင်ယသောဓ
၂၅။ သျှင်အမိတ
၂၆။ သျှင်တိဿမေတ္တေယျ
၂၇။ သျှင်ပုဏ္ဏ
၂၈။ သျှင်မေတ္တဂူ
၂၉။ သျှင်ဒေါတက
၃၀။ သျှင်ဥပသိဝ
၃၁။ သျှင်နန္ဒ

၃၂။ သျှင်ဟေမက
၃၃။ သျှင်တောဒေယျ
၃၄။ သျှင်ကပ္ပ
၃၅။ သျှင်ဇကုကဏ္ဏိ
၃၆။ သျှင်ဘဒြာဝုမ
၃၇။ သျှင်ဥဒယ
၃၈။ သျှင်ဝေါသာလ
၃၉။ သျှင်မောဃရာဇ
၄၀။ သျှင်သင်္ဂိယ

အားလုံးမထေရ်ပေါင်း ၈၀ "အသီတိ"ဖြစ်ပါသည်။

အဂ္ဂသာဝကကြီးနှစ်ပါး၊ ကျန်သော မထေရ်တော်များမှာ "မဟာသာဝက"နှင့် "ပကတိသာဝက" များ ဖြစ်ကြပါသည်။ သုတေသီများ ဗဟုသုတအဖြစ် သိရှိတော်မူကြရန် အသီတိ ၈၀ မထေရ်တော်တို့ကို ရေးသားတင်ပြအပ်ပါသည်။

## တန်ခိုးကြီးမား "အဂ္ဂရတ္တညူဧတဒဂ်ရ" ရ
## မဟာပဇာပတီ ဂေါတမီထေရီမယ်

ဗုဒ္ဓဂေါတမရှင်တော်မြတ်ဘုရားသည် နိဂြောဓာရုံ ကျောင်းတွင် သီတင်းသုံးတော်မူ၍ သုံးရက်မြောက် သောနေ့တွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သိအပ်သော ဓာတူမကာဓမ္မကို သင်္ခါရသို့တင်၍ ဆင်ခြင်သုံးသပ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်စံယူတော်မူခဲ့လေသည်။ ရှင်တော်မြတ်ဘုရား သည် ခမည်းတော်၏ အလောင်းတော်ကို စကြဝတေး မင်းများကို ဖုတ်ကြည်းသဂြိုဟ်သကဲ့သို့ သဂြိုဟ်တော် မူကာ နိဂြောဓာရုံကျောင်းတော်ဝယ် စံပယ်သီတင်း သုံးတော်မူလေ၏။ ထိုစဉ်အတွင်း မိထွေးတော် ဖြစ်

သော မဟာပဇာပတိ ဂေါတမီမိဖုရားကြီးသည် မြတ်စွာဘုရားထံတော်သို့ ရောက်လာကာ အောက်ဖော်ပြပါ အကြောင်းအရာများဖြင့် လျှောက်ကြားလေ၏။

"ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော သားတော်ကြီးဘုရား...သားတော်မြတ်ပညတ်ဟောပြ ဆုံးမတော်မူသော သာသနာတော်၌ မယ်တော်တို့ မာတုဂါမများသည် အိမ်ရာထောင်သော လူ့ဘောင်မှ ခွာရှောင်ပယ်သန်း၍ ရဟန်းအဖြစ်ကို ရလိုကြပါ၏ဘုရား...မယ်တော်မှစ၍ မာတုဂါမများကို ရဟန်းပြုပေးစေလိုပါသည်ဘုရား..."

ထိုအခါ ဘုရားရှင်က "မယ်တော်...ငါဘုရားရှင်၏ သာသနာတော်၌ မာတုဂါမများကို ရဟန်းပြုခြင်းငှာ မသင့်။ ပြုသဖြင့်လည်း ကြာရှည်စွာ မစင်ကြယ်ရာ။ ထို့ကြောင့် ရဟန်းအဖြစ်ကို မနှစ်သက်လင့် မယ်တော်..."

မယ်တော်ဂေါတမီလည်း ဘုရားရှင်ထံတော်၌ သုံးကြိမ်တိုင်တိုင် တောင်းပန်လျှောက်ထားလေ၏။ ဘုရားရှင်သည် ခွင့်သနားတော်မမူချေ။ ထို့ကြောင့် မိထွေးတော်ဂေါတမီသည် ပူဆာလိုက်လှဲဆင်းရဲ ငြိုငြင်သောစိတ်နှလုံးဖြင့် ယူကျုံးမရ ဗျာပါလိုက်လှဲ့တသ ငိုယိုကာ မိမိနေရာနန်းတော်သို့ ပြန်သွားရှာလေ၏။

ရှင်တော်မြတ်ဘုရားလည်း နိဂြောဓာရုံကျောင်းမှ ဝေသာလီပြည်သို့ ပြန်လည်ကြွမြန်းကာ မဟာဝုန်တော၏ ကူဋာဂါရကျောင်းတော်၌ သီတင်းသုံးတော်မူ၏။

ထိုအချိန်ဝယ် မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် မိမိဆန္ဒအတိုင်း ဆတ္တာသည်ခေါ် ခေါင်းညှပ်သမားတို့ကိုခေါ်၍ ဆံပင်ကိုဖြတ်စေပြီး ဖန်ရည်စွန်းသောအဝတ်တို့ကိုဝတ်ဆင်လျက် သာကီဝင် မင်းသမီးငါးရာ တို့ကိုလည်း မိမိနည်းတူဝတ်ဆင်ပြုလုပ်ကာ ဘုရားရှင်သီတင်းသုံးတော်မူရာ ဝေသာလီပြည်သို့ သွားကြကုန်၏။

မြတ်စွာဘုရားသီတင်းသုံးတော်မူသော ဝေသာလီ ပြည်နှင့် မိထွေးတော်ဂေါတမီတို့နေသော ကပိလဝတ်ပြည်သည် ယူဇနာအားဖြင့် ၅၁ယူဇနာဝေးသည်။ ထိုမျှဝေးသောခရီးကို မြေပြင်ခြေနင်းဖူးခြင်းမရှိသော သာကီဝင်မင်းသမီးများနှင့် မိဖုရားကြီးဂေါတမီတို့ အတွက် ခဲယဉ်းပင်ပန်းစွာ သွားလာရမည်ဖြစ်၍ မှူးမတ်များက ဝေါ်ယာဉ်၊ ရထားယာဉ်တို့ဖြင့် စီစဉ်ပေးသော်လည်း မြတ်စွာဘုရားကို မရိုသေရာ ရောက်မည်စိုးသဖြင့် ခြေကျင်ခရီးဖြင့် လာကြသည်။ တစ်ယူဇနာကို ၁၂ မိုင်ခွဲနှင့် အကြမ်းဖျင်းတွက်သော် ၅၁ ယူဇနာ ဆိုလျှင် မိုင့်ပေါင်း ၆၀ကျော် ၇၀ဆယ်မျှ ရှိပေလိမ့်

မည်။ ဆင်းရဲသားတို့၏ ခြေဖြင့်ဆိုသော် ၅၁ ရက်ခန့် ခရီးရှိသည်။ မြေပြင်ကို ခြေမချဖူးသော မင်းသမီးတို့ အတွက်ကား ထိုထက်ကြာရှည်မည် ဖြစ်သည်။ ထို့ ကြောင့် မှူးမတ်များက ခရီးလမ်းတစ်လျှောက်လုံး လိုက်လံစောင့်ရှောက်ပေးကြလေသည်။

ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ကာ ကတုံး ပြောင်ပြောင်၊ ထိပ်ပြောင်ပြောင်နှင့် မဟာပဇာပတိ ဂေါတမီ အမှူးပြုသော သာကီဝင်မင်းသမီးငါးရာတို့ သည် ထို ၅၁ ယူဇနာခရီးကို ခြေကျင်လာခဲ့ရသော ကြောင့် ခြေဖဝါးများပေါက်ပြဲကာ သွေးများယိုစီး လျက်ရှိသည်။ ခြေဖမိုးများလည်း ရောင်ကိုင်းလျက် ရှိနေသည်။ တစ်ကိုယ်လုံးလည်း ခေါင်းနဖူးထိပ်ပြောင် ကအစ ချွေးနှင့်ဖုန်နှင့် လုံးထွေးညစ်ပတ်လျက် ပေကျံ နေကြရာသည်။

မဟာပဇာပတိဂေါတမီ အမှူးပြုသော သာ**ကီဝင်** မင်းသမီးတို့သည် ဘုရားရှင်သီတင်းသုံးတော်မူရာ **မဟာ** ဝုန်တော ကူဋာဂါရကျောင်း ပရိဝုဏ်ဝသို့ ရောက်လာ သော်လည်း ညစ်ပတ်ပေတေ မလှမပသော ကိုယ် ကာယဖြင့် မြတ်စွာဘုရားရှေ့တော်သို့ ဝင်ရောက် ဖူးမြော်ရန် မသင့်သဖြင့် ကျောင်းပရိဝုဏ်အဝ၌ စုရုံး နားနေကြရာသည်။ နားနေစဉ်အတွင်း၌လည်း ပင်ပန်း

လှ၍ ညည်းတွားသူက ညည်းတွား၊ ငိုယိုသူက ငိုယို၊ တံတွေးနှပ်ညှစ်သူကလည်း တပစ်ပစ်ညှစ်၊ ထိုအခြင်းတို့ကို အရှင်အာနန္ဒာကြားသဖြင့် အပါးသို့လာ၍ ရှုလတ်သော် မယ်တော်မိဖုရားကြီးနှင့် ငါးရာသော သာကီဝင်မင်းသမီးများ၏ အခြင်းအရာ ပူဆာပင်ပန်းသောအဖြစ်ကို မြင်တော်မူ၍ စုံစမ်းမေးမြန်းတော်မူ၏။

"ကျေးဇူးရှင်မယ်တော် ဒါယိကာမကြီး... အဘယ်ဆန္ဒ မပြည့်ဝ၍ ဤမျှလောက် ရှိုက်ကြီးတငင် ငိုယိုဘိသနည်း။ ကြမ်းတမ်းဝေးလံသော ဤလမ်းကို ပင်ပန်းဆင်းရဲစွာ အဘယ်အခြင်းအရာကြောင့် လာခဲ့ကြသနည်း။ သားတော်အား ပြောကြားပါဦး"ဟု မေးမြန်းရှာသည်။

ထိုအခါ မယ်တော်မဟာပဇာပတိ ဂေါတမီသည် "သားချစ် အရှင်အာနန္ဒာ... မယ်တော်လာခဲ့သော အကြောင်းမှာ သားတော်ဘုရား၏ သာသနာ့ဝယ် မယ်တော်နှင့်တကွ မာတုဂါမများသည် ရဟန်းပြုလိုကြပါသည်။ ထိုအကြောင်းကို ခွင့်တောင်းရန် မယ်တော်တို့ လာခဲ့ခြင်းဖြစ်ပါသည်"ဟု ပြန်လည်လျှောက်ထားလေသည်။

မိထွေးတော် မဟာပဇာပတိဂေါတမီ ထိုသို့ ပြောကြားသော စကားကိုကြားလျှင် အရှင်အာနန္ဒာ

ကလည်း "မယ်တော်...အကျွန်ုပ်သားတော်နောင်တော် ထံသွား၍ နားတော်လျှောက်ပါဦးမည်။ ဤနေရာ၌ပင် ခေတ္တစောင့်ဆိုင်းပါဦးလော"ဟု ပြောဆိုကာ ရှင်တော် မြတ်ဘုရားထံ ချဉ်းကပ်လျှောက်ထားလေသည်။

"နောင်တော် အရှင်မြတ်ဘုရား...မယ်တော်မိဖုရား ဂေါတမီသည် သူ၏ခေါင်းဖွင့်ရှိသော ဆံပင်များကို မိမိသဘောအတိုင်း ပယ်ဖြတ်လျက် ခေါင်းတုံးဖြစ်ကာ သာသနာတော်ဝယ် ရဟန်းပြုလိုသော ဆန္ဒများဖြင့် ဖဝါးမှ သွေးဒီးဒီး ယိုစီးကွဲပြတ်အောင် ကပိလဝတ် ပြည်မှလာ၍ မြူလွှာဖုန်မှုန့်များ လိမ်းကျံသော ကိုယ် ဖြင့် ငိုယိုရှိုက်ငင် မမြင်ဝံ့မျှရှိလျက် ကျောင်းထွက် တံခါး၀၌ နေလာပါသည်။ အရှင်ဘုရား...ညီတော် တောင်းပန်ပါအံ့။ ကိုယ်တော်မြတ်သည် သိအပ်သော သာသနာတော်ဝယ် မာတုဂါမများကို ရဟန်းပြုခြင်းငှာ အခွင့်ပေးတော်မူပါ နောင်တော်ဘုရား..."

ထိုသို့ အရှင်အာနန္ဒာ လျှောက်ထားရာ-

ရှင်တော်မြတ်ဘုရားက "ချစ်သားအာနန္ဒာ...ငါ ဘုရား၏ သာသနာတော်၌ မာတုဂါမများကို ရဟန်း ပြုစေသဖြင့် မသင့်လျော်ချေ။ အကယ်၍ ပြုစေကာမူ ရှည်လျားစွာ မစင်ကြယ်ရာ။ ထို့ကြောင့် မာတုဂါမ တို့၏ ရဟန်းဖြစ်ခြင်းကို သင် အလိုမရှိလင့်"

အရှင်အာနန္ဒာမထေရ်မြတ်လည်း ဤသို့အား ဖြင့် သုံးကြိမ်တိုင်အောင် လျှောက်ထားရာ မြတ်စွာ ဘုရားခွင့်ပြုတော်မမူလေသော် မယ်တော်ဂေါတမီ၏ ဂုဏ်ကျေးဇူးများကို ချီးမွမ်း၍ ခွင့်ရအောင်တောင်း လိုသဖြင့် အောက်ဖော်ပြပါအတိုင်း လျှောက်ထား တောင်းပန်လေ၏။

"ဘုန်းတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံ တော်မူသော နောင်တော်မြတ်စွာဘုရား...အရှင်ဘုရား သည် သီအပ်၊ ရအပ်၊ ဆုံးမအပ်သော သာသနာတော်၌ မာတုဂါမတို့သည် ရဟန်းဖြစ်ခြင်းငှာမထိုက်ပါသလော။ ထိုသူတို့ကိုရဟန်းပြုသဖြင့် မြတ်သောသောတာပတ္တိဖိုလ် ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်တို့ကို လည်းကောင်း မျက်မှောက်ပြုခြင်းငှာ မစွမ်းနိုင်ပါ သလော အကယ်၍ ထိုတရားများကို ရနိုင်ကြသည် ဖြစ်အံ့။ မာတုဂါမများအား ရဟန်းပြုခြင်းငှာ ခွင့်ပေး သင့်ပါ၏ဘုရား...။ ရှင်တော်မြတ်ဘုရား...မယ်တော် ဂေါတမီသည် ကိုယ်တော်မြတ်အား များသောကျေးဇူး ရှိပေ၏။ ငယ်စဉ်ကတည်းက ယုယပိုက်ထွေးထိန်းယ ချီပိုးလျက် မြတ်နိုးစွာပြုခဲ့ပေသည်။ နို့ရည်ကျွေး၍လည်း မွေးမြူခဲ့ရှာပေသည်။ ကိုယ်တော်မြတ်ကို ဝမ်းဖြင့်လွယ်

သောမယ်တော်ရင်းနှင့် ထက်အောက်ဆင်းသော မိထွေးချစ်လည်း ဖြစ်ပါသည်။ မယ်တော်ရင်းထက် တိုးတက်ကဲ၍ ဆင်းရဲအဖုံဖုံ ခံရသူလည်း ဖြစ်ပါသည်။ ထို့ပြင် လောက် သင်ကျေးဇူးရှင်ကို သခင်ဘုရား ခွင့်မသနားက နှောင်သားနောင်လာ လူများစွာတို့ မိဘတို့၏ ဂုဏ်ကျေးဇူးအထူးကို မနှိုင်းဆဘဲရှိကြပါလိမ့်မည်။ထို့ကြောင့် မယ်တော်မြတ်ဂေါတမီကို ရဟန်းပြုခွင့်ပေးသနားတော်မူပါ နောင်တော်ဘုရား...”

ထိုသို့ အရှင်အာနန္ဒာမထေရ် လျှောက်ထားတောင်းပန်သောအခါ ရှင်တော်မြတ်ဘုရားက “ချစ်သားအာနန္ဒာ...ငါ၏မယ်တော်မိဖုရားသည် ရှစ်ပါးသော “ဂရုဓမ္မ”အလေးပြုအပ်သောတရားကို အသက်တည်သမျှ မကျူးလွန်ရအောင် အမြဲစွမ်းနိုင်သည်ဖြစ်အံ့။ ရဟန်းပြုခြင်းငှာ ငါဘုရားခွင့်ပြုပေးတော်မူမည်”ဟု မိန့်တော်မူလိုက်သည်။

ထိုအခါ အရှင်အာနန္ဒာလည်း “အလေးပြုအပ်သော ဂရုဓမ္မ” ရှစ်ပါးကို မြတ်စွာဘုရားထံတော်၌ သင်ကြားနာခံခဲ့ပြီး မယ်တော်ဂေါတမီအထံသို့ လာ၍ ဟောညွှန်ပြတော်မူသည်။

**အလေးပြုအပ်သော “ဂရုဓမ္မရှစ်ပါး” တရားတော်ကား**

၁။ ဝါတော်တစ်ရာရှိသော ဘိက္ခုနီမပင်ဖြစ်စေကာမူ

ယနေ့မှ ရဟန်းဝတ်သော ရဟန်းယောကျ်ားအား ညွတ်တွားရိုသေရခြင်း။

၂။ ရဟန်းယောကျ်ားကင်းသော အရပ်ဒေသ၌ ဝါ မကပ်ရခြင်း။

၃။ ရဟန်းယောကျ်ားတို့အား လခွဲတစ်ကြိမ် နှစ်ပါးသောဓမ္မတို့ကို တောင်းပန်ရခြင်း။

၄။ ဝါကျွတ်သောအခါ ဥဘတောသံဃာ၌ ပဝါရဏာ ပြုရခြင်း။

၅။ ပက္ခမာနတ်ကို နှစ်စဉ်မပြတ် ကျင့်ရခြင်း။

၆။ သိက္ခမာန်အဖြစ်၌ နှစ်နှစ်တိုင်အောင်တည်ပြီးမှ ဥဘတောသံဃာ၌ ဥပသမ္ပဒကံဆောင်ရခြင်း။

၇။ ရဟန်းယောကျ်ားတို့အား ပရိယာယ်စကားမျှဖြင့်လည်း မဆဲရေး မပြည်တမ်းရခြင်း၊

၈။ ရဟန်းယောကျ်ားတို့ ဟောကြားဆုံးမတိုင်း လိုက်နာရခြင်းတို့ ဖြစ်ကြပါသည်။

အရှင်အာနန္ဒာသည် မယ်တော်ဂေါတမီထံသို့ ရောက်သောအခါ ဘုရားရှင်ခွင့်ပြုသော ဂရုဓမ္မရှစ်ပါးကို ဟောဖော်ပြသရန်အလို့ငှာ...

အို... ကျေးဇူးတော်ရှင် မယ်တော်မိဖုရား... ရှစ်ပါးသော ဂရုဓမ္မတို့ကို လုံ့လအားထုတ် မယုတ်မယို

ရအောင် အသက်တည်သမျှ ကျင့်မည်ဟု ဝန်ခံလျှင် သာသနာတော်ဝယ် မယ်တော်တို့ ရဟန်းဖြစ်ရတော့မည်ဟု ဖော်ညွှန်းပြောကြားလေ၏။

ထိုစကားကို ကြားလျှင် မိထွေးတော်ဂေါတမီ မိဖုရားလည်း အလွန်အားရ ဝမ်းသာစွာဖြင့် ဤသို့ တုံ့ပြန်လျှောက်ထား၏။

"ချစ်သားအာနန္ဒာ...ဤရှစ်ဖြာသော "ဂရုဓမ္မ" တို့ကို ရိုသေလေးမြတ်စွာ အထူးဂရုပြုထားလျက် မယ်တော်လည်း ကျင့်ပါအံ့။ အတိုဂ္ဂပါသော သာကီဝင် မင်းသမီးတို့ကိုလည်း ထိုအတူ ကျင့်ဆောင်ကြပါစေ အံ့..."ဟု တုံ့ပြန်လျှောက်ထား၏။

ယင်းသို့ဝန်ခံသော အခြင်းအရာကို မြတ်စွာ ဘုရား ကြားလျှောက်လျှင် မြတ်စွာဘုရားကလည်း "ချစ်သားအာနန္ဒာ...မာတုဂါမတို့သည် ရဟန်းအဖြစ် ကိုရ၍ ဂရုဓမ္မရှစ်ပါးကို ရိုသေလိုက်နာကြသည် ဖြစ်အံ့၊ ငါဘုရား၏သာသနာသည် မာတုဂါမတို့၏ဘောင်၌ အနှစ်တစ်ထောင်ပတ်လုံး တည်ရစ်လတ္တံ့။ ထို့ကြောင့် မာတုဂါမတို့ကို ရဟန်းပြုကြစေ..."ဟု ခွင့်ပြု၍ "ဘိက္ခုနီဥပသမ္ပဒကံ"ကို ပညတ်တော်မူခဲ့၏။

ဘုရားရှင်သည် မာတုဂါမများကို ရဟန်းပြု နိုင်ရန် ဘိက္ခုနီဥပသမ္ပဒကံဖြင့် ခွင့်ပြုတော်မူလိုက်

သည့်အတွက် မိထွေးတော် မဟာပဇာပတိ ဂေါတမီ မိဖုရားကြီးသည် ငါးရာသော သာကီဝင်မင်းသမီးတို့နှင့် တကွ ရဟန်းအဖြစ်ကို ရကြကုန်၏။ မယ်တော် မဟာပဇာပတိ ဂေါတမီလည်း ရဟန်းပြုပြီးလျှင် မြတ်စွာဘုရားထံတော်မှ လျှောက်ပတ်သော၊ သင့်လျော်သော ကမ္မဋ္ဌာန်းကိုသင်လျက် အစဉ်အတိုင်း အားထုတ်သဖြင့် လောကုတ္တရာတရား၏ အထွတ်သို့ရောက်တော်မူ၏။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါတွင် ဤမိထွေးတော် မဟာပဇာပတိ ဂေါတမီအား "ရတ္တညုတေဒဂ်" ပေးတော်မူ၏။ ကြွင်းသော ဘိက္ခုနီမတို့အား "နန္ဒကောဝါဒသုတ်"ကို ဟောတော်မူပြီးသည့် အဆုံး၌ အရဟတ္တဖိုလ် ရောက်ကြကုန်၏။

မဟာပဇာပတိဂေါတမီထေရီမကြီးသည် မြတ်စွာဘုရားသာသနာတော်ဝယ် သကျ်နံးဝတ်အမျိုးသမီးမိန်းမတို့တွင် "အစဆုံး၊ အကြီးဆုံး"ဖြစ်တော်မူကာ နှစ်ပေါင်းများစွာ သက်တော် ၁၂၀ နှစ်အထိ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

ထိုသို့ နှစ်ပေါင်းများစွာ ထမ်းဆောင်နေစဉ် တစ်နေ့သောအခါ၌ ဆိတ်ငြိမ်ရာသို့ကပ်၍ ဤသို့ ကြံတော်မူ၏။

"ငါသည် အသက် ၁၂၀ ရှိပြီး ရင့်ရော်ယိုယွင်း အိုမင်းခြင်းသို့ ရောက်ပြီ။ မကြာမီ ပရိနိဗ္ဗာန်ပြုရတော့မည်။ ငါသည် အသက်အရွယ် အိုမင်းကြီးရင့်ပြီဖြစ်၍ ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုရချေတော့မည်။"

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ကို လည်းကောင်း၊ အဂ္ဂသာဝကကြီးနှစ်ပါး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန်စံတော်မူသည်ကို လည်းကောင်း၊ ငါ၏ သားတော်ရင်း အရှင်နန္ဒထေရ်၊ မြေးတော်ရင်း ရာဟုလာထေရ်၊ တူတော်ဖြစ်သော အရှင်အာနန္ဒာထေရ်တို့ ပရိနိဗ္ဗာန်စံတော်မူကြသည်ကိုလည်းကောင်း ငါမမြင်ရတော့ပြီ။

ငါသည် ယခု ပရိနိဗ္ဗာန်ပြုအံ့သောအကြောင်းကို မြတ်စွာဘုရားအားလည်းကောင်း၊ အဂ္ဂသာဝကြီး နှစ်ပါးတို့အားလည်းကောင်း၊ အရှင်ကောဏ္ဍည၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊

အရှင်မဟာကစ္စည်း၊ အရှင်အာနန္ဒာ၊
အရှင်နန္ဒ၊ အရှင်ရာဟုလာတို့အားလည်း
ကောင်း ပန်ကြားပြီးမှ အာယုသင်္ခါရ
လွှတ်၍ သားတော်ကြီး မြတ်စွာဘုရား
ထံတော်၌ ခွင့်တောင်းပြီး အမတမည့်
ခေါ် ပြည်တော်အောင်ခန်း နိဗ္ဗာန်နန်းသို့
စံမြန်းခိုဝင်တော့အံ့ ...”

မဟာပဇာပတိ ဂေါတမီထေရီမယ်တော်ကြီး
နည်းအတူ ခေမာထေရီမယ်၊ သာကီဝင်မင်းသမီးငါးရာ
ထေရီမယ်တို့သည်လည်း အကြံဖြစ်ကြကုန်၏။ ထို
ခဏ၌ မဟာပထဝီမြေကြီးသည် တဒိန်းဒိန်းတဟိန်း
ဟိန်းမြည်လျက် တုန်လှုပ်လေ၏။ မိုးခြိမ်းခြင်း၊ ပွဲတင်
ဟည်းခြင်း၊ လျှပ်စီးလက်ခြင်း၊ တော်လည်းခြင်း စသည်
တို့သည်လည်း တစ်ပြိုင်နက် အုန်းအုန်းကျွက်ကျွက်
မြည်ဟိန်း၍ သွားလေသည်။

ဘိက္ခုနီကျောင်းတိုက်၌ အမြဲစောင့်ရှောက်၍
နေကြကုန်သော နတ်တို့သည်လည်း မဟာပဇာပတိ
ဂေါတမီထေရီမယ်တော်ကြီးနှင့် ရဟန္တာအမျိုးသမီး
မိန်းမငါးရာထေရီမယ်တို့၏ စိတ်အကြံကို သိကြ၍
သောကပူဆွေး စိုးရိမ်ငိုကြွေး မြည်တမ်းကြကုန်၏။
နတ်သမီး အပေါင်းတို့၏ ငိုကြွေးမြည်တမ်းကြသော

အသံ၊ နတ်စည်ရွှမ်းသံ၊ ပွဲတင်သံ၊ တော်လည်းသံတို့ကို ကြားကြ၍ အတူနေအဖော်ဖြစ်သော ဘိက္ခုနီအပေါင်း တို့သည် မဟာပဇာပတိ ဂေါတမီထေရီမယ်တော်ကြီး၏ ခြေတော်ရင်းသို့ကပ်ကာ မေးလျှောက်ကြလေ၏။

ထိုအခါ မဟာပဇာပတိ ဂေါတမီထေရီမယ်တော် ကြီးသည် အကြောင်းရင်းကို မေးလျှောက်ကြသော ဘိက္ခုနီတို့အား ဤသို့ မိန့်ဆိုတော်မူလေသည်။

"အိုး...အရှင်မတို့...ဂေါတမီမည်သော ငါသည် အိုမင်းရင့်ရော်သော အရွယ်သို့ရောက်၍ အမတခေါ် ပြည်နိဗ္ဗာန်သို့ ပရိနိဗ္ဗာန်ပြုအံ့သောအခါ ရောက်ပေပြီ။ အရှင်မတို့သည် ပရိနိဗ္ဗာန်ပြုခြင်းကို အကယ်၍ အလို ရှိသည်ဖြစ်အံ့။ ရှင်တော်မြတ်ဘုရား အထံတော်၌ အခွင့် ပန်၍ ပရိနိဗ္ဗာန်ပြုကြကုန်အံ့" မဟာပဇာပတိ ဂေါတမီ ထေရီမယ်ကြီးသည် ဘိက္ခုနီကျောင်းတိုက်ကို အမြဲ စောင့်ရှောက်၍ နေကြကုန်သော နတ်သမီးအပေါင်း တို့ကိုလည်း "အိုး...နတ်သမီးအပေါင်းတို့...သင်တို့ သည် ငါ့အား သည်းခံခွင့်ပြုကြပါကုန်လော့။ ဤယခု မြင်ရခြင်းသည်ကား သင်နတ်သမီးတို့ကို နောက်ဆုံး မြင်ရခြင်းပင်ဖြစ်၏"ဟု ဆိုမိန့်တော်မူ၏။

ဤသို့ မဟာပဇာပတိ ဂေါတမီထေရီမယ်တော် ကြီးပြောဆိုပန်ကြားသံကို ကြားရသော ဘိက္ခုနီတို့တွင်

ရာဂမကင်းသေးသော ဘိက္ခုနီတို့သည် စိတ်ကို မထိန်းနိုင်ကြဘဲ တစ်ပြိုင်နက်တည်း ငိုကြွေးကြကုန်၏။

"တပည့်တော်မတို့သည် ဘုန်းကံနည်းလေစွတကား…။ မိထွေးတော်ဂေါတမီ ထေရီမယ်တော်ကြီးနှင့်တကွ ရဟန္တာအရှင်မ ငါးရာတို့သည် ပရိနိဗ္ဗာန်ပြုသွားတော်မူသည်ရှိသော် ဤကျွန်တော်မတို့နေသော ဘိက္ခုနီကျောင်းတိုက်ကြီးသည် တိတ်ဆိတ်၍သွားပါတော့မည်တကား…နံနက်လင်း၍ နေမင်းထွက်ပေါ်လာသောအခါ နက္ခတ်တာရာ ကြယ်တကာအပေါင်းတို့ကို မမြင်ရကုန်သကဲ့သို့ မြတ်စွာဘုရား၏ သမီးတော်ဖြစ်ကြကုန်သော ဤရဟန္တာမငါးရာတို့ကို မြင်ရတော့မည်မဟုတ်ပါတကား…" ရာဂမကင်းသော ဘိက္ခုနီများနည်းတူ ဥပါသိကာမိန်းမတို့သည်လည်း ကျောင်းတိုက်မှထွက်လာသော ဂေါတမီထေရီမယ်တော်ကြီး၏ ခြေတော်ရင်း၌ ဝပ်စင်းဦးတိုက် ငိုကြွေးကုန်၏။

ဘုရားရှင်မယ်တော်ဖြစ်သော မိထွေးတော် မဟာပဇာပတိ ဂေါတမီရဟန္တာ အရှင်မကြီးသည် ရဟန္တာထေရီမယ် ငါးရာတို့နှင့် အလုံးစုံနိဗ္ဗာန်သို့ စံဝင်တော်မူကြလျှင် ဤနေ့မှနောက်ကို အကျွန်ုပ်တို့ မြင်ရတော့မည် မဟုတ်ပါတကား…မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့မှ ရေတို့သည် မဟာသမုဒ္ဒရာသို့

စီးဆင်းဝင်၍ သွားသကဲ့သို့ မိထွေးတော်အရှင်မြတ်ကြီး နှင့် ရဟန္တာထေရီမယ် ငါးရာတို့သည် နိဗ္ဗာန်ပြည်ကြီး သို့ ဝင်ရောက်၍ သွားသောအခါ တပည့်တော်မတို့ မြင်ရတော့မည် မဟုတ်ပါတကား…ဤကဲ့သို့ အကြိမ် ကြိမ် ပြောဆိုမြည်တမ်း ငိုကြွေးကြလျက် သိက္ခမာန တို့သည်လည်းကောင်း သာမဏေထေရီမယ်တို့သည် လည်းကောင်း၊ ဘိက္ခုနီမတို့သည်လည်းကောင်း ဘုရား ရှင်၏ မိထွေးတော်ဂေါတမီကို ရှိခိုးကာ မျက်ရည် စက်လက်ဖြင့် ငိုကြွေးလိုက်ပါကြကုန်၏။ ဉပသိကာ ဒါယိကာမကြီးငယ် အပေါင်းတို့သည်လည်း မျက်ရည် စက်လက်ဖြင့် လက်အုပ်ချီကာ ငိုကြွေးလိုက်ပါလာ ကြရင်း “မယ်တော်အရှင်မကြီးဘုရား…ပရိနိဗ္ဗာန်ပြုဖို့ မတော်သေးပါ။ တပည့်တော်မတို့၏ ကိုးကွယ်ရာ၊ ပူဇော်ရာအဖြစ် နေတော်မူပါဦး မယ်တော်ကြီးဘုရား …”ဟု ပြောဆိုငိုကြွေးကြကုန်၏။

ထိုအခါ ရဟန္တာအရှင်မဖြစ်သော မဟာပဇာပတိ ဂေါတမီသည် သောကပူဆွေး ငိုကြွေးခြင်းမှ သက် သာရာရကြစေရန် ချိုသာအေးမြသောအသံဖြင့် ဤသို့ ဆုံးမတော်မူလေသည်။

အို…ချစ်သမီးအပေါင်းတို့

ချစ်သမီးတို့သည် ယခုအခါ သောကပူဆွေး

ငိုကြွေးခြင်းငှာ မသင့်လျော်၊ ငိုကြွေးခြင်းကို မပြုလုပ်ကြကုန်လင့်၊ ယခုအခါ ချစ်သမီးတို့ ဝမ်းသာအားရမည့် အခါပင် ဖြစ်၏။ ငါသည် ဒုက္ခဖြစ်ကြောင်းတို့ကို အကုန်အစင် ပယ်စွန့်သွား၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုသွား၏။ လေးလှစွာသော ခန္ဓာဝန်ကိုယ်ကြီးကို ဆောင်ရွက်နေရာမှ ဆင်းရဲစွာသော ခန္ဓာကိုယ်ကြီးကို ပယ်ချစွန့်ခွာ ချမ်းသာရာသို့ ငါသွားတော့ပါအံ့။ ထို့ကြောင့် ချစ်သမီးတို့သည် ဝမ်းသာရမည့်အခါပင် ဖြစ်၏။ စိုးရိမ်ပူဆွေးရမည့် အခါမဟုတ်ချေ ချစ်သမီးတို့...။

ချစ်လှစွာသောသမီးတို့

မြတ်စွာဘုရားသည်လည်း ထင်ရှားစွာ တည်ရှိတော်မူဆဲဖြစ်၏။ ဘုရားရှင်ဟောကြားတော်မူသော တရားတော်တို့သည်လည်း ထင်ရှားစွာ တည်ရှိကြ၏။ မြတ်စွာဘုရားရှိဆဲအခါ၌ ငါသည် ပရိနိဗ္ဗာန်ပြုရအံ့သောအခါပင် ဖြစ်၏။ ဘုရားရှင်သားတော်ဖြစ်ကြကုန်သော အရှင်ကောဏ္ဍည၊အရှင်နန္ဒ၊အရှင်မဟာကဿပ၊ အရှင်ရာဟုလာ၊ အရှင်အာနန္ဒာ စသည်တို့သည်လည်း ရှိကြကုန်သေး၏။ ရဟန်းသံဃာအပေါင်းသည်လည်း ချမ်းသာစွာ ရှိကြကုန်၏။ ချစ်သမီးတို့...စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မပြုကြပါကုန်လင့်။ ငါသည် ကမ္ဘာ

တစ်သိန်း ကာလကြာအောင် တောင့်တလိုလားအပ်သော ပါရမီဆုတောင်းသည် ယနေ့ဤပြည့်စုံတော့အံ့။

အို...ချစ်သမီးအပေါင်းတို့

ချစ်သမီးတို့သည် မယ်တော်ကို ချစ်ခင်ပါလျှင် မယ်တော်၏ကျေးဇူးကို သိကြပါလျှင် ချစ်သမီးတို့သည် တရားကို အားထုတ်ကြကုန်လော့။ သမီးတို့...အမျိုးသမီးများ ရဟန်းအဖြစ်ကိုရအောင် အားထုတ်ကြကုန်လော့။ သမီးတို့...အမျိုးသမီးများ ရဟန်းအဖြစ်ကိုရအောင် မယ်တော်သည် မြတ်စွာဘုရားထံ တောင်းပန်ခဲ့ပါ၏။ မယ်တော်သည် ရဟန်းအဖြစ်ကို နှစ်သက်သကဲ့သို့ ချစ်သမီးများလည်း ရဟန်းအဖြစ်ကို နှစ်သက်စွာ နေလင့်ကြကုန်လော့"

မိထွေးတော် မဟာပဇာပတိ ဂေါတမီ ရဟန္တာမယ်တော်ကြီးသည် အားလုံးသော ချစ်သမီးများအားဆုံးမဩဝါဒပေးပြီးနောက် ငါးရာသော ရဟန်းမိန်းမအပေါင်းခြံရံလျက် မြတ်စွာဘုရားထံတော်သို့ ရှိသေစွာဆည်းကပ်ပူဇော်၍ ဤသို့လျှောက်ကြား၏။

"မာယာရင်နှစ် သားချစ်မြတ်ဖျား အရှင်ဘုရား... တပည့်တော်မ ဂေါတမီသည် အရှင်ဘုရား၏ လောကီအမိ ဖြစ်ပါသည်။ အရှင်မြတ်ဘုရားသည် တပည့်တော်မဂေါတမီ၏ လောကုတ္တရာအဖ ဖြစ်ပါသည်။ အရှင်

ဘုရား၏ ရူပကာယကို တပည့်တော်မ ကြီးပွားအောင် မွေးမြူခဲ့ပါ၏။ တပည့်တော်မ၏ ဓမ္မကာယကို အရှင်ဘုရား ကြီးပွားအောင် မွေးမြူတော်မူပါ၏။ တပည့်တော်မ ဂေါတမီသည် အရှင်ဘုရား၏ လောကုတ္တရာ သမီးတော်ကြီး ဖြစ်ပါသည်။ အရှင်မြတ်ဘုရားကို တပည့်တော်မသည် အာဟာရအစာ နို့ချိုရည်ကို တိုက်ကျွေးပါ၏။ တပည့်တော်မဂေါတမီကို အရှင်ဘုရား အေးမြစွာသော တရားနို့ရည်ချိုကို တိုက်ကျွေးမူပါ၏။ ဘဝသံသရာ သမုဒ္ဒရာ ဝဲသြဃထဲ၌ နစ်မြုပ်၍နေသော တပည့်တော်မဂေါတမီကို သံသရာဝဲ ပင်လယ်ထဲမှ ထုတ်ဆွဲကယ်တင်တော်မူပါပေသည်"

"မိန်းမတို့သည် စကြာမင်းမယ်တော် ဟူသော အမည်ကိုလည်းကောင်း၊ ကေရာဇ်မင်းမြတ်၏ မယ်တော် ဟူသော အမည်ကိုလည်းကောင်း ရလွယ်ကြပါကုန်၏။ ဘုရားမယ်တော်ဟူသော အမည်ကိုမူကား...အလွန်ရခဲ လှပါ၏ဘုရား။ တပည့်တော်မ ဂေါတမီသည် ဘုရား မယ်တော်ဟူသော အမည်ကို ရပါပြီဘုရား။ ဘုရား မယ်တော်ဟူသော အမည်ထူးကိုရအောင် ဆုတောင်း ပတ္ထနာပြု၍ ကမ္ဘာတစ်သိန်းပါရမီ ဖြည့်ရပါသည်။ ထိုဆုတောင်းခြင်းသည် ယခု ပြည့်စုံပါပြီ။ ဤခန္ဓာ ကိုယ်ကိုစွန့်ပယ်၍ ပရိနိဗ္ဗာန်ပြုခြင်းကို အလိုရှိပါပြီ။

တပည့်တော်ဂေါတမီအား ခွင့်ပြုတော်မူပါဘုရား... သားချစ်၏ စက်လက္ခဏာ ချွန်တောင် တံခွန်တို့ဖြင့် ရောပြွမ်းသော ခြေတော်မြတ်အစုံကို ဆန့်တန်းတော်မူပါ အရှင်ဘုရား။ သားတော်အရှင်မြတ်၏ ခြေတော်အစုံကို ဦးတိုက်ရှိခိုးခြင်းကို ပြုပါအံ့။ ရွှေတုံးရွှေခဲနှင့်တူသော အရှင်မြတ်ဘုရား၏ ကိုယ်တော်မြတ်ကိုဖူးပြီး၍ တပည့်တော်မ ဂေါတမီ ပရိနိဗ္ဗာန်ပြုပါအံ့ သားတော်မြတ်ဘုရား..."

ဤသို့ မိထွေးတော် ဂေါတမီထေရီမယ်လျှောက်ကြားသောအခါ မြတ်စွာဘုရားသည် ၃၂ ပါးသော လက္ခဏာတော်တို့ဖြင့် ကောင်းမွန်စင်ကြယ် တင့်တယ်တော်မူသော ခြေတော်ကို မိထွေးတော်ဂေါတမီ ဖူးမြင်ရစေရန် ဆန့်တန်းပြတော်မူ၏။ ထိုအခါ ဂေါတမီထေရီသည် ပွင့်သစ်စဖြစ်သော ကြာပဒုမ္မာ၊ တက်သစ်ဖြစ်သော နေလုလင်နှင့်တူသော စက်လက္ခဏာတော်တို့ဖြင့် တင့်တယ်သော ခြေတော်အစုံကို ဦးတိုက်၍ ရှိခိုးခြင်းပြု၏။

ရှိခိုးပြီးသောအခါ ဤသို့လျှောက်ကြားပြန်၏။ "နေမျိုးနွယ်ဖြစ်တော်မူသော မြတ်စွာဘုရား... အရှင်ဘုရားအား တပည့်တော်မဂေါတမီ၏ နောက်ဆုံးရှိခိုးခြင်းဖြစ်ပါသည်။ တပည့်တော်ဂေါတမီသည် ဤမှ

နောက်ကို တစ်ဖန် သားတော်မြတ် အရှင်ဘုရားအား မဖူးရတော့ပါဘုရား...”

မိထွေးတော် ဂေါတမီထေရီမယ်တော်ကြီးသည် ဘဝသံသရာမှစ၍ ယခုဘဝတိုင်အောင် အပြစ်အနာ အဆာများ ရှိခဲ့ပါလျှင် သည်းခံခွင့်လွှတ်တော်မူရန် အမျိုးမျိုးလျှောက်ကြား တောင်းပန်လေတော့သည်။

ထို့နောက် မြတ်စွာဘုရားသည် မယ်တော် ဂေါတမီထေရီမယ်တော်ကြီးအား ဤသို့မိန့်တော်မူ၏။ “မယ်တော်ကြီး ဂေါတမီ...မိန်းမတို့၏ တရားအထူးကို သိမြင်ခြင်း၌ သူမိုက်တို့သည် မသိဝိုးဝါး ယုံမှားရှိကြ၏။ ထိုသူမိုက်တို့၏ အယူမှားကိုပယ်ခြင်းငှာ တန်ခိုးကို ပြဦးလော့...”ဟု မိန့်တော်မူ၏။

ထိုအခါ မယ်တော်ဂေါတမီ ထေရီမယ်တော်ကြီး သည် မြတ်စွာဘုရား၏ခြေတော်ကို ဦးတိုက်ရှိခိုး၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် များစွာသော တန်ခိုး တို့ကို ပြလေ၏။ ပြပုံမှာ...တစ်ပါးတည်းကို အများ ဖြစ်အောင် ဖန်ဆင်း၍ပြခြင်း၊ အများကိုလည်း တစ်ပါး တည်း ဖြစ်အောင်ပြခြင်း၊ မြေကြီးအတွင်းသို့ ငုပ်၍ ပြခြင်း၊ ရေပေါ်၌ စင်္ကြံလျှောက်ခြင်းကိုပြခြင်း၊ ကောင်း ကင်၌ ထက်ဝယ်ပလ္လင်ဖြင့် ထိုင်နေလျက် ငှက်များ

ကောင်းကင်၌ ပျံဝဲသွားနေသကဲ့သို့ ပျံဝဲခြင်းစသည်တို့ဖြစ်၏။ ထိုမှတစ်ဖန် ဂေါတမီထေရီမယ်တော်ကြီးသည် ဗြဟ္မာ့ပြည်တိုင်အောင် ဤကိုယ်ဖြင့် တက်သွားသည်ကို လူအများမြင်အောင် ပြတော်မူ၏။ မြင်းမိုရ်တောင်ကြီးကို ထီးရိုးပြု၍ ပထဝီမြေကြီးကို ထီးရွက်ပြုကာ ထက်အောက်ပြောင်းပြန်လှန်လျက် ထီးကဲ့သို့မိုးဆောင်းပြီး ကောင်းကင်၌ စကြံကြွ၍ ပြတော်မူ၏။ ကောင်းကင်၌ စကြမင်းကြီးသည် စကြာရတနာရထားကိုစီး၍ စစ်သည်ဗိုလ်ပါ ပရိသတ်အပေါင်းနှင့်တကွ သွားလာပုံကိုလည်း ဖန်ဆင်း၍ပြတော်မူ၏။ ထို့မှတစ်ပါး ဂဠုန်ယောင်၊ နဂါးယောင်၊ ခြင်္သေ့ယောင်၊ နွားယောင်၊ ဆင်ယောင်၊ မြင်းယောင် စသည်ဖြင့် အမျိုးမျိုးဖန်ဆင်း၍ ပြတော်မူ၏။ အလွန်များစွာသော ရဟန်း၊ မိန်းမပရိသတ်ကြီး ကောင်းကင်၌ ချာန်ကြွနေပုံကိုလည်း ဖန်ဆင်း၍ ပြတော်မူပြီးသည့်နောက် မြတ်စွာဘုရားကို ရှိခိုးလျက် ကောင်းကင်မှပင် ဤသို့ လျှောက်ထား၏။

ကြီးသော လုံ့လဝီရိယ ရှိတော်မူသော မြတ်စွာဘုရား... အရှင်ဘုရား ဆုံးမတော်မူသည့်အတိုင်း ပြုကျင့်တတ်သော သားတော်မြတ် အရှင်ဘုရား၏ မိထွေးတော်ဂေါတမီပါတည်း။ မိမိအလိုရှိရာ အကျိုး

ပြီးစီးခြင်းသို့ အစဉ်ရောက်ပြီး အရှင်ဘုရား၏ ခြေတော်အစုံကို ရှိခိုးပါ၏။

ထို့နောက် ဂေါတမီထေရီ အရှင်မကြီးသည် လောကဝိဝရဏအလုံးစုံသော စကြဝဠာတစ်သောင်းကို လင်းစေနိုင်သော တန်ခိုးတော်ဓိဋ္ဌာန်၍ လူတို့ကို ငရဲဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့မှ မြင်ရလေအောင် ပြတော်မူ၏။ ငရဲသူ၊ ငရဲသား၊ ငရဲထိန်း၊ ငရဲမီးလျှံတို့ကို လူတို့မြင်ရအောင် ပြတော်မူ၏။ ငရဲသူ၊ ငရဲသားတို့က နတ်၊ ဗြဟ္မာတို့ကို မြင်ရအောင် ပြတော်မူ၏။ ရဟန်းသံဃာတော်တို့ကို ငရဲသူ၊ ငရဲသားတို့ မြင်ရအောင် တန်ခိုးတော်ဖြင့် ပြတော်မူ၏။ လောကဝိဝရဏ တန်ခိုးတော်ကို ပြသောအခါ ထက်၊ အောက် စကြဝဠာ ဖီလာထုတ်ချင်း အလင်းကို ပြုသောကြောင့် အဝီစိငရဲမှ စ၍ အလုံးစုံသော ငရဲကြီး၊ ငရဲငယ် စသည်တို့သည်လည်းကောင်း၊ စကြဝဠာတစ်သောင်း၌နေသူ လူအမျိုးမျိုး၊ နတ်ဗြဟ္မာ အထွေထွေတို့သည်လည်းကောင်း အချင်းချင်းမြင်ကြကုန်၏။

ထိုမှတစ်ပါး မယ်တော်ဖြစ်သော မိထွေးတော် ဂေါတမီ ထေရီမယ်တော်ကြီးသည် အထူးထူးသော တန်ခိုးဣဒ္ဓိပါဒ်တို့ကို ပြတော်မူသေး၏။ ထိုအခါ အရှင်မကြီး၏ တန်ခိုးတော်တို့ကို ကြည့်ရှုဖူးမြင်ကြ

ရသော လူထုပရိသတ်ကြီးသည် လက်အုပ်ချီလျက် လျှောက်ထားကြ၏။

"မြတ်ဘုရား၏ မယ်တော်ဖြစ်သော အရှင်မကြီး ဘုရား...ဤကဲ့သို့ အတုမရှိသော တန်ခိုးတို့ကို ပြနိုင်ရန် အဘယ်ကာလမှစ၍ အဘယ်ကဲ့သို့သော ပါရမီများကို ဖြည့်ကျင့်ဆည်းပူးခဲ့ပါသနည်း။ တပည့်တော်၊ တပည့်တော်မတို့အား မှတ်သားနည်းယူဖွယ်ဖြစ်သော အပဒါန်တရားကို ဟောကြားတော်မူပါ"

ထိုအခါ ဂေါတမီထေရီမယ်တော်ကြီးသည် ရဟန်းမိန်းမ ပရိသတ်တို့၏အလယ်၌ တင့်တယ်ထိုင်နေလျက် ရှေးဘဝ အဆက်ဆက်တို့၌ ပြုကျင့်ဆည်းပူးခဲ့သော ပါရမီ အပဒါန်တရားတော်တို့ကို ဟောကြားတော်မူလေ၏။ ဤသို့လျှင် ဂေါတမီထေရီမယ်တော်ကြီးသည် ရှေးဘဝအကြောင်းကို ပြန်ပြောင်း ဟောပြတော်မူပြီးနောက် မြတ်စွာဘုရား၏ခြေတော်ကို ဦးခိုက်ရှိခိုးပြီးလျှင် ကောင်းကင်သို့တက်ပြီး နက္ခတ်တာရာများကဲ့သို့ မီးကောင်းကင်အပြည့် အထူးထူးအပြားပြားများစွာသော တန်ခိုးကို ပြတော်မူ၏။

လာရောက်ဖူးမြော်ကြည်ညိုသော ပရိသတ်ကြီးသည် ဝမ်းသာဝမ်းနည်းစွာ ဖြစ်ကြလေ၏။ ထိုသူအပေါင်းတို့အား မယ်တော်ဂေါတမီထေရီမယ်ကြီး

သည့် အေးချမ်းစွာ အပူသောကများ မဖြစ်ကြရန် အေးမြသော တရားတော် ဟောကြားတော်မူပြီးနောက် မယ်တော်ကြီးဂေါတမီသည် အားလုံးသော ဥပါသကာ– ဥပါသိကာတို့ကို စွန့်၍ ပထမဈာန်ဝင်စားတော်မူ၏။ ထိုမှ ဒုတိယဈာန်၊ တတိယဈာန်၊ အာကာသဈာန်၊ ဝိညာဏဈာန်၊ အာကိဉ္စဈာန်၊ နေဝသညာဈာန်တို့ကို အစဉ်အတိုင်း ဝင်စားတော်မူ၏။ နေဝသညာဈာန်မှ နောက်ပြန်ဆုတ်လျက် အာကိဉ္စညဈာန်၊ ဝိညာဏဈာန်၊ အာကာသဈာန်၊ စတုတ္ထဈာန်၊ တတိယဈာန်၊ ဒုတိယ ဈာန်၊ ပထမဈာန်တို့ကို ဝင်စားတော်မူပြန်၏။

ထိုပထမဈာန်မှ တစ်ဖန် ဒုတိယဈာန်၊ တတိယ ဈာန်၊ စတုတ္ထဈာန်ကို ဝင်စားတော်မူကာ ထိုစတုတ္ထ ဈာန်မှ ထ၍ စုတိစိတ်ကျလျက် အသံတစာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဆီမီးတောက်သည် ငြိမ်း ပျောက်သွားလေ၏။ ထိုအခါ ကြီးစွာသောလျှင်သည် တုန်လှုပ်၏။ ကောင်းကင်မှ လျှပ်စစ်နွယ်တို့သည် ထိန်ထိန်လင်းဖြာလျက် ရှိ၏။ မြင်းမိုရ်တောင်မင်းသည် တောင်မြောက် ယိမ်းနွဲ့ယိုင်လှည့် ရှေ့နောက် ယောက် ယက်ခတ်မျှ တုန်လှုပ်လေ၏။ သမုဒ္ဒရာသည်လည်း ငိုကြွေးသကဲ့သို့ ကြီးစွာသော အသံကြီးဖြင့် မြည်ဟည်း လေ၏။ နဂါး၊ ဂဠုန်၊ ကုမ္ဘာဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ၊ အသူရာ

နှင့် ရာဂမကင်းသော နတ်တို့သည် ငိုကြွေးကြကုန်၏။ ဗြဟ္မာတို့မူ ထိတ်လန့်ကြကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် ထိုပရိနိဗ္ဗာန်စံဝင်တော်မူသော မိထွေးတော်ဂေါတမီအကြောင်းကို အနည်းငယ်မိန့်တော်မူ၍ မိထွေးတော်ဂေါတမီသည် ကြီးသောပညာရှိ၏။ ခိုင်ခံ့ထူထဲသောပညာရှိ၏။ တန်ခိုးအရာ၌လည်း လွန်စွာထက်သန်လျင်မြန်၏။ ဘိက္ခုနီရဟန်း မိန်းမအပေါင်းတို့တွင် အကြီးဆုံးဟု မှတ်ကြကုန်၏။ ဒိဗ္ဗသောတအဘိညာဉ်၊ စေတော ပရိယအဘိညာဉ်၊ ပုဗ္ဗေနိဝါသအဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်တို့၌လည်း လျင်မြန်ထက်မြက်၏။ အလုံးစုံသော အာသဝေါတရားတို့သည် ကင်းပလွတ်ငြိမ်း စင်ကြယ်၏။ နောက်တစ်ဖန် ဖြစ်ခြင်းမရှိ။

ချစ်သားအပေါင်းတို့... သင်ချစ်သားတို့သည်လည်း ကိုယ့်ကိုယ်သာလျှင် မှီရာကျွန်းသဖွယ်ဖြစ်၍၊ သတိပဋ္ဌာန်းတရားလျှင် အာရုံရှိကုန်သည်ဖြစ်၍ ဗောဓိပက္ခိယ ခုနစ်ပါးတရားတို့ကို ပွားစေကုန်၍ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဆင်းရဲခြင်း၏အဆုံးကို ပြုကြလေကုန်။ ။

■

## "အဂ္ဂဗျာယိနီတေခင်" ရ ဇနပဒကလျာဏီအမည်ရှိ ရူပနန္ဒာထေရီမယ်

ဇနပဒကလျာဏီခေါ် ရူပနန္ဒာအမျိုးသမီးသည် မိထွေးတော်ဂေါတမီမှ မွေးဖွားသော သမီးတော်ကလေး ဖြစ်သည်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားထက် သုံးနှစ်ကြီးသည်။ ဇနပဒကလျာဏီခေါ် ရူပနန္ဒာမင်းသမီးသည် မောင်တော်နန္ဒမင်းသားထက် ငါးရက်ကြီးသည်။ မင်းသမီးသည် အစဉ်အတိုင်း ကြီးပြင်းလာ၍ အရွယ်သို့ရောက်လာသောအခါ ငါးဖြာသော ကောင်းခြင်းနှင့် ပြည့်စုံရကား ယသောဓရာမင်းသမီးမှ တစ်ပါး မိန်းမတို့သည် မမျှမယှဉ်နိုင်ဘဲ လွန်ကဲသော အဆင်းအသရေရှိသည်ဖြစ်၍ "ဇနပဒကလျာဏီ"

အမည်ဖြင့် သမုတ်လျက် ကြီးစွာသောနန်းပြာသာဒ်၌ လျှောက်ပတ်တင့်တယ် အရွယ်တူသမျှသော မိန်းမ အပေါင်းခြံရံလျက် နတ်သမီးကဲ့သို့ ကြီးမြတ်သော လူ့စည်းစိမ်ကို ခံစားခဲ့သည်။

ဇနပဒကကလျာဏီခေါ် ရူပနန္ဒာမင်းသမီးသည် နန္ဒမင်းသားနှင့် စုလျားရစ်ပတ် လက်ထပ်ခြင်းမဖြစ်ဘဲ ရှေ့နောက်အံထွေထွေ စဉ်းစားလျက်နေရှာသည်။ ခမည်းတော်လည်း အရဟတ္တဖိုလ်သို့ရောက်၍ နိဗ္ဗာန်သို့ စံယူတော်မူသွားပြီ။ မယ်တော်လည်း ရဟန်းပြုသွားပြီ။ စကြာမင်း ဖြစ်လိမ့်မည် အဟောထွက်ထားသည့် တူတော်ရာဟုလာလည်း နန်းစံဖို့ အာရုံမရှိ။ ချစ်ပါတယ်ဆိုသည့် မောင်တော်နန္ဒပဲလည်း ငါ့ကို မေ့သွားပြီစသည့်အတွေးတွေဝင်လာပြီးနောက် မယ်တော်ဘုရားလည်း ရာဇဂြိုဟ်ပြည် ကြွသွားပြီးကတည်းက မဖူးရတာကြာပြီ။ ကျန်းခန့်သာလို့ မာပါစ။

သို့ဖြင့် ရာဇဂြိုဟ်ပြည်သို့ ခရီးထွက်မည့် အကြောင်း မောင်းမရံရွေများအား အမိန့်ပေးလိုက်လေသည်။ မှူးမတ်သေနာပတိများသည် ရူပနန္ဒာမင်းသမီး အတွက် အခြံအရံတပ်များ၊ ရထားများကို စီစဉ်ကာ ရာဇဂြိုဟ်ပြည်သို့ ထွက်လာကြလေ၏။ ရူပနန္ဒာ မင်းသမီးသည် စင်စစ်အားဖြင့် မယ်တော်ကိုဖူးရန်၊

တူတော်၊ မောင်တော်တို့ကို မြင်တွေ့ရန် ဆန္ဒမှတစ်ပါး အခြားစိတ်ကူးမရှိသည့်အတွက် အခြံအရံ စစ်သည်များကို ပြန်မလွှတ်သေးဘဲ သင့်လျော်ရာတွင်သာ တပ်ချစောင့်ဆိုင်းနေစေသည်။

ထိုသို့နေစဉ်တွင် ဂေါတမီထေရီမယ်ကြီးသည် သမီးတော်၏ အခြေအနေအရှုပ်ရပ်ကို သိရှိပြီးလျှင် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူပြီးသည့်အတွက် သမီးတော်၏ လောကီအာရုံများကို အပြစ်ဟု မြင်တော်မူ၏။ ထို့ကြောင့် သမီးတော်ရူပနန္ဒာကို အပါးသို့ခေါ်လိုက်၏။

"သမီးတော် ဘာတွေစိတ်ကူးပြီး ဘာလုပ်မယ်လို့ စိတ်ကူးရသလဲ"

"ဘာစိတ်ကူးမှ မရှိသေးပါဘူး မယ်မယ်ကြီး။ ဘာများမိန့်တော်မူချင်လို့ပါလဲ ဘုရား..."

"ချစ်သမီး...

သမီးတော်ဟာ သမီးတော်ရဲ့ မောင်ဘုရားလိုပဲ အဆင်းရူပကာဟာ အင်မတန်လှပေတယ်။ ဒါပေမဲ့ သမီးတော်...အဆင်းလှတာဟာ အနာရောဂါ မကျရောက်ခင်ဘဲ တည်တံ့ပေတယ်။ သမီးတော် ကြင်ဖော်ကြင်ဖက် မင်းနန္ဒာကိုလည်း မျှော်လင့်စရာမရှိတော့တဲ့ဘဝမှာ ဘာရည်ရွယ်ချက်နဲ့ အခုလိုနေဦးမလဲ"

မိထွေးတော်ဂေါတမီထေရီမကြီးသည် ရူပနန္ဒာ သမီးတော်၏ လက်ရှိအခြေအနေကို ထောက်ပြလိုက်ရာ ရူပနန္ဒာမင်းသမီးမှာ ငေးမောတွေဝေနေရှာ၏။

"စဉ်းစားကြည့်စမ်း သမီးတော်... အရွယ်နဲ့ ကောင်းခြင်းဟာ အိုမင်းရင့်ရော်ခြင်းမှာ ပြီးဆုံးပျောက် ကွယ်ရတယ်။ တင့်တယ်လှပတဲ့ အဆင်းပြင်လျာဟာ လည်း အနာရောဂါဖြစ်ပွားတဲ့အချိန်မှာ ပျောက်ကွယ် ဆုံးရှုံးရတာပဲ။ သွား၊ လာ၊ စားသောက်၊ နေထိုင်တယ် ဆိုတဲ့ အသက်ရှင်ခြင်း ဆိုတာလည်း သေခြင်းတရား ရောက်မလာခင်အထိဘဲ တည်တံ့နိုင်တယ် မဟုတ်ပါ လား သမီးတော်..."

ရူပနန္ဒာ မင်းသမီးကလေးသည် တည်ကြည် ငြိမ်သက်စွာ ပြောဆိုနေသော မယ်တော်ထေရီမကြီး အား ခေါင်းမော့၍ကြည့်နေသည်။ ထေရီမကြီးသည် ဆက်လက်၍ သာယာအေးချမ်းစွာ မိန့်တော်မူပြန်၏။

"သမီးတော်ထက် အဆမတန်လှပသည့် သိဒ္ဓတ္ထ မင်းသားဟာ ပြောမဆုံးနိုင်သည့် ကာမဂုဏ် ချမ်းသာ တွေကို ပိုင်ဆိုင်ခံစားရတဲ့အပြင် လေးကျွန်းလုံးကို အစိုးရသော စကြာမင်းဖြစ်ဖို့ ရက်ပိုင်းပဲလိုတော့တယ်။ အဲဒီလို ကြီးကျယ်သည့် စည်းစိမ်ချမ်းသာရှင်ကြီးတောင် အဲဒီစည်းစိမ်တွေကို စွန့်ပစ်ပြီး ရဟန်းပြုခဲ့သေးရင် သူ့

လက်အောက်ခံအဆင့်မှာပဲရှိတဲ့ သမီးတော်ကကော ဘာဖြစ်လို့ ရဟန်းမပြုနိုင်ရမှာလဲ။ အညစ်အကြေးတွေ စုဝေးနေတဲ့ ကိုယ်ကာယကို နံ့သာလိမ်းကျံ ပန်းပန်ပြီး အဝတ်လှလှကလေးတွေ ဝတ်ပေးနေလို့ ဘာများ အကျိုးရှိမှာလဲ သမီးတော်...။ အိုရတဲ့ ဆင်းရဲဘေး၊ သေရတဲ့ ဆင်းရဲဘေးနဲ့ မုချတွေ့ကြုံခံစားရမှာပဲ။ အေး... အဲဒီဟာတွေနဲ့ လွတ်ကင်းတဲ့နေရာကတော့ နိဗ္ဗာန်ချမ်းသာပဲ။ ဒီချမ်းသာကို လိုချင်ရင်တော့ မယ်တော်လိုပဲ ရဟန်းပြုမှဖြစ်မယ် သမီးတော်..."

ရူပနန္ဒာမင်းသမီးသည် မယ်တော်ကြီးမိန့်ကြားသော စကားတို့ကို အတော်ကြာအောင် စဉ်းစားနေသေးသည်။ အထပ်ထပ်အပြန်ပြန် စဉ်းစားလေလေ၊ မယ်တော်ကြီး မိန့်ကြားချက်များကား မှန်ကန်လေလေ ဖြစ်နေသည်ကို သိမြင်ရသဖြင့် နောက်ဆုံးတွင် မိခင် မယ်တော်ဂေါတမီ ထေရီမယ်ကြီးအထံတွင် ရဟန်း ပြုလိုက်လေ၏။ လောကီအာရုံ ကာမဂုဏ်တို့၏ အကြောင်းကြောင့် သံသရာဝဋ်ဆင်းရဲ၌ ထပ်ပြန် တလဲလဲ အိုရ၊ နာရ၊ သေရမည့် ဆင်းရဲကို မြင်သဖြင့် ရူပနန္ဒာ ရဟန်းပြုခဲ့၏။ ဝတ်ကြောင်ကိုစွန့်ခွာ၍ ရဟန်း ပြုခဲ့သော်လည်း အဆင်းလှပခြင်းကို မြတ်စွာဘုရား အပြစ်ပြောသည်ဟု တစ်ဆင့်စကား ကြားရသည့်

အတွက် မြတ်စွာဘုရားကို ဝေးဝေးကရှောင်၍နေခဲ့သည်။

ရူပနန္ဒာမှာ အလွန်တောက်ပ ကြည်လင်သော အသားအရေရှိကာ အဆင်းပြင်လျာ ကောင်းခြင်းငါးဖြာဖြင့် ပြည့်စုံသည်။ ဘဒ္ဒကစ္စာနာပသောမရောက လွဲလျှင် မည်သည့်မိန်းမမျှ မယှဉ်နိုင်အောင် အလွန်အကြူးလှပသူ ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရား၏ ရှေ့တော်မှောက်သို့ မသွားဘဲနေ၏။ ဘိက္ခုနီကျောင်းအနီးအပါးသို့ မြတ်စွာဘုရား ကြွလာတော်မူသည်ကြားလျှင် ပုန်းအောင်းနေ၏။ ဘိက္ခုနီမတို့ မြတ်စွာဘုရား ရှေ့တော်သို့ဝင်ကာ ဆုံးမဩဝါဒကို အလှည့်ကျခံယူသော ထုံးစံရှိရာ ထိုအခါ၌လည်း ရူပနန္ဒာသည် ရှောင်ရှားပြီး မောင်းမပေဟင်း ဘိက္ခုနီမတို့ကိုသာ အစားထိုးစေလွှတ်ခဲ့လေသည်။ ယင်းသည့် ပုံစံအတိုင်းသာ တစ်သက်လုံး စခန်းသွားနေလျှင် ရူပနန္ဒာ ရဟန်းပြုခြင်းမှာ မည်သို့မျှအဓိပ္ပာယ်ရှိတော့မည် မဟုတ်ကြောင်းကို မြတ်စွာဘုရားသိမြင်တော်မူ၏။ ထို့ကြောင့် ဘိက္ခုနီသံဃာတို့သည် ဩဝါဒ အလှည့်ကျသောနေ့၌ သူတစ်ပါးကို မစေလွှတ်ရ၊ ကိုယ်တိုင်လာ၍ ဩဝါဒ ခံရမည်။ ကိုယ်တော်တိုင်မလာသော် "ပါစိတ်အာပတ်" သင့်စေရမည်ဟု ပညတ်တော်မူလေ၏။

ရန်အောင်စာပေ

အလွန်လှပသော ရူပနန္ဒာဘိက္ခုနီမှာ မြတ်စွာဘုရား၏ အာဏာတော်ကို ဖီဆန်ဝံ့ခြင်း မရှိသဖြင့် ဩဝါဒခံယူရန် အလှည့်ကျသောအခါတွင် အဖော်အပေါင်း ဘိက္ခုနီများနှင့် ရောက်လာရရှာလေသည်။ သို့ရာတွင် အဆင်းရုပ်ဝါလှပသူတို့အား မြတ်စွာဘုရားကဲ့ရဲ့ရှုတ်ချတော်မူသည်ဆိုသော အစွဲရှိနေသဖြင့် လှပသော မိမိရုပ်ရည်ကို မြတ်စွာဘုရား မမြင်ရအောင် အခြားဘိက္ခုနီတို့၏နောက်တွင် ရူပနန္ဒာ ပုန်းလျှိုးလျက်နေသည်။ မြတ်စွာဘုရားသည် ရူပနန္ဒာ၏ အမြင်များကို ချိုးဖျက်ရန်အတွက် မိန်းမပျိုတစ်ယောက်ကို ဖန်ဆင်းတော်မူ၏။ ထိုဖန်ဆင်းထားသော မိန်းမပျိုသည် လူ့ပြည်လူ့ရပ်၌ ယှဉ်ပြိုင်နိုင်သူ မရှိအောင် လှပ၏။ ကိုယ်လုံးကိုယ်နေ ၊ တင့်တယ်ပြေပြစ်သည့် နည်းတူ အရွယ်မှာလည်း နုနယ်ပျိုမျစ်လှကာ မြတ်စွာဘုရားအား ယပ်ခတ်ခစားနေချေသည်။

ရူပနန္ဒာဘိက္ခုနီသည် လှပတင့်တယ်ခင်မင်ဖွယ်ရှိသော ထိုမိန်းမပျိုကိုမြင်လျှင် များစွာစိတ်ဝင်စားငေးမောကြည့်မိသည်။ မိမိအလှနှင့် ယှဉ်ကြည့်ကာ ရှက်အားငယ်ရှာ ဖြစ်လာ၏။ "အင်း...ဒီလောကမှာ ငါ့ထက်လှတဲ့သူ မရှိတော့ဘူး ထင်ခဲ့တာ အခုတော့ မှားနေပါကလား...။ ကြည့်စမ်း...ဒီမိန်းမရဲ့အလှနဲ့

ငါ့အလုကို ယှဉ်လိုက်တော့ ငါဟာ ခြသေ့်မင်းဘေးမှာ ရောက်နေတဲ့ မြေခွေးငယ်လိုဖြစ်နေပြီး သိမ်ငယ်သွားပါပကော။ မောင်တော်မြတ်စွာဘုရားဟာ ဒါလောက် လှပတဲ့ မိန်းမပျို့ရဲ့ ခံစားပူဇော်မှုကိုလည်း ခံတာပါပဲ ကလား...။မြတ်စွာဘုရားကို ငါအထင်လွဲပြီး ပုန်းရှောင်နေခဲ့တာ ငါမှားတာပဲ” ရူပနန္ဒာ ဘိက္ခုနီစိတ်ထဲတွင် အတွေးလုံးများ ပြွတ်သိပ်နေဆဲတွင် ထိုဖန်ဆင်းထားသော မိန်းမပျိုကလေးသည် ယပ်ကိုချကာ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးလျက် နောက်သို့ဆုတ်လာရာ ရူပနန္ဒာတို့ ဘိက္ခုနီအုပ်ထဲသို့ ရောက်လာလေ၏။

ရူပနန္ဒာဘိက္ခုနီမှာ လှပသူအချင်းချင်း ခင်မင်စွာဖြင့် ဆီးကြိုခေါ်ငင်မိသည်။ “ချစ်ညီမ...လာလာ သည်မှာထိုင်။ ချစ်ညီမ ဘယ်ကလဲ။ မြတ်စွာဘုရားကို ယပ်ခတ်ပူဇော်ခဲ့ရလို့ ညောင်းညာပင်ပန်းရင် မမရဲ့ရင်ခွင်ထဲမှာ အိပ်ပါလားကွယ်။ နေပါဦး...ညီမနာမည် ဘယ်လိုခေါ်သလဲ။ ဘယ်သူ့သမီးလဲ။ မမကို ပြောစမ်းပါဦး ချစ်ညီမရဲ့...”

ရူပနန္ဒာ ဘိက္ခုနီမကလေးသည် လှိုက်လှဲပျူငှာစွာဖြင့်ခေါ်ကာ ရင်ထဲတွင် အိပ်ခွင့်ပေးလိုက်ရာ မိန်းမပျိုကလေးမှာ ရူပနန္ဒာ၏အမေးကိုပင် မဖြေနိုင်ဘဲ မောမောနှင့် လှဲအိပ်လိုက်လေသည်။ မိန်းမငယ်ကလေး၏

ချောမွတ်ပြေပြစ်၍ ရွှေအဆင်းနှယ် ဝင်းမွတ်သော မျက်နှာပြင်ကလေးကိုငုံ့ကြည့်နေရခြင်းသည်ပင် ရူပနန္ဒာ၏ ရင်ထဲ၌ အလွန်ချမ်းမြေ့ရပေသည်။ ခင်မင်စရာ၊ တွယ်တာစရာ၊ ချစ်ခင်စရာ မျက်နှာကလေးကို ရူပနန္ဒာ တမေ့တမော ကြည့်နေဆဲတွင် ထိုမိန်းမကလေး၏ မွတ်ညက်ကြည်စင်သော ပါးပြင်ပေါ်တွင် ဝက်ခြံကြီး တစ်လုံး ရုတ်ခြည်းဖြစ်ပေါ်လာကာ ရူပနန္ဒာ ဘိက္ခုနီ တအံ့တသြ ဖြစ်နေခိုက်မှာပင် ဝက်ခြံကြီးသည် ကြီးထွား ရောင်ကိုင်းလျက် သြီမည်းပုပ်ပွလာလေသည်။ တစ်ခဏ ချင်းပင် မျက်နှာတစ်ခုလုံးမှ တစ်ကိုယ်လုံးသို့ အနာများ ကူးစက်သွား၏။ သွေးပုပ်၊ ပြည်ပုပ်တွေ ယိုဆင်းလာကြ၏။ ဆိုးရွားသော အပုပ်နံ့များလည်း ရွံစရာထွက် ပေါ်လာ၏။

ရူပနန္ဒာဘိက္ခုနီ၏ ရင်ခွင်ထဲမှ မိန်းမပျိုမှာ တစ်ခဏချင်း ဖြစ်ပွားကြီးထွားလာသော အနာရောဂါကြောင့် လူးလိမ့်ညည်းတွားကာ ဖြစ်လာ၏။ ငိုကြွေး၏။ ရူပနန္ဒာကိုလည်း ကြည့်ကာတောင်းပန်၏။ "မမရယ်...ကျွန်မကို ကယ်ပါဦး။ အခံရခက်ချေရဲ့။ သနားပါဦး။ ကူညီပါဦး မမရယ်။ အမယ်လေး... နာလိုက်တာ၊ ကိုက်လိုက်တာနော်။ ခက်ရချေရဲ့"လို့ အော်ဟစ်မြည်တမ်းနေရှာ၏။

မြတ်စွာဘုရား ဖန်ဆင်းထားသော မိန်းမလှကလေး၏ အလှအပများသည် သစ်ရွက်ကြွေသလို ဖြုတ်ခနဲ၊ ဖြုတ်ခနဲ ပျောက်ကွယ်ပျက်စီးသွားလျက် လှပပါသည်၊ တင့်တယ်ပါသည်၊ ပြေပြစ်ပါသည်၊ ချောမွေ့ပါသည်၊ ချစ်စရာကောင်းပါသည် ဆိုသောနေရာများတွင် မသတီစရာ၊ ရွံစရာ၊ စက်ဆုပ်စရာ၊ အနာပြည်ပုပ်တို့ ရောက်ရှိလာပုံကို ရူပနန္ဒာဘိက္ခုနီသည် ထိတ်လန့်စွာမြင်နေရ၏။ ထိုမိန်းမကလေးကိုလည်း သနားလှ၏။ အံ့အားလည်းသင့်နေရ၏။ "အံ့သြစရာပါကလား ညီမလေးရယ်၊ ဖြစ်ရလေတယ်ကွယ်။ အလွန်လှပတယ်လို့ မမထင်ခဲ့တဲ့ ညီမမျက်နှာကလေးဟာ ဘယ်လိုဖြစ်သွားပြီလဲဟင်။ ညီမလေးဟာ အသေကောင်ပုပ်လို ရွံစရာကြီးပါလား။ အနံ့တွေကလည်း ဆိုးရွားလိုက်တာနော်...။ အညစ်အကြေးတွေကလည်း ပေလူးနေပါကလား...။ သြော်...သိပ်ပြီးလှပချောမွေ့ယဉ်ကျေး မြင်သူငေးရတဲ့ အချောအလှဆိုတာဟာ စင်စစ်တွေးကြည့်လိုက်တော့ မမြဲပါကလား" ရူပနန္ဒာသည် သူမထက် အဆပေါင်းများစွာ လှပချောမွေ့သော မိန်းမကလေး၏ နှာခေါင်းမခံနိုင်အောင် ပုပ်ပွ၊ ပျက်ပြား၊ ဖောက်ပြန်သည်ကို မျက်စိအောက်တွင် မြင်ရသောအခါ သတိသံဝေဂများ ဝင်လာကာ သူ၏ကိုယ်ကို

လည်း ထို့အတူပင် ဆင်ခြင်လာလေတော့သည်။ "လှပတယ်လို့၊ ချောမွေ့တယ်လို့၊ ချစ်စရာကောင်းတယ်လို့ ထင်နေတဲ့ ဒီကိုယ်ကောင်ကြီးဟာ တကယ်ပုပ်တာ၊ ဟောင်တာပဲ။ အသေကောင်တွေထားတဲ့ သင်္ချိုင်းမြေလို ကြောက်စရာကြီးပါပဲကလား။ ပေါက်ပြဲချွတ်ယွင်းပျက်စီးကုန်တာပါပဲကလား၊ ဒါနဲ့များတောင် ခဏလှပတာကလေးနဲ့ မာနမောက်ကြွားခဲ့တဲ့ ငါဟာ တယ်ဟုတ်ပါကလားထင်ပြီး ပျော်နေ၊ ရွှင်နေ၊ မြူးထူးနေမိသေးတယ်" ထိုသို့ ရူပနန္ဒာဘိက္ခုနီသည် အမှားကိုမြင်ကာ အမှန်ဘက်သို့ ဝင်လာချိန်တွင် မြတ်စွာဘုရားသည် ရူပနန္ဒာဘိက္ခုနီအား ဤသို့ တရားပြတော်မူ၏။ "နန္ဒာ...သင်၏စိတ်ကို တစ်ခုတည်းသောအာရုံ၌ တည်နေအောင်၊ ကောင်းစွာတည်ကြည်အောင် အသုဘအာရုံ၌ ပွားစေလော့၊ ဖြစ်စေလော့"

"နန္ဒာ...နန္ဒာ...နာကျင်တတ်သော၊ လူသေကောင်ပုပ်အနံ့ရှိသော အရိုး၊ အကြော၊ အသား၊ အသွေး၊ အဆီခဲတို့ဖြင့် ဖွဲ့ဆက်တည်ဆောင်၊ ဤကိုယ်ကောင်ကို အပုပ်အစုဖြစ်အောင် ရှုလော့။ အနာရောဂါဖြင့် ပုပ်ညှီနေ၍နေသော ဤကိုယ်ကောင်ကို အနာရောဂါ မရှိသေးသော ကိုယ်ကိုလည်း အနာရောဂါဖြင့် ပျက်ပြားပုပ်ညှီသော သဘောရှိ၏။ ဤခန္ဓာကိုယ်ကြီးသည်

မကောင်းသောအပုပ်၊ မကောင်းသောအနံ့ စက်ဆုပ်စရာအဖြစ် တည်ရှိကြကုန်။ မကောင်းသောအနံ့၊ မကောင်းသောပုပ်ညှီနံ့တို့ဖြင့် လှိုင်နေ၏။ ကိုယ့်ကိုယ်ကို အလှခင်မင် အမြဲထင်၍ တသသ၊ တကြွကြွ ပျော်မြူးကြသော အမိုက်မအပေါင်းတို့သည် အလွန်နှစ်သက်ကြပေသည်။ နှမတော်...နန္ဒာနှမတော် သေသေချာချာ အာရုံပြု၍ ဆင်ခြင်ပါလော့"

မြတ်စွာဘုရားသည် တရားတော်ကို ဟောကြားတော်မူရာ ရူပနန္ဒာဘိက္ခုနီမှာ အားသစ်ဝင်ကာ ဝိပဿနာဖော၍နောက်၌ အရဟတ္တဖိုလ်သို့ ရောက်၏။ အဖော်ဘိက္ခုနီများလည်း အကျွတ်တရား ရတော်မူကြ၏။

ရူပနန္ဒာအရှင်မသည် မြတ်စွာဘုရား ရှေ့တော်တွင် ရဟန္တာအဖြစ်ကို ရရှိတော်မူပြီးနောက် မြတ်စွာဘုရား ဆုံးမတော်မူသော ဩဝါဒကိုခံလျက် ရူပဈာန်၊ အရူပဈာန်တို့၌သာ လွန်စွာအားထုတ်သဖြင့် ဈာနလာဘီပုဂ္ဂိုလ်တို့ထက် သာလွန်ထူးမြတ်စွာ ဖြစ်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်တော်မူသောအခါ ထိုရူပနန္ဒာထေရီကို "ဈာယိနီတေဒဂ်"အရာ၌ ထားတော်မူပေသတည်း။ "ဈာယိနီတေဒဂ်"ဖြင့် ချီးမြှင့်တော်မူပေသတည်း။ ။

ရန်အောင်စာပေ

## "မဟာအဘိညတေဒင်" ရ ဘဒ္ဒကစ္စာနာ ခေါ် ယသောဓရာထေရီမယ်

ဘဒ္ဒကစ္စာနာခေါ် ယသောဓရာအမျိုးသမီးသည် ကုသိတာနတ်ပြည်မှ စုတေ၍ ဒေဝဒဟပြည်ကို အစိုးရသော သုပ္ပဗုဒ္ဓမင်းကြီး၏ မိဖုရားခေါင်၏ဝမ်း၌ ဖွဲလမ်းတည်နေကာ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ဖွားမြင်သည့်နေ့တွင်ပင် ဖွားသန့်စင်ခဲ့သည်။ အမည်မှည့်သောအခါ အလွန်တရာ လှပတင့်တယ်စင်ကြယ်ကောင်းမြတ်ခြင်း၊ အကြိမ်တစ်ရာ လျော်ပြီးဦးပြီးသော ဇမ္ဗူရစ်စဥ်ကဲ့သို့ လွန်စွာထွန်းလင်းတောက်ပသော ကိုယ်အဆင်းတို့ဖြင့် ပြည့်စုံရကား "ဘဒ္ဒကစ္စာနာ" ဟူသော အမည်ကို ပေး၏ ။

ရန်အောင်စာပေ

ခမည်းတော်မယ်တော်တို့နှင့်တကွ သာကီဝင်မင်းအပေါင်းတို့သည်လည်း သောင်းသောင်းဖြဖြ ကြွေးကြော်ချီးကျူးကြလျက် အမြတ်တနိုးရှိကြကုန်သည်။ အသောင်းမျှလောက်သော အထိန်းအယ မိန်းမ အခြံအရံတို့ကို ဆောင်နှင်းပေ၏။ ယင်းသို့လျှင် အစဉ်အတိုင်း ချမ်းသာစွာကြီးပြင်း၍ တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ဘုရားလောင်း သိဒ္ဓတ္ထကုမာရနှင့် စုံဖက်ကြလေသည်။ ထိုနောက်တွင် သားတော်ရာဟုလာကို ဖွားမြင်ခြင်း၊ အလောင်းတော်တောထွက်၍ ဘုရားအဖြစ်သို့ရောက်ကာ ကပိလဝတ်ပြည်သို့ ကြွတော်မူလာခြင်း၊ နန္ဒမင်းသား ရဟန်းပြုခြင်း၊ သားတော်ရာဟုအား ရဟန်းပြုခြင်း၊ သုဒ္ဓေါဒနမင်းကြီး နတ်ရွာစံ၍ နိဗ္ဗာန်သို့ရောက်တော်မူခြင်း။ ယောက္ခမတော် မဟာပဇာပတိဂေါတမီ ရဟန်းပြုခြင်း၊ ယသောဓရာယောက်မတော် ဇနပဒကလျာဏီ ရဟန်းပြုခြင်းစသည်များ ဖြစ်ပေါ်လာခဲ့ပေသည်။

ဤသို့ အစဉ်တစိုက် ဖြစ်ပေါ်လာခြင်းအတွက် ဘဒ္ဒကစ္စာနာ ယသောဓရာ ဗိမ္ဗာဒေဝီသည် ဤသို့အကြံဖြစ်ပေါ်လာ၏။ ငါတို့သခင် ဘုရင်သုဒ္ဓေါဒန စောမြတ်လှလည်း ဘဝကေငြိမ်းချေပြီ။ နန်းရိုးဖြစ်သော နန္ဒမင်းသားလည်း ဘုရားဘက်ပါချေပြီ။ ထို့နောက်

နန်းလျာရည်စူးပါသော သားတော်ရာဟုလာမင်းစစ်
ငါ့သားရင်နှစ်လည်း ရှင်ချစ်ဘုရားယူလေပြီ။ သည်ကဲ့သို့
ရဟန်းပြုကြလျှင် ဘေးလောင်းတော် ဥက္ကာမုခမင်းမှ
စ၍ ပြုစုတည်ထောင်သော ဤကပိလဝတ်ပြည်ကြီး
ရွှေထီးရွှေနန်းသည် ဆက်ခံစိုးမြန်းသူဆုံး၍ သုဉ်းဖျင်း
ပျက်စီးလေရာ၏။ ငါသည်လည်း မိန်းမသားဖြစ်၍
မင်းမူခြင်းငှာ မသင့်။ ငါ၏ရင်သွေး ရာဟုလာကိုသာ
ဘုရားရှင်ထံ၌တောင်း၍ ထီးဆောင်းဘိသိက်ခံစေအံ့။
ဤသို့ပြုလုပ်မှသာ ကပိလဝတ်ပြည်ကြီး ဘေးလောင်း
တော်တို့ တည်ထောင်ခဲ့သော ပြည်ကြီးသည် အစဉ်
တည်မြဲချေမည်။

ဤသို့ ဘဒ္ဒကစ္စာနာ ယသောဓရာမိဖုရားသည်
ကြံစည်တွေးတောပြီး မောင်းမတ်များ၊ မှူးမတ်များ
ခေါ်ဆောင်ခြံရံလျက် ရထားဖြင့်လာခဲ့ရာ ဘုရားသီတင်း
သုံးတော်မူသော ဝေဠုဝန်ကျောင်းတော်သို့ ရောက်သော
အခါ ဤသို့လျှောက်ကြား၏။ "ဘုန်းတော်ကြီးသော
မြတ်စွာဘုရား...။ ကိုယ်တော်၏ အစီးအပွားကိုသာ
မကျင့်ဆောင်ပါလင့်။ သတ္တဝါတို့၏ အစီးအပွား၊
ဆွေတော်မျိုးတော်တို့၏ အစီးအပွားကိုလည်း ကျင့်တော်
မူပါ။ ယခု တပည့်တော်မတို့၏ ကပိလဝတ်ပြည်ကြီး
သည် ရောင်ခြည်မဲ့သော ကျောက်၊ အတောက်အခိုးမဲ့

သော မီးကဲ့သို့ ထီးဆောင်းနန်းနေ သုဉ်း၍ ပြည်လုံး ဂုဏ်သရေမဲ့ချေပြီ။ တပည့်တော်မသား ရာဟုလာတို့ သာသနာ့မှထွက်၍ ထီးဆက်နန်းရံကို ဆက်ခံစိုးအုပ် စေမှ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းနှင့်တကွသော ပြည်သူပြည်သား အပေါင်းတို့သည် ကိုးစားမှီတင်ရာ ရှိပါတော့မည်။ သို့ဖြစ်ပါသောကြောင့် ရာဟုလာ သတို့ သားကို တပည့်တော်မအား ပေးတော်မူပါ။ ဘေးတော်၊ ဘိုးတော်တို့၏ အမွေအနှစ်ဖြစ်သော ထီးနန်းစည်းစိမ်ကို ခံစားပါစေ”ဟု လျှောက်ကြားတောင်းခံတော်မူ၏။

ထိုအခါ မြတ်စွာဘုရားလည်း “အချင်း ဘဒ္ဒ ကစ္စာနာ...ငါဘုရားကား...ကိုယ်တော်၏အစီးအပွား ကိုသာလည်း ကျင့်တော်မမူ။ ဆွေတော်မျိုးတော် အပေါင်းတို့၏ အကျိုးစီးပွားကိုသာလည်း ကျင့်တော် မမူ။ အလုံးစုံသော ဘုံသုံးပါး၌ ဖြစ်ကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့ကိုပင် ရင်သွေး ရာဟုလာနှင့်မခြား သနားစုံမက်တော်မူသဖြင့် ထို သူတို့၏ အကျိုးစီးပွားကိုပင် ငါကျင့်တော်မူ၏”ဟု မိန့်တော်မူကာ တရားရေအေး တိုက်ကျွေးတော်မူ၏။

“အချင်းဘဒ္ဒကစ္စာနာ... သင်လျှောက်ထား သော အရေးကား...သားတော်ရာဟုလာ၏ ချမ်းသာ စီးပွားကြောင်းလည်း မဟုတ်။ သင်၏ ချမ်းသာစီးပွား

ကြောင့်လည်း မဟုတ်။ ဆွေတော်မျိုးတော်တို့၏ အစီးအပွားလည်း မဟုတ်။ ယုတ်ညံ့စွာသော ဤလောကီစည်းစိမ်ကို ခံစံသဖြင့် သံသရာဝဋ်၌ ဆီပွတ်ယန္တရားကဲ့သို့ တဝဲလည်လည် သွားလာကျင်လည်ရခြင်း၏ အကြောင်းသာဖြစ်၏။ အချင်းဘဒ္ဒကစ္စာနာ ...မင်း၏ချမ်းသာ မည်သည်ကား... ကာမဂုဏ်ဟူသော ရန်သူငါးပါးတို့သည် ချောက်ချားတုန်လှုပ်စေအပ်သည်ဖြစ်၍ ဒေါမနဿ၊ ပဋိဃ၊ အဘိဇ္ဈာ၊ ဗျာပါဒ စသော သူရဲသူခက်တို့သည် ခြိမ်းမဲ့ထောင်လွှားသဖြင့် ပါဏာတိပါတစသော ဒုစရိုက်တရားတို့သည် စည်ပင်ပွားစီးလာကုန်၏။ ထိုသို့ စည်ပင်ပွားစီးသဖြင့် မျက်မြင်ဘဝ၌ နာနာဘာဝ၊ ဝိနာဘာဝ၊ အညထာဘာဝ၊ ဘယဘေရဝဟွာဒ၊ အလာဘစသော ဒုက္ခတရားတို့သည် များစွာဖြစ်လာကုန်၏။ စုတေမြောက်သဖြင့် နောက်နောက်သောဘဝ၌လည်း အပါယဒုက္ခကို ခံစားခြင်း၏ အကြောင်းဖြစ်၏"

"အချင်းဘဒ္ဒကစ္စာနာ...ထို့ကြောင့် ဤလူ့ဘုံ၌ ကာမဂုဏ်ဟူသော အမှိုက်ကိုစု၍ ကိလေသာဟူသော မီးကိုမွေးသဖြင့် တခြွခြွ တပြောင်ပြောင် တောက်လောင်ပျက်စီးခြင်းအကျိုးသာ ဖြစ်ရာသည်မဟုတ်လော။ သံသရာက ပါရမီဖြည့်ဘက်ဖြစ်သော ဘဒ္ဒကစ္စာနာ...

ငါဘုရားနှင့်လည်းကောင်း၊ သားရာဟုလာ၊ မဟာဆွေတော်မျိုးတော်တို့နှင့်လည်းကောင်း စုပေါင်းမကွာ "ခေမာဘူမိသိရိပဝရ ပြည်မနိဗ္ဗာန"သို့ လျင်မြန်စွာ လိုက်ရအောင် ဤလူ့ဘောင်မှခွာသန်း၍ ငါဘုရား သာသနာတော်၌ ရဟန်းပြုဘိလော့"

ယင်းသို့ ဆန်းကြယ်စွာသော ကာမဒီနစ၊ နိက္ခမနိသံသ ဓမ္မကထာကို ကြားနာရလေလျှင် ဘဒ္ဒကစ္စာနာ မိဖုရားလည်း လေးပါးသောသစ္စာကိုမြင်၍ မြတ်စွာဘုရားအား ညွတ်တွားပူဇော်ခဲ့ပြီး ကျောင်းတော်မှ ဆင်းသက်ကာ အခြံအရံဖြစ်သော မောင်းမတို့နှင့်တကွ ဇနပဒကလျာဏီခေါ် ရူပနန္ဒာထေရီ၏အထံ၌ ရဟန်းပြုလေ၏။ ရဟန်းပြုပြီးသောအခါမှစ၍ ကမ္မဋ္ဌာန်း ဝိပဿနာကို လွန်စွာ အားထုတ်သဖြင့် မမြင့်မီပင် ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ် ခြောက်ပါး၊ သံမာပတ်ရှစ်ပါး တရားအထူးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။ ထိုဘဒ္ဒကစ္စာနာ ထေရီသည် ပုဗ္ဗေနိဝါသဉာဏ်အရာ၌ တစ်ပါးရဟန္တာတို့ထက် ကဲလွန်စွာ မြင်နိုင်၏။ ငါတို့မြတ်စွာဘုရား သာသနာတော်၌ သာဝကကြီးနှစ်ပါး၊ အရှင်ဗာကုလ တစ်ပါး၊ ဘဒ္ဒကစ္စာနာ ယသောဓရာထာစ်ပါး ဤလေးပါးတို့ သာလျှင် အသင်္ချေသော ကပ်ကမ္ဘာကာလ၌ ဖြစ်သော

ခန္ဓာအစဉ်ကို သိမြင်နိုင်၏။ တစ်ပါးသော ရဟန္တာတို့မှာ ကမ္ဘာတစ်သိန်းသာ မြင်နိုင်သည်။

ထို ဘဒ္ဒကစ္စာနာ ယသောဓရာထေရီသည် နောက်ပြန်ရေတွက်သော ပဋိလောမအားဖြင့် ပြန်၍ ရေသော် တစ်သင်္ချေ၊ နှစ်သင်္ချေ၊ လေးသင်္ချေ၊ တစ်ဆယ့်ခြောက်သင်္ချေသောကာလ၌ ဖြစ်ဖြစ်သမျှသော ဘဝအစုံကိုလည်း တစ်ခုသော၊ အာဝဇ္ဇန်းရှိသော ဝီထိစိတ်အစဉ်ဖြင့် တစ်ပြိုင်နက်မြင်နိုင်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဤဘဒ္ဒကစ္စာနာ ယသောဓရာထေရီအရှင်မအား "မဟာဘိအညတော်ဒဂ်" အရာ၌ ထားတော်မူ၏။ "မဟာအဘိည တောဒဂ်"ကို ချီးမြှင့်ပေးသနားတော်မူ၏။

ဘဒ္ဒကစ္စာနာ ယသောဓရာထေရီသည် သာသနာတော်၌ လွန်စွာထင်ရှား၍ လာဘ်လာဘပေါများပေသည်။ အခြံအရံ ဘိက္ခုနီလည်း တစ်သိန်းရှိတော်မူ၏။ ထိုအရှင်မ ဘဒ္ဒကစ္စာနာသည် သက်တော် ၇၈ နှစ်တိုင်ခဲ့သောအခါ ပရိနိဗ္ဗာန်စံဝင်ရန် အချိန်ကျရောက်ပြီဟု သိတော်မူသဖြင့် မြတ်စွာခြေတော်ရင်းသို့ကပ်၍ ဝပ်စင်းရှိခိုးလျက် ဤသို့လျှောက်ကြားတော်မူ၏။ "သုံးလူ့ထွတ်ထား သဗ္ဗညုမြတ်စွာဘုရား...ယသော ဓရာခေါ် ဘဒ္ဒကစ္စာနာ တပည့်တော်မသည် ခုနစ်ဆယ့်ရှစ်နှစ်

ရှိပြီဖြစ်၍ နောက်ဆုံးအရွယ် ဖြစ်ပါပေသည်။ တပည့်တော်မ၏အရွယ်သည် ရင့်ရော်ယိုယွင်း အိုမင်းပါပြီ။ တပည့်တော်မအသက်သည် နည်းပါးပါပြီဘုရား... အရှင်ဘုရားတို့ကို တပည့်တော်မ ပယ်စွန့်၍ သွားရပါတော့မည်ဘုရား...။ တပည့်တော်မသည် ယနေ့ည ပရိနိဗ္ဗာန်ပြုပါအံ့။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏစသော ဘေးဒုက္ခမရှိ၊ မအိုမသေ အမြဲနေသော အသခ်ေတ မြတ်နိဗ္ဗာနဓာတ်သို့ ရောက်ပါတော့အံ့။ အရှင်ဘုရားအား လျှောက်ကြားခွင့်ပန်ပါ၏။ ဘဝများစွာ သံသရာ၌ ကျင်လည်ခဲ့၍လည်း အရှင်ဘုရား၌ တပည့်တော်မ၏ ချွတ်ချော်တိမ်းပါးခြင်းသည် အကယ်၍ ရှိငြားအံ့၊ လျှောက်ကြားခွင့်ပန်ပါ၏။ တပည့်တော်မ၏အဖြစ်ကို သည်းခံတော်မူပါဘုရား..."

"ယခုအခါ မြတ်စွာဘုရားတော်ထံသို့ ရောက်လာကြသော ပရိသတ်အပေါင်းတို့...အကျွန်ုပ် ယသောဓရာ၌ အပြစ်ရှိငြားအံ့၊ တောင်းပန်ဝန်ချ ကန်တော့ပါ၏။ အားလုံးသော ပရိသတ်တို့သည် မြတ်စွာဘုရား ရှေ့တော်၌ အကျွန်ုပ်က တောင်းပန်ဝန်ချသည်ကို သည်းခံတော်မူကြပါကုန်လော့"

ထိုသို့ မြတ်စွာဘုရားနှင့်တကွ ပရိသတ်များအား ဝန်ချတောင်းပန်ပြီးသော် ဘုရားရှင် ကိုယ်တော်

မြတ်က "ငါဘုရား၏ ဆုံးမစကားကို နားထောင်လိုက်နာ ပြုကျင့်လေ့ရှိသော ဘဒ္ဒကစ္စာနာ ယသောဓရာထေရီဘိက္ခုနီ...အလုံးစုံသော ပရိသတ်တို့၏ ယုံမှားသံသယကိုပယ်ဖြတ်၍တန်ခိုးပြဦးလော့..." ဟုမိန့်တော်မူလိုက်သည်။

ဘဒ္ဒကစ္စနာထေရီသည် မြတ်စွာဘုရားကို ဦးတိုက်ရှိခိုး၍ အထူးထူးအပြားပြား များစွာကုန်သော အခြင်းအရာတို့ဖြင့် ဖန်ဆင်းလျက် ကောင်းကင်သို့ ကြွတော်မူကာ တန်ခိုးပြလေသည်။

စကြဝဠာနှင့်အမျှ ကြီးမားသော ကရဝိတ်ငှက်ကိုယ်ကို ဖန်ဆင်းပြ၍ ဦးခေါင်းကို မြောက်ကျွန်း၌ထား၏။ အရှေ့ကျွန်း၊ အနောက်ကျွန်းတို့အပေါ်၌ အတောင်နှစ်ဖက်ကို ဖြန့်ထား၍ ဇမ္ဗူဒိပ်ကျွန်းပေါ်၌ ကိုယ်ကိုထားပြီး တောင်ဘက်သမုဒ္ဒရာပေါ်၌ အမြီးကိုထား၏။ လဝန်း၊ နေဝန်းလောက်ကြီးမားသော မျက်လုံးကိုဖန်ဆင်း၍ မြင်းမိုရ်တောင်ပမာ အမောက်ကြီးကို ဖန်ဆင်း၏။ စကြဝဠာတောင်ကြီးတမျှ ကြီးမားသော နှုတ်သီးကိုဖန်ဆင်း၍ ဇမ္ဗူသပြေပင်ကြီးကို အကုန်ပါအောင် ဆိတ်ချီလာကာ ကောင်းကင်မှ ယပ်လေခတ်လျက်လာပြီး မြတ်စွာဘုရားအား ရှိခိုး၏။ ထိုနောက်ဆင်ယောင်၊ မြင်းယောင်၊ နွားလားဥသဘယောင်၊

နဂါးယောင်၊ တောင်ကြီးယောင်၊ သမုဒ္ဒရာယောင်စသည် ဖြင့် ဖန်ဆင်းပြ၏။ နေမင်းဖန်ဆင်း၍၊ လမင်းဖန်ဆင်း ၍၊ မြင်းမိုရ်တောင်ကြီးဖန်ဆင်း၍၊ သိကြားမင်းဖန်ဆင်း ၍၊ ထိုမှတစ်ဖန် တစ်ထောင်သော စကြဝဠာကို ဖုံးမိ အောင် ကြီးမားသော ပဒုမ္မာကြာပွင့်ကြီးကို ဖန်ဆင်း၍ ကောင်းကင်မှ ဖုံးလွှမ်းလျက်ပြ၏။ ပြီးလျှင် ဗြဟ္မာ မင်းကြီးဖန်ဆင်း၍ ကောင်းကင်မှနေလျက် "သုညတ" တရားတော်ကို ဟောပေ၏။ ထိုနောက်တွင်ကား... ကောင်းကင်မှ ဆင်းသက်၍ မြတ်စွာဘုရား ခြေတော် ရင်း၌ ဝပ်စင်းရှိခိုးကာ ဤသို့လျှောက်ကြား၏။

"ကြီးသောလုံ့လရှိတော်မူသော အရှင်မြတ် ဘုရား...တပည့်တော်မ ယသောဓရာသည် အရှင် ဘုရား၏ ခြေတော်အစုံကို ရှိခိုးပါ၏။ တပည့်တော်မ ယသောဓရာသည် ဣဒ္ဓိဇအဘိညာဉ်၌ 'လျင်မြန်စွာ လေ့လာနိုင်ပါ၏။ ဒိဗ္ဗသောတ၊ ဒိဗ္ဗစက္ခု၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသအဘိညာဉ်တို့ကိုရ၍အလုံးစုံသော အာသဝေါ တို့မှကုန်ခန်းပြီး နောက်ဘဝဖြစ်ပျက်ခြင်း မရှိတော့ပါ ဘုရား။ အရှင်ဘုရားအထံတော်မှ ပဋိသမ္ဘိဒါ ဉာဏ် လေးပါးကိုလည်း ရပါသည်။ အရှင်ဘုရား၏ အကျိုးငှာ ရှေးရှေးသော ဘုရားရှင်တို့၏ အထံတော်၌ များသော ပါရမီ အဓိကာရ ကုသိုလ်ကို ပြုလုပ်ခဲ့ဖူးပါသည်ဘုရား။

တပည့်တော်မ ယသောဓရာ၏ ပါရမီတွေကို အရှင်ဘုရား အောက်မေ့တော်မူပါဘုရား။ မပြုကျင့်ထိုက်သောအရာကို ရှောင်ကြဉ်၍ အရှင်ဘုရား၏အကျိုးငှာ တပည့်တော်မအသက်ကို စွန့်ဖူးပါသည်ဘုရား။ အရှင်ဘုရား၏အကျိုးငှာ တပည့်တော်မ ဆုတောင်းပတ္ထနာအကြောင်းရှာ၍ ပါရမီအထူး ဆည်းပူးမတွန့်မကြောက်ရွံ့ဘဲ စွန့်စားပြုကျင့်ရခြင်းသည် များလှပါပြီဘုရား။ တပည့်တော်မသည် အရှင်ဘုရား၏ ကြင်ဖော်ကြင်ဖက်လည်ချင်းယှဉ်၍ လက်တွဲသွားလာ မကွာအတူနေသောခြေရင်းအလုပ်အကျွေးလည်း ဖြစ်ပါသည်ဘုရား။ ရှေးရှေးသော ဘုရားအပေါင်းအထံတော်တို့၌ များသော အဓိကာရပါရမီ အရှင်ဘုရား၏အကျိုးငှာ ပြုကျင့်ခဲ့ဖူးလှပါပြီ ဘုရား။ တပည့်တော်မ ယသောဓရာ၏ အဓိကာရပါရမီသည် အလွန်များပါသည် ဘုရား"

"စက္ကူငါးပါးဖြင့် ပြည့်တော်မူသော မြတ်စွာဘုရား... တပည့်တော်မ၏ အတိတ်ကံသည်လည်းကောင်း၊ ပစ္စုပ္ပန်ကံသည်လည်းကောင်း၊ အနာဂတ်ကံသည်လည်းကောင်း ကုန်ပါပြီဘုရား" ယသောဓရာထေရီအရှင်မသည် မြတ်စွာဘုရားအား ရှိခိုးလျှောက်ထားကာ မိမိကျောင်းသို့ ကြွသွား၍ ထိုနေ့ညတွင်ပင် ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

ယသောဓရာထေရီ အုပ်ချုပ်တော်မူသော နာနာကုလ အမျိုးသမီးဘိက္ခုနီတစ်သောင်းရှစ်ထောင်တို့သည်လည်း မြတ်စွာဘုရားအား ရိုသေစွာရှိခိုး၍ ဤသို့လျှောက်ကြား၏။ ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏ အနာသဝဖြစ်၍ အေးမြချမ်းသာ မသေရာဖြစ်သော နိဗ္ဗာန်ပြည်တော်ကြီးသို့ သွားပါတော့အံ့။ အားလုံးသော တပည့်တော်မတို့သည် ဒါန၊သီလ၊ဘာဝနာတို့ကို ကောင်းစွာပွားပါကုန်၏။ ရှည်မြင့်စွာသော နေ့ညဥ့်တို့ပတ်လုံး အလုံးစုံသော အံလူဒါနဝတ္ထုတို့ကို စွန့်လှူပါကုန်၏။ အမွေးအထုံ ပန်းနံ့သာတို့ကိုလည်းကောင်း၊ ဆီမီးတိုင်တို့ကိုလည်းကောင်း၊ ရွှေ၊ ငွေ၊ ရတနာတို့ကိုလည်း စွန့်လှူပါကုန်၏။ ထိုမှတစ်ပါး ကုသိုလ်တို့ကိုလည်းကောင်း၊ လူတို့သုံးဆောင်ဖွယ် ပစ္စည်းဥစ္စာတို့ကိုလည်းကောင်း ရှည်မြင့်စွာ နေ့ညဥ့်ပတ်လုံး တပည့်တော်မတို့စွန့်လှူခဲ့ဖူးပါပြီ ဘုရား...။ ဘဝများစွာ သံသရာ၌ များစွာသောကုသိုလ်ကို ပြုပါသည်။ နောက်ဆုံးဖြစ်သော ဘဝ၌ သကျပုတ္တသာကီဝင်မင်းသား အရှင်ဘုရား၏ ရွှေနန်းသုံးထောင်၌ နတ်သမီးကဲ့သို့ လှပသော၊ အဆင်းရှိသော၊ နာနာကုလ အမျိုးသမီးဖြစ်သော တပည့်တော်မတို့သည် လာဘ်ပေါများခြင်း၊ ကျော်စောခြင်းသို့ ရောက်ကြပါကုန်၏ ဘုရား...”

"ထို့အတူပင် ကိုယ်အင်္ဂါတို့ကိုလည်းကောင်း၊ အဲ့ဆင်းတန်ဆာတို့ကိုလည်းကောင်း၊ အထူးထူးအပြားပြားများစွာသော အဝတ်အထည်တို့ကိုလည်းကောင်း၊ ဥစ္စာစပါး၊ ရွာနိဂုံးလယ်ယာမြေတို့ကိုလည်းကောင်း၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ သား၊ သမီး၊ အစေခံ အခြွေအရံတို့ကိုလည်းကောင်း မရေတွက်နိုင်အောင် လှူဒါန်းခဲ့ဖူးပါသည် ဘုရား..."

"အရှင်ဘုရား၏ ကြင်ဖော်ကြင်ဖက် အဆက်မကွာ လိုက်ပါစေရန် ဆုပန်ကြသော တပည့်တော်မတို့ကို အစ်မတော် ယသောဓရာနှင့်ထပ်တူ ဗျာဒိတ်စကားကို ကြားတော်မူပါသည်။ ထိုဗျာဒိတ်စကားကြားနာရသော တပည့်တော်မတို့သည် အလွန်ဝမ်းမြောက်ခြင်း ရှိခဲ့ကြပါသည်။ တပည့်တော်မတို့သည် အသခ်တခတ် နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်ရောက်ဖို့ရန် ခွင့်တောင်းပါ၏ဘုရား။ ခွင့်သနားတော်မူပါဘုရား။ နောက်တစ်ဖန် ပြန်လာဖို့ရန် အကြောင်းမရှိတော့ပါဘုရား"ဟု တောင်းပန်လျှောက်ထားကြပြီးလျှင်... ယသောဓရာထေရီအုပ်ချုပ်သော နာနာကုလသာကီဝင်မင်းသမီး ဘိက္ခုနီတစ်သောင်းရှစ်ထောင်တို့သည် မကြာမီပင် နိဗ္ဗာန်သို့ဝင်တော်မူကြကုန်သတည်း။ ။

■

## "မဟာပညာတော်" ရ
## ခေမာထေရီမယ်

ရာဇဂြိုဟ်ကို အစိုးရသော ဝေဠုဝန်ကျောင်း ဒါယကာကြီး ဗိမ္ဗိသာရမင်း၏ အဂ္ဂမဟေသီတစ်ဦး ဖြစ်သော "ခေမာ"အမျိုးသမီးသည် မဒ္ဒရာဇ်တိုင်း သာကလပြည် မဒ္ဒရာဇ်မင်းကြီး၏ သမီးတော်တစ်ပါး ဖြစ်သည်။ ယင်းအမျိုးသမီး ဖွားသန့်စင်သောအခါ ပြည်သူအပေါင်းတို့ စွဲကပ်နေသော မကောင်းသော ဥပဒ်ရောဂါတို့သည် ကင်းရှင်းစင်ကြယ်စွာ ဖြစ်ကြ သောကြောင့် "ခေမာ"ဟူသောအမည်ကို မှည့်ခေါ် ကြကုန်သည်။ ဇမ္ဗူရစ်ရွှေစင်ကဲ့သို့ လှပတင့်တယ် ရှုချင်ဖွယ်ဖြစ်ရကား မြင်မြင်သမျှ ယောက်ျားမိန်းမ

တို့သည် နှစ်သက်လေးမြတ်လျက် မူးမှိုင်တွေဝေခြင်း ဖြစ်ကြလေသည်။ ယင်းခေမာအမျိုးသမီးသည် အချိန်တန်အရွယ်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည်ကို အစိုးရသော ဗိမ္ဗိသာရမင်းကြီးနှင့် ဆောင်နှင်းသင့်မြတ်ကြသဖြင့် အဂ္ဂမဟေသီ ဒေဝီရတနာအဖြစ် မြှောက်စားချီးမြှင့်လျက် ချမ်းသာစည်းစိမ်ကို ခံစားစံစားလျက် နေရလေသည်။

ထိုသို့ အဂ္ဂမဟေသီဒေဝီ ခေမာမိဖုရားသည် ချမ်းသာစွာနေရသော်လည်း မြတ်စွာဘုရားကို ဖူးမြင်ခြင်း၊ တရားတော်နာခြင်း၊ ကျောင်းတော်သို့သွားရောက်ခြင်း မပြုခဲ့ပေ။ မြတ်စွာဘုရားသည်လည်း ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစံပယ်တော်မူရာ သုံး၊ လေးဝါတိုင်အောင် ရှိခဲ့သည်။ မြတ်စွာဘုရားသည် သုံး၊ လေးဝါတိုင်အောင် ဝေဠုဝန်ကျောင်းတော်၌ စံပယ်တော်မူသော်လည်း ခေမာမိဖုရားသည် တစ်ခါတစ်ခေါက်မျှ ကျောင်းတော်သို့မရောက်ခဲ့ပေ။ မရောက်ခဲ့ခြင်းအကြောင်းမှာ မြတ်စွာဘုရားသည် အဆင်းလှသောသူတို့အား အဆင်း၏အပြစ်ကို ကဲ့ရဲ့ရှုတ်ချတော်မူတတ်သည်ဟု တစ်ဆင့်စကားကြားရသဖြင့် ခေမာမိဖုရားသည် အဆင်းအရာ၌ ယစ်သောမာနဖြင့် မြတ်စွာဘုရားထံတော်သို့ သွားရောက်ဖူးမြော်ခြင်း မပြုခဲ့ပေ။

ထိုသို့ ခေမာမိဖုရား မြတ်စွာဘုရားထံသို့ မသွားမရောက် မဖူးမြော်လျက်နေသည်ကို ကျောင်းဒါယကာ ဗိမ္ဗိသာရမင်းကြီး မြင်တွေ့ရဖန် များလာသောအခါ ဤသို့ကြံ၏။ ငါသည် မြတ်စွာဘုရားအား အသက်ဆံဖျားထား၍ ကိုးကွယ်လုပ်ကျွေးသော ဥပါသကာ ကျောင်းဒါယကာလည်း ဖြစ်သည်။ ငါကဲ့သို့သော မင်း၏မိဖုရားသည် မြတ်စွာဘုရားအား ဖူးမြင်ခြင်းငှာ မသွားဘဲနေသော် မလျော်ကန်။ အာဏာဖြင့်စေကလည်း ပြည်သူပြည်သားတို့ ငါ့မိဖုရားအား ကဲ့ရဲ့ကြလိမ့်မည်။ ထို့ကြောင့် တစ်စုံတစ်ခုသော ပရိယာယ်ဖြင့် ငါ့မိဖုရား မြတ်စွာဘုရားထံတော်သို့ ရောက်အောင် ကြံစည်အံ့ဟု စိတ်ကူးရရှိတော်မူ၏။ စိတ်ကူးရရှိတော်မူကာ ရတု၊ ကဗျာ၊ လင်္ကာသီချင်းများ ဖွဲ့တတ်ကုန်သော သူတို့အား ဘုရားသီတင်းသုံးတော်မူရာ ဝေဠုဝန်ဥယျာဉ်၏ တင့်တယ်သာယာဟန်ကိုသီကုံး၊ နှလုံးမွေ့လျော်ဖြစ်အောင် သီကုံးကြလေကုန်ဟု စေလွှတ်တော်မူ၏။

အကြင်သူသည် မွေ့လျော်ဖွယ်ဖြစ်သော မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတိုက်တော်ကို မမြင်ဖူးချေ။ ထိုသူသည် တာဝတိံသာ နတ်များစွာတို့ ပျော်ပါးမွေ့လျော်ရာဖြစ်သော နန္ဒဝန်ဥယျာဉ်

တော်ကို မမြင်ဖူးသောသူဟူ၍ ငါတို့မှတ်ထင်ကြကုန်၏။ အကြင်သူသည် နှစ်သက်မြတ်နိုးရာ မြတ်စွာဘုရား ကျောင်းတိုက်တော်ဖြစ်သော ဝေဠုဝန်ဥယျာဉ်ကို မြင်ဖူး၏။ ထိုသူသည် တာဝတိံသာ ဣန္ဒာ၊ သိကြား၊ နတ်များစွာတို့ ပျော်ပါးမွေ့လျော်ရာဖြစ်သော နန္ဒဝန်ဥယျာဉ်တော်ကို မြင်ဖူးသောသူဟူ၍ ငါတို့ထင်မှတ်ကြကုန်၏။ တာဝတိံသာ နတ်များစွာတို့သည် နန္ဒဝန် ဥယျာဉ်ကို ပင် ပယ်ရှားစွန့်ပစ်ခဲ့ကြ၍ လူတို့နေရာ မြေအပြင်သို့ ဆင်းသက်လာကြကာ မွေ့လျော်ပျော်ဖွယ်ရာဖြစ်သော ဝေဠုဝန် ကျောင်းတော်ကို ဖူးမြော်ကြကုန်လျက်၊ အလွန်အံ့ဩ ချီးမွမ်းကြကုန်လျက် ကြည့်ရှု၍မဆုံး၊ ဖူးမြော်၍မဆုံး ရောင့်ရဲတင်းတိမ်မှုဖြင့် တအံ့တဩ ငေးမောနေကြကုန်၏။ ရာဇဂြိုဟ်ပြည်ကြီး အရှင်ဘုရား မင်းမြတ် ဘုန်းကံပါရမီကြောင့်ဖြစ်သော ဘုရားရှင်၏ ဂုဏ်တော်တန်ခိုးတို့ဖြင့် တင့်တယ်ဆန်းကြယ် လှပစွာသော ဝေဠုဝန်ကျောင်းတိုက်တော်ကြီးကို မြင်ကြရကုန်သော လူအပေါင်းတို့သည် ရှု၍မငြီး၊ အံ့ဩ၍မဆုံးနိုင်ကြကုန်။

ခေမာဒေဝီ မိဖုရားကြီးသည် ဝေဠုဝန်ကျောင်းတိုက်ကြီး၏ ပြည့်စုံတင့်တယ် မွေ့လျော်ဖွယ်အစုံစုံရှိသော အကြောင်းအရာတို့ဖြင့် ဖွဲ့ဆိုသီကုံးသော

သီချင်းသံ၊ ကဗျာသံများကို နေ့စဉ်နှင့်အမျှ ခေမာသီ မိဖုရားနား၌ ကြားရ၍ အလွန်သာယာသော ကျောင်းတော်၊ အလွန်နှစ်သက်စရာကောင်းသော ကျောင်းတော်ဟု စိတ်ထဲတွင် ဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် ဝေဠုဝန်ကျောင်းတော်ဥယျာဉ်ကို ကြည့်ရှုလိုပါသည်။ ပျော်ရွှင်ကစားလိုသောစိတ် ဖြစ်ပေါ်လာပါသည်။ ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးအား လျှောက်ကြားတောင်းပန်လေသည်။ မင်းကြီးသည်လည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဥယျာဉ်တော်သို့ အခြံအရံများစွာ ခြံရံစေလျက် ခွင့်ပြုတော်မူရင်း ဤသို့မိန့်တော်မူလိုက်သည်။ "စည်းစိမ်ချမ်းသာ ကြီးလှစွာသော ခေမာမိဖုရား... အခြံအရံတို့ဖြင့်သွား၍ တင့်တယ်သော ဥယျာဉ်ကို ကြည့်ရှုချေလော့။ ဝေဠုဝန်ဥယျာဉ်သည် မျက်စိအရသာ ရှိ၏။ အခါခပ်သိမ်းသော အသရေတို့ဖြင့် ထွန်းလင်းတောက်ပ၏။ မြတ်စွာဘုရား၏ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တန်ဆာဆင်လျက် ရောင်စုံခြယ်လှယ် ပန်းစုံပန်းနွယ် အသွယ်သွယ်ဖြင့် လွန်စွာတင့်တယ် လှပေ၏"

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားအကြောင်း ထည့်သွင်းပြောဆိုလိုက်သည့်အတွက် ခေမာမိဖုရားသည် အဆင်းကိုအပြစ်တင်၍ဟောတော်မူတတ်သော မြတ်စွာ

ဘုရားအားမတွေ့လို၍ မြတ်စွာဘုရားရာဇဂြိုဟ်ပြည်တွင် ဆွမ်းခံကြွတော်မူနေသောအခါ ဝေဠုဝန်ကျောင်းတော် ဥယျာဉ်ကို ကြည့်ရှုရန်ထွက်လာခဲ့ပါသည်။ ဝေဠုဝန် ဥယျာဉ်တော်သို့ ရောက်သောအခါ ဆန်းကြယ်စွာ ပွင့်နေသော ပန်းအမျိုးမျိုးတို့ကို တအံ့တသြမြင်ရသည်။ ပန်းပွင့်တို့၏ အလယ်၌ ပျံကာဝဲကာ ပန်းဝတ်ရည် စုပ်သုံးနေကြသော ပိတုန်းတို့၏ တောင်ပံသံဖြင့် လည်းကောင်း၊ အသံသာစွာမြည်တတ်သော ဥဒေါင်းငှက် တို့၏ သီချင်းဖြင့်လည်းကောင်း ကြားနာနေရ၍ ခေမာသီ မိဖုရားနား၌ အရသာရှိစွာ ဖြစ်နေရှာ၏။ ဥဒေါင်းငှက် အပေါင်းတို့ကမြူးလျက်နေသည်ကို မြင်ရသဖြင့်လည်း မျက်စိအရသာရှိလှ၏။

လူသံမကြား၊ သူသံမကြား၊ တိတ်ဆိတ်လှစွာ လူအများနှင့် ရောပြွမ်းရှုပ်ယှက်မရှိ၊ ပကတိသန့်ရှင်း စင်ကြယ် မွေ့လျော်ဖွယ်သော စင်္ကြံလမ်းတို့ကိုလည်း ကောင်း၊ ကုဋီ၊ မဏ္ဍပ်၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်း ငယ်၊ ကျောင်းလတ် အရပ်ရပ်သော ကြည်နူးဖွယ်တို့ကို လည်းကောင်း လှည့်လည်ကာ ကြည့်ရှုနစ်သက်နေမိ သည်။ ဥယျာဉ်တော်အနှံ့ လှည့်လည်၍ ကြည့်ရှုသော အခါ ငြိမ်သက်စွာထိုင်နေသော ရဟန်းငယ်တစ်ပါးကို မြင်ရ၍ ဤသို့စိတ်အကြံ ဖြစ်ပေါ်လာပါ၏။

"ဤရဟန်းပျိုကလေးသည် အဆင်းတော်ကလည်း လှပါဘိသနဲ့။ အရွယ်တော်ကလေးကလည်း အသက်နှစ်ဆယ်အစိတ်သာသာပါတကား။ ဤကဲ့သို့ အရွယ်အဆင်းပြည့်စုံ ယောကျ်ားကလေးသည် ငါးပါးအာရုံ ကာမဂုဏ်၏အရသာကို စွန့်ပယ်လျက်၊ ဦးခေါင်းကို ပြောင်စွာရိတ်၍ ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်ရုံကာ တောမြိုင်အတွင်း၌ မပျင်းမရိ၊ သတိမဖောက် တစ်ယောက်ထီးတည်း ကမ္မဋ္ဌာန်းကိုရှု ရဟန်းပြု၍နေနိုင်ပေ၏တကား...။လူ့ဘဝ၌ လူတို့မည်သည်မှာ လူတို့ချမ်းသာ ကာမဂုဏ် အရသာကို ငယ်စွာ ပထမအရွယ်ကသာကောင်းစွာ ခံစား ပျော်ပါးမွေ့လျော်၍၊ နောင်အခါ အိုမင်းသောအရွယ်ရှိမှ တရားကိုကျင့်ဖို့ ကောင်းပါပေ၏တကား..."ဟု စိတ်အကြံ ဖြစ်ပေါ်ခဲ့ပါ၏။

ထို့နောက် ခေမာသီမိဖုရားသည် မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဂန္ဓကုဋိတိုက် တိတ်ဆိတ်နေသဖြင့် ဘုရားမြတ်စွာ မရှိဟုထင်ကာ မနီးမဝေးမှ

အသာချောင်းလျက် ငုံ့စောင်း၍ကြည့်လိုက်သောအခါ တက်သစ်စနေမင်းကဲ့သို့ ထွန်းလင်းသပ္ပာယ်ရောင်ခြည် အသွယ်သွယ်ဖြင့် တင့်တယ်တော်မူလှသော မြတ်စွာ ဘုရားကို မြင်ရသည်။မြတ်စွာဘုရားအပါးတွင် ချောမော လှပ၍ ငယ်ရွယ်သော မိန်းမပျိုတစ်ယောက်သည် မြတ်စွာဘုရားအား ယပ်လေခတ်၍ ပူဇော်နေသည်ကို တွေ့လေသည်။

ယပ်ခတ်၍နေသော မိန်းမပျိုကလေးသည် ရွှေ အဆင်းကဲ့သို့ ဝင်းဝင်းဝါဝါ ချောလှစွာ၏။ ပဒုမ္မာ ကြာပန်းကဲ့သို့ တင့်တယ်လှပစွာသောမျက်နှာ၊ မျက်လုံး၊ မျက်ခုံး၊ မျက်နှာ၊ မျက်စရှိ၏။ နီဖလံ ရွှေအဆင်းကဲ့သို့ ခြင်းခြင်းနီသော နှုတ်ခမ်းကလေး၊ သင်းခွေပန်းငုံ စံပယ် ငုံအသွေးကဲ့သို့ ဖြူဖွေးသန့်စင် ရှုချင်ဖွယ်ရှိသော သွား ကလေး၊ ယဉ်ကျေးသပ်ရပ် လျောက်ပတ်တင့်တယ် ရှုချင်ဖွယ်ရှိသော နားရွက်ကလေး၊ ရွှေမုရိုးစည်ပမာကဲ့သို့ ညီညာလုံးပြေ အနေအထား နှုတ်ထွားဖြောင့်စင်းသော လည်တိုင်ကလေးဖြင့် တင့်တယ်၍ မဆုံးအောင် လှပါ ပေသည်။ သီးနှသီးကင်းသဖွယ် တင့်တယ်လှပစွာသော ရင်သားကလေး၊ ရွှေပွတ်လုံးအလယ်ကဲ့သို့ သေးသွယ် နွဲ့နှောင်းညွတ်ပျောင်းသော ခါးကလေး၊ ရွှေငှက်ပျောပင် ကဲ့သို့ ချောမောပြေပြစ် လှပစွာသော ပေါင်တံကလေး၊

ညိုရောင်စိမ်းဖန့် နူးညံ့လှစွာသော ထဘီကလေးကို ဝတ်ဆင်ကာ ဝင်းဝင်းဝါဝါ နူးညံ့စွာသော တဘက်ပဝါ လေးကို ပခုံးထက်၌ စံပယ်တင်သိုင်းခြုံလျက် ကြည့်ရှု၍ မဝနိုင်အောင် ချောလှနုပျိုစွာသော မိန်းကလေးသည် ခေမာမိဖုရား၏ မျက်စိ၌ ကြည့်၍အရသာရှိလှ၏။ ဤဘဝတွင် ဤမျှလောက် ချောမောလှသော မိန်းမ လေးမျိုးကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးချေ။ လူတွင် မက နတ်ထက်ပင် ချောမောလှပသည်ဟု ဆိုချင်ပါ တော့သည်။

ဤသို့ လှပချောမွေ့ တင့်တယ်ပြေပြစ် ရှုချင့် စဖွယ်ရှိသော မိန်းမပျိုကလေးမှာ မြတ်စွာဘုရားဖန်ဆင်း ပြုလုပ်ထားသော အမျိုးသမီးကလေး ဖြစ်ပါသည်။

ခေမာမိဖုရားသည် ထိုလှပချောမောသော မိန်း ကလေးကို ကြည့်ရှု၍မဆုံးသော အမြင်ဖြင့်ကြည့်နေစဉ် လှပသောမိန်းကလေးသည် အဆင်းတစ်မျိုး အသွင်ဆိုး လျက် အရိုးအကြော အငေါငေါပေါ်ထွက်အဆင်းပျက်၍ မျက်စိနားနှာ ရုပ်ဝါချွတ်ယွင်း အိုမင်းခြင်းသို့ရောက် သဖြင့် ဟောက်ဖောက်ခွက်ထက် နက်သော မျက်တွင်း၊ ကျိုးနင်းသောသွား၊ ပါးရေတွန့်လိမ်၊ ဖြူသောဆံပင် ရှုချင်ဖွယ်မရှိ ပကတိမဟုတ် တုန်လှုပ်ဖောက်ပြန်၍ သွား၏။ ထိုမိန်းကလေး၏ တစ်ကိုယ်လုံးကို ရှုကြည့်

သောအခါ စောစောကမြင်ရသော အဆင်းရုပ်ဝါတို့သည် ဘာတစ်ခုမျှမရှိတော့ပြီ။ ကျုံးသောသွား၊ တွန့်လိမ်သော ပါး၊ မဲ့ခွက်သောနှုတ်ခမ်း၊ ဖြူဖွေးသောဆံပင်၊ အသား မရှိ အရေမျှဖြင့် တွဲလျားကျနေသောရင်သား၊ အရိုး အကြော ငေါငေါထွက်သော ခါး၊ ပျက်ပြားချွတ်ယွင်း အိုမင်းရင့်ရော်သော မိန်းမကြီးဖြစ်၍၊ အင်္ဂါကြီးငယ် တို့တွင် ရှုချင်ဖွယ်တစ်စုံတစ်ခုမျှ မမြင်၊ ကိုင်းညွတ်သော ကိုယ်ဖြင့် တုန်လှုပ်၍ တုတ်၊ တောင်ဝှေးကို ကိုင်စွဲလျက် တွဲခေါ်သော အဖော်ရှိမှ တုန်တုန်လှုပ်လှုပ် ထသွားနိုင် သည်။ ထိုသို့ တုန်တုန်လှုပ်လှုပ် တောင်ဝှေးကို ကိုင်စွဲ လျက် သွားရာမှလဲကျသဖြင့် မထနိုင်ဘဲ တလူးလူး တလွန့်လွန့်နေသော သူအိုမကြီးကို ခေမာမိဖုရားမြင်ရ၍ ကြက်သီးမွေးညင်းထကာ ထိတ်လန့်၍ လာပါသည်။ ထိုသို့ ခေမာမိဖုရား၏ ထိတ်လန့်တုန်လှုပ်ခြင်းကို သိမြင် တော်မူသော သုံးလူ့ထွတ်ထား မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူ၏။

"ရုပ်ဆင်းအင်္ဂါ ချောလှစွာသော သမီးတော်... ခေမာ...

ဤခန္ဓာကိုယ်ကြီးသည် နာကျင်ဆင်းရဲတတ်စွာ စက်ဆုပ်ရွံရှာဖွယ် တလွန့်လွန့်တလူးလူးနေသော သူအိုမကြီး၏ကိုယ်ကဲ့သို့ ချစ်သမီး၏ကိုယ်ထည်သည်

လဲည်း ရင့်ရော်ယိုယွင်း အိုမင်းတတ်သော သဘော တရားပင်ဖြစ်၏။ တလွန့်လွန့်တလူးလူးနေသော သူအိုမကြီး၏ ကိုယ်သည်လည်း ချစ်သမီး၏ကိုယ်ကဲ့သို့ ယခင်အခါက အလွန်လှ၏။ ယခုအခါ၌ကား ကြည့်ဝံ့စရာမရှိ၊ ကြောက်မက်ဖွယ်၊ ထိတ်လန့်ဖွယ်၊ စက်ဆုပ်ရွံရှာဖွယ် ဖြစ်နေ၏။

"ချစ်သမီးခေမာ...

ဤကိုယ်၏ အတွင်းကိုလည်းကောင်း၊ အပကိုလည်းကောင်း အကုန်အစင် ဟုတ်တိုင်းမြင်အောင် ဆင်ခြင်ကြည့်ရှု၍ မြင်အောင်ရှုသော် ဤကိုယ်၌ဖြီးလိမ်းဝတ်ဆင် တပြင်ပြင်တသသ တကြွကြွ အလှစုံမက် နှစ်သက်မြတ်နိုး၍ မနေပါလင့်။ အရိုး၊ အကြော၊ အသား၊ အရေ၊ အသွေး တစ်စုတခြားနေအောင် ခွဲဝေကြည့်ရှု အာရုံပြု၍ အသုဘသညာကို ဖြစ်စေလေလော့။ မြတ်နိုးခင်တွယ်ခြင်းကို စွန့်ပစ်လေလော့။ ခင်တွယ်မြတ်နိုးခြင်း လွတ်ကင်းလျှင် ငြိမ်းအေးချမ်းသာ ငြိမ်သက်စွာ ပြည်နိဗ္ဗာန်သို့ရောက်လတ္တံ့"

"ပင့်ကူမျှင်ကို ပြုလုပ်သော ပင့်ကူကောင်သည် မိမိပြုလုပ်သော ပင့်ကူမျှင်ကို အစဉ်လိုက်၍ လျှောက်သွားသကဲ့သို့ အကြင်သူတို့သည် မိမိကိုယ်ကို ဖြီးလိမ်းဝတ်ဆင် တပြင်တသသ တကြွကြွနေသော အဆင်း

ရုပ်ဝါ တဏှာအမျှင်ကို အစဉ်လိုက်၍ နေကြကုန်၏။ ဖြီးလိမ်းဝတ်ဆင်ပြင်၍၊ သ၍နေသော တဏှာအစဉ်ကို ပယ်ဖြတ်၍ တွယ်တွယ်တာတာ တဏှာမဖက် ငဲ့ကွက်ခြင်းမရှိကုန်သော ပညာရှိတို့သည် ကာမချမ်းသာကို ပယ်စွန့်၍ ရဟန်းပြုကြကုန်၏။ ချစ်သမီး...ခေမာ... ငါဘုရားဟောကြားသော တရားစကားကို ဆင်ခြင်လေလော့"

ထိုသို့ မြတ်စွာဘုရား တရားစကား ဟောကြားတော်မူသောအခါ ခေမာမိဖုရားသည် မြတ်စွာဘုရားဟောကြားသော တရားစကားကို နားစိုက်၍ စဉ်းစားဆင်ခြင်လျက် ကြည်လင်ခိုင်ခံ့ တည်တံ့သောစိတ်ဖြစ်၍လာပါသည်။ ထိုအခါ မြတ်စွာဘုရားသည် ခေမာမိဖုရား၏ စိတ်ငြိမ်သက်ကြည်လင်နေခြင်းကို သိတော်မူသဖြင့် "မဟာနိဒါနသုတ်"ကို ဟောတော်မူ၏။ ထို "မဟာနိဒါနသုတ်"ကို ခေမာမိဖုရားသည် ကဿမြတ်စွာဘုရား လက်ထက်တော်၌ နှစ်ပေါင်းနှစ်သောင်းကာလပတ်လုံး အိမ်ထောင်မပြုဘဲ "ကုမာရီဗြဟ္မစရိယသီလ"ကို စောင့်သုံးစဉ်အခါက နှုတ်ရဆောင်ခဲ့ဖူးပါသည်။ ယခု ထို "မဟာနိဒါနသုတ်"ကို အမှတ်ရလာကာ ရှေ့ဘဝကို မြင်လာပါသည်။ ခေမာမိဖုရားသည် ထိုနေရာ၌ပင် တည်ငြိမ်သောစိတ် ရှိသည်ဖြစ်၍

နိဗ္ဗာန်ကိုမြင်သောကြောင့် "သောတာပန်"ဖြစ်ခဲ့ပါသည်။ ထိုအခါ ခေမာမိဖုရားသည် မြတ်စွာဘုရားခြေတော်ရင်းသို့ဝပ်စင်းလျက် ဦးတိုက်ရှိခိုးကာ ဤသို့ဝန်ချတောင်းပန်ခြင်း ပြုတော်မူ၏။

"အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား...တပည့်တော်မ ခေမာသည် ရှိသေ မြတ်နိုး ရှိခိုးပါ၏ဘုရား...။ မဟာကရုဏာ ကြီးကျယ်စွာဖြင့် သတ္တဝါအများကို သနားတော်မူတတ်သော မြတ်စွာဘုရား။ အရှင်ဘုရားအား တပည့်တော်မသည် အရှင်ဘုရားအား ရှိသေမြတ်နိုးရှိခိုးပါ၏ ဘုရား... နိဗ္ဗာန်ချမ်းသာမသေရာကို ကောင်းစွာပေးသနားတော်မူသော အရှင်ဘုရား။ တပည့်တော်မ ခေမာသည် ရှိသေ မြတ်နိုးရှိခိုးပါ၏ အရှင်ဘုရား။ ကာမရာဂမိုက်မှောင်ကျ၍ ယွင်းခွဖောက်ပြား အထင်မှားလျက် အရှင်ဘုရားကို မမြင်လိုဘဲ ကိုယ်ကိုပျပြင် တန်ဆာဆင်လျက် တပြင်ပြင်တသသ မိုက်မှောင်ကျ၍နေသော အမိုက်မ ခေမာကို အရှင်ဘုရားသည် လိမ္မာသိမြင်တရားထင်အောင် ပုံသွင်ဆန်းကြယ် နည်းဥပါယ်ဖြင့် ချစ်ဖွယ်ရွံဖွယ် နှစ်သွယ်နှစ်ဝ ရုပ်ပြပုံပြ၍ ဆုံးမတော်မူတတ်ပါပေ၏။ အမိုက်မခေမာသည် မြတ်စွာဘုရား အနီးသားနှင့် မသွားရောက်လို၊ မမြင်လိုဘဲ ရှောင်လွှဲ

ပုန်းလျှိုးနေမိသောအပြစ်တို့ကို တောင်းပန်စကား လျှောက်ကြားပါ၏ မြတ်စွာဘုရား...”

ခေမာမိဖုရားသည် ဤသို့ မိမိမိုက်မှားသော အပြစ်များကို တောင်းပန်စကား လျှောက်ကြားသော အခါ ချိုသာသော၊ အသံတော်ရှိသော မြတ်စွာဘုရား သည် ကြည်အေးချမ်းသာ အေးမြစွာသော အမတ ရေစင်ဖြင့် သွန်းလောင်း ဆွတ်ဖျန်းတော်မူလျက် ချစ် သမီးခေမာ...ငါဘုရား ဆုံးမသောတရား၌ ကောင်းစွာ တည်၍နေလော့...”ဟူ၍ မိန့်တော်မူလေသည်။ ခေမာ မိဖုရားသည် မြတ်စွာဘုရားရှိခိုးပြီးလျှင် ဤသို့ လျှောက် ထားပြန်သည်။ ကိလေသာရန် ဘေးတန်တန်ကို အောင်လံစိုက်ထူတော်မူပေသော မြတ်စွာဘုရား... အရှင်ဘုရား စီမံဖန်ဆင်း၍ ပြတော်မူပေသော ရုပ်ပုံ ပြနည်းဥပါယ်သည် အလွန်အံ့ဩဖွယ် ကောင်းပါ၏။ တောကိုကြည့်ရှုလိုသော တပည့်တော်မသည် ထွေးရှုပ် တဏှာ တောလွတ်ရာမှ မြတ်စွာဘုရားကို ကောင်းစွာ မြင်ရပါပြီဘုရား...”

ခေမာမိဖုရားသည် မြတ်စွာဘုရားအား ဤသို့ လျှောက်ကြားပြီးနောက် နန်းတော်သို့ပြန်လာကာ ဗိမ္ဗိသာရမင်းကြီးအား အရှင်မင်းကြီး...အကျွန်ုပ်ခေမာ သည်အဆင်းရုပ်တရား၌ လွန်စွာငြီးငွေ့လှပါ၍ မြတ်စွာ

ဘုရားသာသနာတော်၌ ရဟန်းပြုပါတော့အံ့ဟု ဗိမ္ဗိသာရ မင်းကြီးထံ ခွင့်ပန်ကြားလျှင် မင်းကြီးလည်း လက်အုပ်ချီ တင်လျက် သာခုခေါ်ကာ သင်၏ ရဟန်းအဖြစ်သည် ပြီးမြောက်ပါစေဟု ခွင့်ပြုလိုက်ပေသည်။

ခေမာမိဖုရားသည် ရဟန်းပြု၍ ဆံယ့်ငါးရက် တိုင် ရောက်သောအခါ၌ ဆီမီးတောက်ခြင်းကိုလည်း ကောင်း၊ ဆီမီးငြိမ်းခြင်းကိုလည်းကောင်းမြင်၍ သံဝေဂ စိတ်ဖြင့် အလုံးစုံသော သင်္ခါရတရားတို့ကို ငြီးငွေ့စေ လျက် လေးဖြာယောဂ ကင်းပလွန်မြောက် အရဟတ္တ ဖိုလ်သို့ရောက်၏။ ခေမာထေရီ ရဟန္တာအဖြစ်သို့ ရောက်ပြီးနောက် တောရဏဝတ္ထုမြို့၌ ကောသလ မင်းကြီး မေးလျှောက်ခက်ခဲသော ပုစ္ဆာတို့ကို ဟုတ် မှန်ရာ ဖြေကြားလိုက်ပါသည်။ ထိုနောက် မင်းကြီးသည် မြတ်စွာဘုရားသို့ချဉ်းကပ်၍ ထိုပုစ္ဆာကိုမေးလျှောက်ရာ မြတ်စွာဘုရားသည် တပည့်မခေမာဖြေခဲ့သည့်အတိုင်းပင် ဖြေကြားတော်မူ၏။ ကောသလမင်းကြီးသည် အဖြေ ချင်းထပ်တူဖြစ်၍ အံ့သြချီးမွမ်း၏။ ထိုကဲ့သို့သောဂုဏ်ကို မြတ်စွာဘုရားနှစ်သက်တော်မူ၍ ခေမာထေရီ ရဟန္တာ မယ်အား "မဟာပညာ တေဒဂ်" အရာ၌တင်ထားတော် မူ၏။ "မဟာပညာ တေဒဂ်" ဖြင့် ချီးမြှင့်တော်မူလေ သတည်း။ — ။

# "ကြွေဒိမန္တီတောဒဂ်"ရ ဉပ္ပလဝဏ်ထေရီမယ်

သာဝတ္ထိပြည်၌ ကုဋေတစ်ရာ့ခြောက်ဆယ် ကြွယ်ဝသော သူဌေးကြီးတစ်ဦး၏ ဇနီးသည်၌ သမီးတစ်ယောက် ဖွားမြောက်လာသည်။ ထိုသူဌေးသမီးသည် ဖွားသစ်စအခါကပင် ကြာညိုတိုက်၏ အတွင်းရောင်နှင့်တူသော ကိုယ်အဆင်းရှိရကား "ဉပ္ပလဝဏ်" ဟူသော အမည်ကို မှည့်ကြလေသည်။ ကိုယ်၏ရနံ့လည်း ကြာညိုနံ့ကဲ့သို့ သင်းပျံ့မွှေးထုံ၏။ မွှေးကြိုင်ပျံ့လှိုင်လျက် ရှိ၏။ မြင်မြင်သမျှသောသူတို့ ငေးကြည့်ရလောက် မွှေးကြိုင်ပျံ့သင်း ရနံ့နှင်းလျက်ရှိ၏။ ထိုမိန်းမငယ်သည် အရွယ်သို့ရောက်သော် မြင်မြင်သမျှ

ယောက်ျားမိန်းမတို့သည် ချီးပအံ့သြ၍ အဆင့်ဆင့် ပြောကြသဖြင့် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ထင်ရှားကျော် စောပေ၏။ ထိုအခါ တစ်ရာ့တစ်ပါးသော ထီးဆောင်း မင်းအပေါင်းတို့သည်လည်းကောင်း၊ စည်းစိမ်ကြီးကျယ် သော သူဌေးသူကြွယ်တို့သည်လည်းကောင်း၊ အောင် သည့်တမန်(အောင်သွယ်)ဖြင့် ဖခင်သူဌေးကြီးထံ၌ "ဥပ္ပလဝဏ်"ကို တောင်းခံလာကြလေ၏။ သူဌေး၊ သူကြွယ်၊ မင်း၊ မင်းသား၊ ပုဏ္ဏား စသည်တို့ ဟိုလူက တောင်း၊ ဒီလူကတောင်းဖြင့် များပြားလာလေတော့ သည်။

ထိုအခါ အဖသူဌေးကြီးသည် ဤသို့ ကြံ၏။ ငါသည် ဤသမီးတစ်ယောက်မျှ တောင်းဆိုလာကြ သော မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်တို့၏ နှလုံးကို ပြည့်စုံစေခြင်းငှာ အသို့တတ်နိုင်ပါအံ့နည်း။ မတတ် နိုင်ရာ။ ငါ၌လည်းကောင်း၊ သမီး၌လည်းကောင်း ရန်ကင်းကြောင်းဖြစ်သော ဥပါယ်တံမျဉ်ကို ပြုအံ့ဟု အကြံရကာ သမီးကိုခေါ်၍ ဤသို့မေး၏။

ချစ်သမီး...ဥပ္ပလဝဏ်...သမီးသည် ဤလူ့ဘုံ လူ့လောကကြီးဝယ် ကာမဂုဏ်ဖြင့် မရွှင်မြန်းဘဲ၊ မပျော်ပိုက်ဘဲ၊ သမီး ဘုရားသာသနာတော်၌ ရဟန်း ပြုနိုင်ပါအံ့လော့။ ပြုနိုင်မပြုနိုင် အဖသိလိုပါသည်ဟု

မေးမြန်းလေရာ ဥပ္ပလဝဏ် အမျိုးသမီးကလေးက လည်း နောက်ဆုံးပစ္ဆိမဘဝ၌ တည်သူဖြစ်ရကား အဖ...အဖမဆိုမီကပင် သမီးရဟန်းပြုလိုသော ဆန္ဒ ရှိနေတာ ကြာပါပြီ။ ထို့ကြောင့် ဖခင်...သမီးကို ရဟန်းပြုခွင့်ပေးပါ။ ရဟန်းပြုလိုပါ၏ဟု ဝမ်းမြောက် ဝမ်းသာ ခွင့်တောင်းရှာသည်။ ထိုအခါ ဖခင်နှင့်မိခင် တို့သည် အားရရွှင်လန်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် သမီးကလေး ဥပ္ပလဝဏ်အား ရတနာထမ်းစင်ဖြင့် တင်လျက် ဘိက္ခုနီကျောင်းသို့ ပို့ဆောင်၍ ရဟန်းပြု ပေးလေ၏။

ဥပ္ပလဝဏ် အမျိုးသမီးသည် ရဟန်းပြုပြီး၍ မကြာမြင့်မီ စတုဒ္ဒသီဥပုသ်နေ့နှင့်ကြုံ၍ ဥပုသ်အိမ်၌ ဆီမီးထွန်းလှည့်ကျ၏။ ဆီမီးထွန်းညှိရင်း တပြောင် ပြောင် တောက်လောင်နေသော ဆီမီးရောင်ကို အာရုံ စောလျက် တေဇောကသိဏ်းကိုရှုသဖြင့် ရှစ်ဆင့်သော ရူပဈာန်၊ အရူပဈာန်တို့သို့ရောက်ကာ ဝသီဘော်ငါးတန် ဖြင့် ထိုဈာန်ကိုဝင်စားပြီးမှ ၎င်းဈာန်ကို ပါဒကပြု လျက် ရှုအပ်သော ဝိပဿနာဉာဏ်ဖြင့် မဂ်လေးတန်ကို တဏှာမခြားဘဲ ရဟန်းဖြစ်သွားလေ၏။ ဥပ္ပလဝဏ် ထေရီအရှင်မသည် အရဟတ္တဖိုလ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဣဒ္ဓိဝိဓသော အဘိညာဉ်တို့သည် သူ

မယှဉ်နိုင်အောင် ဖြစ်လေသည်။ ထို့ကြောင့် မြတ်စွာဘုရား ရေ၊ မီးအစုံစုံ တီတ္ထိတို့အား တန်ခိုးပြာဋိဟာတို့ကိုပြကာ နှိမ်နင်းအံ့သောကာလ၌ ဥပ္ပလဝဏ်ထေရီသည် မိမိတန်ခိုးပြလိုကြောင်း ရဲရင့်စွာလျှောက်ထားဝန်ခံခြင်း ဖြစ်သည်။ ထိုအကြောင်းကြောင့် နောင်နှောင်းသောအခါဝယ် မြတ်စွာဘုရားသည် ဥပ္ပလဝဏ်ထေရီအား တန်ခိုးကြီးသောအရာ၌ ဧတဒဂ်သနား၍ "ဣဒ္ဓိမန္တီ ဧတဒဂ်" အရာ ထားတော်မူလေသည်။

ထို့နောက် ဥပ္ပလဝဏ်ထေရီသည် မြတ်စွာဘုရားအား ရှိခိုး၍ ဤသို့လျှောက်ကြား၏။ "မဟာမုနိ မည်တော်ရှိသော မြတ်စွာဘုရား... တပည့်တော်မ ဥပ္ပလဝဏ်သည် ဇာတိသံသရာမှလွတ်မြောက် နိဗ္ဗာန်သို့ရောက်၍ အလုံးစုံသောဒုက္ခမှ ကင်းလွတ်ပါပြီဘုရား။ ထိုအကြောင်းကို အရှင်ဘုရားအား လျှောက်ကြားပါသည် ဘုရား။ သံသရာ၌ ကျင်လည်၍ လာခဲ့ရသော တပည့်တော်မအား အကယ်၍ ချွတ်ချော်မှားယွင်းသော အပြစ်များရှိပါအံ့။ ထိုအပြစ်များကို တောင်းပန်စကား လျှောက်ကြားပါ၏။ တပည့်တော်မ၏ အပြစ်ကြီးငယ် အသွယ်သွယ်ကို သည်းခံတော်မူပါဘုရား"

ထိုအခါ မြတ်စွာဘုရားသည် ဥပ္ပလဝဏ်ထေရီအား "ငါဘုရားဆုံးမတိုင်းပြုကျင့်တတ်သော သမီးတော်

ဥပ္ပလဝဏ်...ယနေ့ ပရိသတ်လေးပါးတို့သည် စည်းဝေးနေကြကုန်၏။ ဥပ္ပလဝဏ်ထေရီသည် တန်ခိုးကြီးလှသည်ဟု ကျော်စောရ၏။ ကျော်စောတိုင်း ဟုတ်သည်၊ မဟုတ်သည်ကို ပရိသတ်လေးပါးတို့ ယုံမှားသံသယကို ပယ်ဖျက်သောအားဖြင့် ချစ်သမီး...တန်ခိုးပြဦးလော့” ဟု မိန့်တော်မူ၏။

ဥပ္ပလဝဏ်ထေရီသည် မြတ်စွာဘုရား၏ မိန့်တော်သံအဆုံးတွင် ဤသို့လျှောက်ထားသည်။ သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရား... အရှင်ဘုရား၏ သမီးတော်သည် များစွာခဲယဉ်းသော ပါရမီကို ဖြည့်ဆည်းပူးခဲ့ပါသည်။ တပည့်တော်မ၏ အဆင်းသည် ကြာညိုပန်းအဆင်းနှင့် တူသောကြောင့် “ဥပ္ပလဝဏ်”ဟူ၍ ခေါ်တွင်ကြပါသည်။ တပည့်တော်မသည် အရှင်ဘုရား၏ခြေတော်အစုံကိုဦးခိုက်ကာ တန်ခိုးအစွမ်းကို ပြသပါမည်။ တပည့်တော်မ၏ တန်ခိုးအစွမ်းကို ရှုစားတော်မူပါဘုရား...”ဟု လျှောက်ထားပြီး ဥပ္ပလဝဏ်ထေရီသည် မြတ်စွာဘုရားအား ဦးတိုက်ရှိခိုးရင်းဖြင့် ဈာန်ဝင်စားကာ ကောင်းကင်သို့ ပျံတက်သွားလေ၏။

အထူးထူးအထွေထွေ မရေတွက်နိုင်ဆန်းကြယ်လှစွာ အံ့ဩဖွယ်ရာသော တန်ခိုးအစွမ်းကိုပြတော်မူ၏။

သူငယ်များသည် ဆီကိုလက်ခုပ်ထဲမှထည့်၍ ကစား သကဲ့သို့ စကြဝဠာပမာဏရှိသော လက်ဖန်ဆင်းလျက် လေးခင်းသော သမုဒ္ဒရာ၌ ရှိသောရေကို အကုန်ယူ၍ ထည့်သည်။ ပထဝီမြေကြီး အလုံးစုံကို အကုန်ယူ၍ ထည့်၏။ စကြဝဠာမျှ ကြီးမားသောလက်ကိုဖန်ဆင်း၍ ဦးခေါင်းထက်၌ဖြန့်မိုးလျက် အထူးထူးသော အဆင်း ရှိသော မိုးပေါက်တို့ကို ရွာစေ၏။ ပထဝီမြေကြီးကို ဆုံပြု၍ ကျောက်စရစ်ခဲရှိသရွေ့ကို စပါးပြုလုပ်ကာ မြင်းမိုရ်တောင်ကို ကျည်ပွေ့ပြုလုပ်၍ စပါးထောင်း သကဲ့သို့ ကြေညက်အောင် ထောင်း၍ပြ၏။ ဥပ္ပလဝဏ် ထေရီ ရဟန္တာမသည် မြတ်စွာဘုရားအားရှိခိုးလျက် အထူးထူးအပြားပြား ဆန်းကြယ်စွာတန်ခိုးပြသောအခါ ပရိသတ်ထုကြီးသည် အလွန်အံ့သြ၍ လက်အုပ်ချီကြ သည်။ ချီးမွမ်းထောမနာပြုကြသည်။

အားလုံးသောပရိသတ်များက "အရှင်မဥပ္ပလဝဏ် ဘုရား...အရှင်မသည် မြတ်စွာဘုရား၏ သမီးတော် ဖြစ်၍ ကြီးကျယ်သောတန်ခိုးဖြင့် ပြည့်စုံပါပေ၏။ ရှေးရှေးသောဘဝတို့က အဘယ်ပါရမီကို ဖြည့်ခဲ့ပါ သနည်း။ တပည့်တော်၊ တပည့်တော်မတို့ ကြားနာ ရအောင် ပါရမီအပါဒါန်တရားကို ဟောကြားတော်မူပါ အရှင်မဘုရား...."

ပရိသတ်များသည် လက်ယှက်ထိုး၍ ရှိခိုးတောင်းပန်ကြသဖြင့် ဥပ္ပလဝဏ္ဏာရဟန္တာမသည် ၎င်း၏ "ပုဗ္ဗကမ္မ" ရှေ့ကပြုလုပ်ခဲ့သော ကိစ္စအဝဝကို ဟောကြားတော်မူလေသတည်း။ ။

## "အဂ္ဂဝိနယဓာရီဧတဒဂ်" ရ
## ပဋာစာရီထေရီမယ်

ငါတို့ ဂေါတမဘုရား ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ တစ်ဦးသော သူဌေးအိမ်တွင် သူဌေးသမီးတစ်ဦး ဖွားမြင်ခဲ့သည်။ ထိုသူဌေးသမီးအပျိုကလေးသည် အရွယ်သို့ရောက်သောအခါ မိမိအိမ်တွင် ခိုင်းစေနေသော အစေခံယောကျ်ားနှင့် တိတ်တိတ်ပုံးမှားယွင်းနေသည်။ တစ်ဦးနှင့်တစ်ဦး ချစ်ကျွမ်းဝင်နေကြသည်။ အမိအဖတို့ မသိကြ။ အမိအဖတို့က အမျိုးတူသော သူဌေးသားနှင့် ပေးစားလက်ထပ်ရန် နေ့ရက်ချိန်းထားသည်ကို သူဌေးသမီးသိလျှင် မိမိချစ်ကျွမ်းဝင်၍နေသော အစေခံယောကျ်ားကိုခေါ်၍

အမိအဖများမသိအောင် အိမ်နောက်ဖေးတံခါးငယ်မှ ထွက်ပြေး၍ တစ်ခုသောရွာငယ်တွင် နေထိုင်ကြလေ၏။ တဲအိုအိမ်အိုပေါ်မှာနေရ၊ ချစ်တာချစ်တာ ပဲခါန ဆိုသကဲ့သို့ အိမ်စုတ်အိမ်ချာနှင့်နေရသော်လည်း သူတို့နှစ်ဦးမှာ ပျော်မြူးနေကြသည်။

အစေခံကျွန်ယောက်ျားနှင့်လိုက်သွား၍ ရက်လကြာသောအခါ သားဦးသန္ဓေတည်နေလာရှာသည်။ ကိုယ်ဝန်ရင့်သောအခါ ဆွေညာကင်းဝေး ရပ်တစ်ကျေး၌ သားမွေးကိစ္စ မသင့်လှ၍ မိဘတို့ထံ ပြန်ပို့ပါဟု အစေခံကျွန်ယောက်ျားကို ပြောဆိုသောအခါ ထိုနေ့သွားမည်၊ ဤနေ့သွားမည်ဟု ရက်ရှည်ဆွဲထားသဖြင့် ချစ်ယောက်ျားမရှိခိုက် အထုပ်အပိုးများကို သင့်ရာအိမ်သို့ထားပြီးလျှင် အိမ်နီးနားချင်းများကို မှာထားပြီး တစ်ယောက်တည်း ထွက်လာ၏။ အစေခံ မောင်ဒါသ ရောက်လာ၍ အိမ်မှာမမြင်သဖြင့် အိမ်နီးချင်းတို့၏ ပြောစကားနှင့် သနားစိတ်ဖြစ်ကာ ငါ့ကိုအမှီပြု၍ သူဌေးသမီးမှာ ကိုးကွယ်ရာဖြစ်ရတော့မည်ဟု ပူပန်သောစိတ်ဖြင့် အမျိုးသမီးသွားရာနောက်သို့ အလျင်အမြန်လိုက်လေရာ မြို့ရွာအနီး ခရီးလမ်းအကြားတွင် သားမွေးနေသည်ကို တွေ့ရှိ၏။ သားမွေးခြင်းကိစ္စ ပြီးသဖြင့် မိဘတို့ထံပြန်လိုသောစိတ် မရှိသဖြင့် လင်

ယောက်ျားခေါ်ရာ အိမ်သို့ပြန်လာပြီးလျှင် တောရွာ၌ပင် နေပြန်၏။

ထိုနောက် တစ်ဖန်ကိုယ်ဝန်ရှိလာသောအခါ ရှေးအတူ မိဘတို့ထံပြန်၍ သားဖွားမည်ဟု အစေခံ မောင်ဒါသကို မပြောမဆိုဘဲ လာခဲ့ပြန်ရာ လမ်းခရီး အကြား အစေခံကိုဒါသ လိုက်လာ၍ မိပြန်လေသည်။ ထိုအခါ၌ အမျိုးသမီးသည် ကမ္မဇလေလှုပ်ရှားသဖြင့် ကြီးမားဆင်းရဲစွာ ဝမ်းဗိုက်နာကာ သားကလေးဖွား မြင်လာပြန်သည်။ သားဖွားဆဲအခါတွင် ကြီးစွာသော မိုးကြီးသည် သည်းထန်စွာရွာလေ၏။ ထိုအခါ ချစ်လင် ကိုဒါသကို မိုးလုံရာဌာနရအောင်ရှာခိုင်းလေရာ ကိုဒါသ လည်း ထိုမှဤမှ ကြည့်ရှုရှာဖွေသောအခါ မြက်တို့ဖြင့် ဖုံးအုပ်နေသော ချုံတစ်ခုကိုမြင်၍ ထိုချုံသို့သွားပြီး လက်မှာပါလာသော ပဲခွပ်ဖြင့် မြက်ဖုံးနေသော တောင် ပို့တွင်း၏အထက်မှ သစ်သားကို ခုတ်ဖြတ်သောအခါ တောင်ပို့အတွင်းမှ အဆိပ်ထန်သော မြွေဟောက်သည် ဒေါသမာန်ထွက်၍ ကိုဒါသကို ပေါက်သဖြင့် ထိုနေရာ ၌ပင် လူးလဲ၍ သေခြင်းသို့ရောက်ရာလေသည်။ စည်းစိမ် ချမ်းသာကြွယ်ဝသော သူဌေးသမီးသည် ကာမဝိတက် နှောင့်ယှက်၍ အိမ်၌ခိုင်းစေသော ကိုဒါသနှင့်မှားယွင်းပြီး ကြီးမားသော ဆင်းရဲခြင်းကိုခံရလျက် ကိုဒါသ လာခဲလှ

သည်ဟု မျှော်ကာရှုကြည့်နေစဉ် နေဝင်၍သွားသဖြင့် တစ်ညလုံး သည်းထန်စွာရွာသွန်းသော မိုးရေထဲ၌ စိုရွှဲသောအဝတ်ဖြင့် ဖုံးအုပ်လျက် လေတိုက်မိုးစိုသဖြင့် ငိုကြွေးသောကလေးငယ်နှစ်ယောက်ကို ရင်ခွင်အကြား၌ ထား၍ ပုဆစ်ဒူးနှစ်ဖက်ကို တုပ်ကွေးကာ မြေကြီးမှာ ဝပ်ပြီး တစ်ညလုံး ဆင်းရဲကြီးစွာ ခံစားနေရရှာသည်။

နံနက်မိုးသောက်အလင်းသို့ ရောက်သောအခါ ခြင်းခြင်းနီထွေး မွေးခါစသားကလေးကို အဝတ်နှင့် ပိုက်ထွေး၍ သားအကြီးကို လက်မှာဆွဲလျက် လင်ယောကျ်ား၏ သွားရာလမ်းသို့ လိုက်သည်ရှိသော် တောင်ပို့အနီး၌ ကိုးကွယ်ရာမဲ့ သေဆုံးနေသည်ကို မြင်လျှင် ငါ့ကိုအမှီပြု၍ ငါ၏ချစ်လင် သေဆုံးရလေခြင်းဟု မြည်တမ်းငိုကြွေးလျက် ပြန်လာခဲ့၏။ တစ်ညလုံး ရွာသွန်းသောမိုးရေဖြင့် ဒူးပုဆစ်မျှရှိသည့် ရေစီးရှိသော ချောင်းငယ်တစ်ခုသို့ရောက်လျှင် ဆင်ခြင်တုံတရား နည်းပါးလှသဖြင့် သားငယ်နှစ်ယောက်နှင့် ချောင်းငယ်ကို ရေကူးသွားခြင်းငှာ မဝံ့ရကား သားအကြီးကို ဤမှာဘက်ချောင်းငယ်ကမ်း၌ ထားခဲ့၍ မွေးခါစဖြစ်သော သားတစ်အဆင်း ခြင်းခြင်းနီထွေး သားငယ်ကလေးကို ပိုက်ချီကာ ထိုမှာဘက်မြစ်ချောင်းငယ်ဘက်သို့ကူးလျက် တစ်ဖက်ကမ်းသို့ရောက်လျှင်

သစ်ခက်တို့ကိုချိုးကာ မြေမှာခင်း၍ အဝတ်ဖြင့် ထွေးကာ သစ်ခက်ပေါ်တွင်ဖုံးပြီး သားနီတျာကလေးကို သိပ်ထားခဲ့၏။

ထို့နောက် ဆင်းရဲဒုက္ခသည် အမျိုးသမီးသည် ဤမှာဘက်ကမ်းရှိ သားအကြီးကိုဆောင်ယူရန် ပြန်လာ၍ ချောင်းငယ်သို့ကူးသောအခါ သိပ်ထားခဲ့သော သားနီတျာရဲကလေးကို ပြန်ကာလှည့်ကာ မကြာမကြာ မျှော်လျက် ချောင်းငယ်အလယ်သို့ ရောက်လာ၏။ ထိုအခါ စွန်ရဲတစ်ကောင်သည် မွေးခါစသားနီတျာရဲကလေးကို သားတစ်ဟုထင်ပြီး ထိုးသုတ်ချီယူသွားရာ လက်နှစ်ဖက်တို့ကိုမြှောက်၍ အော်ဟစ်ခြောက်သည်ကို ဤမှာဘက်ချောင်းငယ်၌ ထားခဲ့သော သားကြီးမှာ သူ့အား အမိခေါ်သည်ဟုထင်မှတ်၍ ချောင်းငယ်ရေထဲသို့ လျှင်စွာပြေးဆင်းသောအခါ ရေစီးဖြင့် မျောပါသွားသဖြင့် သေဆုံးရှာပြန်လေသည်။ သားငယ်ကို စွန်သုတ်၊ ရေနစ်၍ သားကြီးသေ၊ လင်ယောကျ်ားလည်း မြွေကိုက်၍ လမ်းမှာသေ၊ သားနှစ်ယောက် လင်တစ်ယောက်ကို ရှေ့နောက်မကွာဆက်ကာ လက်ငင်းချက်ချင်းခဏသုံးယောက်လုံးသေကြ၍ သောကလောင် မီးပူအားကြီး၍ ရင်တီးလက်ခတ် ငိုညည်းကပ်ကာ ဆက်၍သွားပြန်လျှင် သူဌေးသမီး ပူဆွေးသောကဗျာပါဒဖြင့် မိမိနေရာ

သာဝတ္ထိပြည်မှလာသော ခရီးသွားယောကျ်ားတစ်ယောက်နှင့်တွေ့၍ အမောင်... ဘယ်အရပ်သားပါနည်းဟု မေးသောအခါ သာဝတ္ထိပြည်သားဖြစ်ကြောင်းပြော၍ သာဝတ္ထိပြည် ဤမည်သောလမ်း၊ ဤမည့်သောသူဌေးကိုသိပါ၏လော...ဟု မေးလျှင် ထိုသူဌေးကိုသိပါ၏။ ထိုသူဌေးအကြောင်းကို မမေးပါလင့်။ မေးလိုလျှင် တစ်ပါးသောအကြောင်းကို မေးပါလော့...ဟု ဆိုလေရာ တစ်ပါးသောအကြောင်းကို မမေးလိုပါ။ ထိုသူဌေးကိုသာ မေးလိုပါသည်။ အမိငယ်...သင်သည် မပြောလိုသည်ကို အခွင့်မပေးထပ်၍မေး၏။ ယမန်နေ့ တစ်ညလုံးရွာသော မိုးကြီးကို သင်မြင်ပါ၏လော...ဟု မေးသောအခါ မြင်ပါ၏မောင်...ငါသည်လည်း တစ်ညလုံးရွာသော မိုးစိုထဲ၌နေရ၏။ ထိုအကြောင်းကို နောက်မှပြောပါ၊ ထိုသူဌေးများအကြောင်းကိုသာ ဦးစွာပြောပါ... ဟု မေး၏။

အမိငယ်... ယမန်နေ့က ရွာသောမိုးကြီးဖြင့် သူဌေးကြီး၊ သူဌေးကတော်ကြီးနှင့် သားကြီးတစ်ယောက်၊ ဤသုံးယောက်ကို တိုက်ပြိုပိသဖြင့် တစ်ပြိုင်တည်း မီးသဂြိုဟ်ရ၏။ ဟိုမှာ...မီးခိုးတထောင်းထောင်း၊ တလူလူနေသော နေရာကိုကြည့်ပါလော့...ဟု လက်ညှိုးထိုးကာ မီးကိုပြသောခဏ၌ ကိုယ်မှခါးဝတ်လျှောကျ၍

ကျွတ်သည်ကိုကျွတ်မှန်းမသိ၊ သတိမရသော ပူဆွေး ဒုက္ခသော အဖြစ်သို့ရောက်၍ အမယ်လေးတော့... သားနှစ်ယောက်လည်းသေ၊ လင်လည်းသေ၊ အမိအဖ လည်းဆုံး၊ မောင်လည်းဆုံး၊ အားလုံးရှို့မြိုက်၊ မီးလောင် တိုက်၊ သားနှစ်ယောက်လုံးသေ၊ လင်လည်းသေ၊ အမိအဖလည်းဆုံး၊ မောင်လည်းဆုံး အားလုံးမီးတိုက် ရှို့၍မြိုက်လောင်တိုက် အပူပွက်ပွက်ဆူ...ဟူ၍ အခါခါ ဆိုမြည်လျက် ရူးသွပ်ရှာလေသတည်း။

ထိုအခါမှစ၍ ကိုယ်မှအဝတ်လျှောကျ၍ ကျွတ် သဖြင့် အဝတ်မရှိ ဗလာကိုယ်ဖြင့် ထိုအရပ်၊ ဤအရပ် သို့ လှည့်ပတ်သွားလာ၍နေသောကြောင့် "ပဋာစာရီ" ဟူသောအမည်ဖြင့် ခေါ်တွင်လာခြင်း ဖြစ်လေသည်။

ပဋာစာရီအမည်ရသော အမျိုးသမီးသည် အဝတ် မပါဗလာကိုယ်ဖြင့်လှည့်ပတ်သွားလာနေသည်ကိုအချို့ သူတို့က ဟဲ့...အရူးမသွားလော-မလာနဲ့ဟု ဆိုသူဆို၊ ဦးခေါင်းထက်၌ အမှိုက်လောင်းသူလောင်း၊ မြေမှုန်ဖြင့် ပက်သူပက်၊ အုတ်ခဲကျောက်ခဲတို့ဖြင့် ပစ်သူကပစ်၊ ညစ်ထေးပေရေ ပိန်ချုံး၍နေလေသည်။

တစ်နေ့သ၌ မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ များစွာသောပရိသတ်အလယ်၌ တရား ဟောတော်မူသောနေရာသို့ အရူးမပဋာစာရီ လှည့်လည်

လာသည်ကိုမြင်တော်မူလျှင် ပဋ္ဌာစာရီ၏ ပါရမီဉာဏ် ရင့်ပြီးသည်ကို ကြည့်တော်မူ၍ "ကျောင်းတိုက်အတွင်း သို့ဝင်လာစေသတည်း"ဟု အဓိဋ္ဌာန်တော်မူ၍ ကျောင်း တိုက်အတွင်းသို့ လာလေ၏။ မြင်သောသူတို့သည် ဤအရူးမကို လာခွင့်မပေးကြကုန်လင့်...ဟု ပြောဆိုကြ ကုန်၏။ မြတ်စွာဘုရားသည် ဤသူမကို မတားမြစ်ကြ ကုန်လင့် လာပါစေ...ဟု မိန့်တော်မူ၍ မနီးမဝေးသို့ ရောက်သောအခါ "သတိရစေလော့"ဟု သတိပေး တော်မူသဖြင့် မြတ်စွာဘုရား၏ အာနုဘော်ကြောင့် သတိရလာသောအခါတွင် အဝတ်မပါမှန်းသိ၍ ရှက် ကြောက်ကာ ဒူးပုဆစ်ချ၍ မြေမှာဝပ်တွားကာ နေလေ ၏။ ထိုအခါ ယောက်ျားတစ်ယောက်သည် အပေါ်ရုံ ပုဆိုးပိုင်းတစ်ခုကို ပစ်၍ပေးလိုက်၏။ ထိုပုဆိုးကို ကောက်ယူဖုံးလွှမ်းလျက် မြတ်စွာဘုရား၏ခြေတော်ရင်း သို့ကပ်ပြီးလျှင် ငါးပါးသောတည်ခြင်းဖြင့် ဦးချရှိခိုး၍ တပည့်တော်မ၏အားထားမှီခိုရာ ဖြစ်တော်မူပါဘုရား။ တပည့်တော်မ၏ သားငယ်ကို စွန်ချီ၍သွားပါသည်။ သားကြီးမှာ ရေမျော၍ သွားပါသည်။ လင်ယောက်ျား သည်ကား...လမ်းခရီးတွင်သေဆုံး၍ အမိအဖရှိရာလာ ခဲ့သောအခါ အမိအဖနှင့် မောင်ကြီးတို့မှာ တိုက်ပြိုပိ၍ သုံးယောက်စလုံးတစ်ပြိုင်နက် မီးသင်္ဂြိုဟ်သော မီးကို

သာမြင်ရပါတော့သည်ဘုရား...ဟု ပူဆွေးခန်းအစုံစုံကို လျှောက်ထားလေတော့သည်။

ထိုအခါ မြတ်စွာဘုရားသည် ချစ်သမီး ပဋာစာရီ...အတွေတွေအရာရာကြံစည်၍မနေလင့်၊ ချစ်သမီး၏ မှီခိုအားထားရာသည် ငါဘုရားဖြစ်နိုင်၏။ အားထားလောက်သော ငါဘုရား၏အထံသို့ ချစ်သမီးရောက်၍လာ၏။ချစ်သမီးသည်သားနှစ်ယောက်၊လင်တစ်ယောက်၊ အမိအဖ၊မောင်ကြီးတို့သေဆုံး၍ ငိုကြွေးရသောမျက်ရည်ကဲ့သို့ သံသရာဘဝအဆက်ဆက်က ငိုကြွေးခဲ့ဖူးသော မျက်ရည်တို့သည် မဟာသမုဒ္ဒရာလေးစင်းရေထက် များသေး၏...ဟု မိန့်တော်မူ၏။ ဤသို့ မြတ်စွာမိန့်တော်မူသောအခါ ပဋာစာရီသည် ပူဆွေးသောသောကမီးများ အေးငြိမ်းသွားသဖြင့် စိတ်ကြည်လင်လာတော့သည်။ ထိုအခါ မြတ်စွာဘုရားသည် ဆက်လက်၍ သေမင်းယုတ်သည် နိပ်စက်သောသူ၏ ကိုးကွယ်အားထားစရာ သားသမီးတို့ မရှိကုန်။ ဆွေမျိုးတို့သည် မရှိကုန်။ အဆွေခင်ပွန်းတို့လည်း မရှိကုန်။ ဆွေမျိုးတို့၌ ကိုးကွယ်အားထားစရာမရှိ။ ဤသို့သောသဘောကိုသိ၍ပညာရှိသည် သီလကိုစောင့်စည်းလျက် နိဗ္ဗာန်ရောက်ကြောင်း မဂ်လမ်းကောင်းကို လျင်စွာသာလျှင် သုတ်သင်ရာ၏ အစ ရှိသောတရားကို ဟောတော်မူသောအဆုံး၌ ပဋာစာရီ

သည် "သောတာပန်"တည်လေ၏။ထိုနောက် ပဋာစာရီ သည် ရဟန်းမိန်းမပြုခွင့်တောင်းသဖြင့် ဘိက္ခုနီတို့ထံသို့ ပို့ပေးတော်မူ၏။ ပဋာစာရီသည် ရဟန်းမိန်းမပြုပြီး နောက် အထက်မဂ်သုံးပါးအလို့ငှာဖြစ်ပျက်ကမ္မဋ္ဌာန်းကို စီးဖြန်းလျက် တစ်နေ့သဌ် ရေကိုယူ၍ ခြေဆေး၏။ ခြေဆေးသောအခါ အနည်းငယ် စီးဆင်းသွားသော ရေသည် ခန်းခြောက်၍ ပြတ်သွား၏။ ဒုတိယအကြိမ် လောင်းသောရေသည် ထို့ထက် အနည်းငယ်ပိုလွန်၍ စီးသွားပြီးလျှင် ခန်းခြောက်၍သွားသည်ကို အာရုံခံယူ၍ ရေလောင်းပြန်ရာ တတိယလောင်းသော ရေသည် ခပ်ဝေးဝေးစီးဆင်းသွား၍ ခန်းခြောက်ပြန်၏။

ထိုအတူ သတ္တဝါတို့သည် ပထမအရွယ် သေကြ ၏။ ဒုတိယအရွယ်၌လည်း သေကြကြ၏။ တတိယ အရွယ်၌လည်း သေကြကုန်၏...ဟုကြံ၍ ဖြစ်ဖြစ် သမျှ သင်္ခါရတို့သည် ပျက်ကြကုန်၏...ဟု ဖြစ်ပျက်ကို ရှုလျက်နေသည်ကို မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက် တော်မှ ရောင်ခြည်တော်လွှတ်၍ ဤသို့ဟောတော်မူ ၏။ အကြင်သူသည် ဖြစ်ပျက်ကိုမမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည်ငြားအံ့၊ မမြတ်။ ဖြစ်ပျက်ကိုမြင်သော သူအား တစ်ရက်မျှ အသက်ရှင်ခြင်းသည် မြတ်၏... အစရှိသောတရားကို ဟောတော်မူသောအဆုံးတွင်

ပဋာစာရီဘိက္ခုနီသည် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ပဋာစာရီထေရီအရှင်မသည် မြတ်စွာဘုရားအထံတော်၌ "ဝိနည်းပိဋကတ်"ကို အကျယ်အားဖြင့် သင်ယူကာ ကောင်းစွာကျင့်ကြံအားထုတ်သောကြောင့် ဝိနယဓရဂုဏ် "အဂ္ဂဝိနယစာရီတေဒဂ်" ရတော်မူလေသတည်း။ ။

■

## "သဒ္ဓါဝိမုတ္တတောဒ်" ရှ
## သိင်္ဂါလမာတာထေရီမယ်

သိင်္ဂါလမာတာ အမည်ရှိသော အမျိုးသမီးတစ်ဦးသည် ရာဇဂြိုဟ်ပြည်၌ ရွှေ၊ ငွေ၊ ရတနာ၊ ဆန်ရေစပါး ကြွယ်ဝချမ်းသာပေါများ ပြည့်စုံကုံလုံလှစွာသော သူဌေးသမီး ဖြစ်လာသည်။ အရွယ်သို့ရောက်သောအခါ အိမ်ထောင်ကျသဖြင့် လင်ယောကျ်ားအိမ်သို့လိုက်၍ နေလေ၏။ မကြာမြင့်မီ သိင်္ဂါလမည်သော သတို့သားကို မွေးဖွားလာလေသည်။ ထိုသိင်္ဂါလ သတို့သားသည် အရပ်ဆယ်မျက်နှာတို့ကို ရှိခိုးပူဇော်ခြင်း အယူရှိ၏။

တစ်နေ့သောအခါ ထိုသိင်္ဂါလသူဌေးသားသည် အရပ်ဆယ်မျက်နှာတို့ကို ရှိခိုးပူဇော်နေစဉ် မြတ်စွာဘုရား

ခွမ်းခံကြွတော်မူလာရာကို မြင်တော်မူ၍ "သိင်္ဂါလောဝါဒသုတ်" ကို ဟောတော်မူ၏။ ထိုအခါ နှစ်ကုဋေသော လူတို့သည် ဓမ္မာဘိသမင်္ဂကို ရကြကုန်၏။ သိင်္ဂါလသူဌေးသား၏ မယ်တော် သိင်္ဂါလမာတာသည်လည်း သောတာပတ္တိဖိုလ်၌တည်၏။ သောတာပတ္တိဖိုလ်၌တည်ပြီးနောက် မြတ်စွာဘုရားသာသနာတော်၌ ရဟန်းမိန်းမပြု၏။ ရဟန်းမိန်းမပြုပြီးသောအခါ ဗုဒ္ဓါနုဿတိဘာဝနာကိုပွားစီးလျက် မကြာမြင့်မီပင် ရဟန္တာအဖြစ်သို့ ရောက်လေသည်။

ထိုသိင်္ဂါလမာတာဘိက္ခုနီထေရီသည် မြတ်စွာဘုရားကို မကြာခဏသွားရောက်ဖူးမြော်၏။ မြတ်စွာဘုရားကို ဖူးမြင်ရခြင်း၌ အားရတင်းတိမ်ခြင်းမရှိချေ။ အမြဲမပြတ်ဖူးမြင်လို၏။ ဖူး၍မဝ၊ ပူဇော်၍မဝ နေ့စဉ်ဘုရားကို ဖူးမြင်လို၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ငါ့ဘုရားသာသနာတော်၌ ငါ့ဘုရားအား ကြည်ညိုခြင်း "သဒ္ဓါဝိမုတ္တဂုဏ်"၌ ဤဘိက္ခုနီသည် အလွန်ကဲဆုံးဖြစ်ပေသည်ဟု "သဒ္ဓါဝိမုတ္တ-တေဒဂ်"အရာ၌ ထားတော်မူ၏။ "သဒ္ဓါဝိမုတ္တတေဒဂ်"ဖြင့် ချီးမြှင့်တော်မူလေသတည်း။ ။

■

## "အဂ္ဂအာရုဒ္ဒပိရိယတေဒဂ်" ရ သောဏာထေရီမယ်

သောဏာအမျိုးသမီးသည် တာဝတိ သာနတ်ပြည်မှ စုတေ၍ သာဝတ္ထိပြည်၌ ချမ်းသာကြွယ်ဝသော သူဌေးသမီး ဖြစ်လာသည်။ အမည်မှာ "သောဏာ" ဟူသောအမည်ဖြစ်၏။ အရွယ်ရောက်သောအခါ သူဌေးသားတစ်ဦးနှင့် အိမ်ထောင်ကျကာ လင်ယောကျ်ား အိမ်သို့ရောက်၍ နေထိုင်ရသည်။ သူဌေးသမီးသောဏာသည် သားဆယ်ယောက်မျှ မွေးဖွားသည်။ အားလုံး သောသားများမှာ အဆင်းလှသူချည်းသာ ဖြစ်ကြသည်။ အမိသောဏာကလည်း သားများကို အလွန်ချစ်ရှာ၏။ သောဏာ၏ လင်ယောကျ်ားကား...သောဏာသဘော

မတူဘဲ သားအားလုံးကိုခေါ်သွားကာ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပေးလိုက်လေသည်။ သူလည်း ရဟန်းပြုလိုက်၏။

သောဏာသည် သားဆယ်ယောက်နှင့်တကွ လင်ယောက်ျားပါ သာသနာတော်၌ ရဟန်းပြုသွားရာသို့လိုက်၍ ရဟန်းမိန်းမပြုလေသည်။ ရဟန်းမိန်းမပြုပြီးသောအခါ အလုံးစုံသော ဘိက္ခုနီမတို့သည် သောဏာကို ရေနွေးကျိုခိုင်းလျက် ဘိက္ခုနီကျောင်းတိုက်၌ တစ်ယောက်တည်းထားခဲ့၍ ဩဝါဒခံယူရာသို့သွားကြကုန်၏။ ထိုအခါ သောဏာသည် ရေကိုခပ်၍ အိုး၌ထည့်လောင်းပြီးလျှင် မီးဖိုခုံလောက်ပေါ်၌ တင်ထား၍ ကျောင်းခန်းတွင်၌နေကာ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍နေ၏။ ထိုအခါ၌ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကိုမြင်၍ အရဟတ္တဖိုလ်ရောက်၏။ ရဟန္တာဖြစ်၏။

ဘိက္ခုနီမတို့သည် ဩဝါဒခံယူရာမှ ပြန်လာကြကာ ဘိက္ခုနီမတို့က ရေနွေးအဘယ်မှာနည်းဟု မေးကြသောအခါ သောဏာရဟန္တာမသည် တေဇောကသိုဏ်းဈာန်ဖြင့် ရေကိုလျင်မြန်စွာ ပူစေတော်မူရာ ဘိက္ခုနီမတို့မှာ တအံ့တဩဖြင့် မြတ်စွာဘုရားထံ လျှောက်ကြားသည်တွင် မြတ်စွာဘုရားသည် နှစ်သက်ဝမ်းမြောက်စွာ ဤသို့ဟောတော်မူ၏။

အကြင်သူသည်ကား…ပျင်းရိလျက် ကမ္မဋ္ဌာန်းကို အားမထုတ်။ ယုတ်လျော့သောဝီရိယရှိ၍ အနှစ်တစ်ရာပတ်လုံး အသက်ရှင်ကာနေရသော်လည်း မမြတ်။ ကမ္မဋ္ဌာန်းကို မြဲစွာအားထုတ်ကာ သူအားတစ်ရက်မျှ အသက်ရှင်ခြင်းသည်မြတ်၏ဟု ဟောကြားတော်မူ၏။

ထိုသို့ဟောကြားတော်မူပြီး သောဏကောဠိကဏ္ဏနီ၏ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းလုံ့လဝီရိယ၌ မြတ်စွာဘုရား နှစ်သက်တော်မူ၍ "အဂ္ဂအာရဒ္ဓဝီရိယ ဧတဒဂ်" အရာ၌ ထားတော်မူ၏။ "အဂ္ဂအာရဒ္ဓဝီရိယ ဧတဒဂ်" ချီးမြှင့်တော်မူလေသတည်း။ ။

■

## "ဒိဗ္ဗစက္ခုအဘိညာဉ် တေခဂ်" ရ
## ဗာကုလာထေရီမယ်

ဗာကုလာဟူသော အမျိုးသမီးသည် ဘဝအဆက်ဆက်က မြတ်စွာဘုရား၏ စေတီတော်ကို ဆီမွေးများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ကုသိုလ်ဒါနမျိုးစုံ အလှူအတန်းများပြုလုပ်ခြင်း၊ ဆီမီးများဖြင့် စေတနာဖြူစွာ အကြိမ်ကြိမ်လှူဒါန်းခြင်းများပြုခဲ့ရာ ထိုစေတနာကံတို့ကြောင့်လည်းကောင်း၊ အမွေးဆီများ လှူဒါန်းပူဇော်ခဲ့သော ကုသိုလ်တို့ကြောင့် လည်းကောင်း ဘဝဆက်တိုင်းလိုက်၍ အကျိုးပေးခဲ့သည်။ နံရံတံတိုင်းခြားရာကိုလည်းကောင်း၊ ကျောက်ဖျာခြားရာကိုလည်းကောင်း၊ တောင်ကိုလည်းကောင်း ဖောက်ထွင်း၍ မြင်လိုသော ဆန္ဒရှိက မြင်နိုင်ခြင်း။

ထိုမှတစ်ဖန် ဗာကုလာအမျိုးသမီးသည် စင်ကြယ်သော မျက်စိရှိသည်။ ကောင်းသောသတင်းဖြင့် ထင်ရှားကျော်စောသည်။ သဒ္ဓါရှိသည်။ ပညာရှိသည်။ လျင်သောမျက်စိဖြင့် အရာရာကို ဖောက်ထွင်းကြည့်နိုင်သည်။ သာဝတ္ထိပြည် သူဌေးသမီးဗာကုလာသည် လှပတင့်တယ် ရှုချင့်စဖွယ်ရှိ၏။ တစ်နေ့သ၌ ထို ဗာကုလာအမျိုးသမီးသည် လှပစွာဝတ်ဆင်၍ ပြတင်းပေါက်တွင် ထိုင်နေ၏။ ထိုသို့ ထိုင်နေစဉ်အတွင်း တပည့်သံဃာတော်အပေါင်းခြံရံလျက် ကြွလာတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရလေသည်။ မြတ်စွာဘုရား၏ လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်နှင့် တကွ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်သပ္ပာယ်ခြင်းကို ကြည်ညိုလှစွာဖြင့် ရှုစားလျက်နေ၏။

ထိုသို့ ကြည်ညိုလှစွာဖြင့် ရှုစားနေရာမှ ရဟန်းမိန်းမ ပြုလုပ်လိုသော ဆန္ဒပြင်းပြလာသည်။ ပြင်းပြလာသည့်အတိုင်း ဘုရားရှင်ထံတွင် ခွင့်ပန်၍ ရဟန်းမိန်းမ ပြုလုပ်လေသည်။ ပြုလုပ်ပြီး၍ မကြာမြင့်မီပင် ရှေးဘဝအဆက်ဆက်က ကုသိုလ်ပါရမီထူးရှိခြင်းကြောင့် ရဟန္တာဖြစ်၍သွားလေသည်။

ဘဝအဆက်ဆက်က ဆီမီးများဖြင့် ပူဇော်ရသော ကုသိုလ်အဟုန်တို့ကြောင့် ဒိဗ္ဗစက္ခုဉာဏ် ဖြစ်

ပေါ်လာခဲ့ရာ မြတ်စွာဘုရားက ထိုဗာကုလာထေရီအား "ဒိဗ္ဗစက္ခုအဘိညာဉ်တေဒဂ်"အရာ ထားတော်မူ၏။ "ဒိဗ္ဗစက္ခုအဘိညာဉ်တေဒဂ်"ဖြင့် ချီးမြှင့်တော်မူလေသတည်း။ ။

■

## "အဂ္ဂဓမ္မကထိကတေဒဂ်" ရ ဓမ္မဒိန္နာထေရီရိမယ်

ဓမ္မဒိန္နာအမည်ရှိသော အမျိုးသမီးသည် ရာဇဂြိုဟ်ပြည်၌ ဥစ္စာပစ္စည်းကြွယ်ဝသော သူဌေးသမီးဖြစ်ကာ "ဓမ္မဒိန္နာ"ဟူသောအမည်ဖြင့် ပေါ်လွင်ထင်ရှားလာသည်။ အရွယ်သို့ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီး၏ သူငယ်ချင်း ကျောင်းနေဖက်ဖြစ်သော ဝိသာခါသူဌေးသားနှင့် အကြောင်းဆက်၍ ပေါင်းဖက်မိကြလေသည်။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ကြွလာတော်မူစကတည်းက ဗိမ္ဗိသာရမင်းနှင့်အတူ တရားတော်ကို နာရသဖြင့် ဝိသာခါသည် "သောတာပန်"တည်ခဲ့ပေသည်။ ထိုနောက် ကာလရှည်လျား၍

တစ်ပါးသောအခါ၌ တရားတော်ကို နာရပြန်သဖြင့် "သကဒါဂါမိ"ဖြစ်လေသည်။ ထိုနောက် တစ်ဖန် တရားတော်ကို နာရပြန်သဖြင့် "အနာဂါမိ" ဖြစ်ပြန်သည်။

"အနာဂါမ်တည်ပြီးသောဝိသာခါ"သည်မြတ်စွာဘုရားထံတော်မှ ပြန်လာသောအခါ မုထုဇဉ်ဖြစ်သော ရှေးအခါကကဲ့သို့ တောင်မြောက်လေးပါးကို မကြည့်ရှု။ ပြုံးခြင်းရယ်ခြင်းလည်းမရှိ။ ပကတိဣန္ဒြေဖြင့် အိမ်သို့ ပြန်လာ၏။ သူကြွယ်မ ဓမ္မဒိန္နာသည်လည်း ခြံသော့ခံ လေသာပြတင်းကိုဖွင့်၍ လမ်းဘက်သို့ကြည့်မျှော်သော အခါ လင်ယောကျ်ား ဝိသာခါသူကြွယ်၏ သွားပုံလာပုံ အမူအရာ ရှေးကနှင့်မတူသည်ကိုမြင်၍ အဘယ်သို့သော အကြောင်းကြောင့် သွားပုံလာပုံ အမူအရာ ထူးခြားစွာ ဖြစ်လေသနည်းဟု အကြံဖြစ်ကာ လှေကားဦးသို့ဆင်း လျက် မယားကောင်းတို့ ပြုမြဲအတိုင်း ခရီးဦးကြိုဆို လေသည်။ ဝိသာခါသူကြွယ်သည် ဇနီးသည်၏ အလှ အပကိုလည်း မော့မကြည့်။ ပြုံးရွှင်စွာဇနီးသည် ဓမ္မဒိန္နာ ကြိုဆိုသည်ကိုလည်း သတိမထားဘဲ လှေကားအတိုင်း တက်သွားလေသည်။ ဓမ္မဒိန္နာသည် ဤသို့ထူးခြားသော အမူအရာကို ထမင်းစားချိန်တွင် စူးစမ်းမည်ဟု ကြံစည် စိတ်ကူးထား၏။

သို့သော် ဝိသာခါဥပါသကာသူကြွယ်သည် ခါတိုင်းကဲ့သို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာပြုံးရွှင်စွာ ထမင်းစားခြင်းကိုစွန့်လျက် ကမ္မဋ္ဌာန်းဝင် ရဟန်းကဲ့သို့ တစ်ယောက်တည်းသာလျှင်ထမင်းငုံ့စားခြင်းပြုလေသည်။ ဓမ္မဒိန္နာလည်း ငြိမ်သက်စွာစားသော လင်ယောက်ျားအား မည်သို့အကြောင်းပေနည်းဟု အကြောင်းရှာမရဘဲ ရှိလေသည်။ ထမင်းစားပြီးသောအခါ ဝိသာခါဥပါသကာသည် အစေခံများကို ခေါ်ငင်ကာ အခန်းလွတ်တစ်ခုကို ရှင်းခိုင်းသည်။ အိပ်ရာညောင်စောင်းများကို ပြင်ဆင်ခိုင်းသည်။ တင်းတိမ်များကာရံ၍ ဓမ္မဒိန္နာနှင့်အတူ မအိပ်စက်လိုကြောင်း ပေါ်လွင်ထင်ရှားနေလေသည်။ ဓမ္မဒိန္နာမှာ ရင်ထဲတွင် မီးလောင်စပြုလေပြီ။ ပါရမီဓာတ်ခံနှင့် ပညာသတိရှိသော မိန်းမဖြစ်၍ တွေးတောစဉ်းစား၍သာ နေရှာလေသည်။

နှစ်ရက်သုံးရက်ကြာသော်လည်း ဝိသာခါသည် ဓမ္မဒိန္နာအမျိုးသမီးအား မလိုလားခြင်း၊ ငြူစူခြင်းမပြုဘဲ အေးဆေးစွာနေထိုင်မြဲ နေထိုင်လာခဲ့သည်။ ဓမ္မဒိန္နာမှာ မည်သည့်အကြောင်းဟုစဉ်းစား၍မရသဖြင့် ညအခါတွင် ဝိသာခါအခန်းသို့ ဝင်ရောက်ကာ မေးမြန်းလေသည်။

အရှင့်သား...ကျွန်မတွင် အပြစ်တစ်စုံတစ်ရာ ရှိ၍ စကားမပြောခြင်းလော...။ မဟုတ်ပါ။ သူတစ်ပါး

ကုန်းစကားကြောင့် မပြောခြင်းပေလော။ မဟုတ်ပါ။ အခြားသောမိန်းမကို အလိုရှိ၍လော။ သာ၍ပင် မဟုတ်ပါ။ ဝိသာခါသည် ဆက်လက်၍ စကားမပြောဘဲနေခဲ့လျှင် ဓမ္မဒိန္နာ နှလုံးသွေးပျက်၍ သေသွားနိုင်သည်။ နားလည်အောင် ရှင်းပြမှတော်မည်။ ချစ်နှမ ဓမ္မဒိန္နာ... ငါသည် မြတ်စွာဘုရား၏တရားတော်ကို နာကြားသဖြင့် လောကုတ္တရာ တရားအထူးကို ရပေသည်။ တရားထူးကိုရသောသူ ရှေးအခါများကဲ့သို့ ရွှင်ပျမြူးထူးခြင်း မပြုလိုတော့။ အကယ်၍များ သင်အလိုရှိမူ သင်၌ပါသောကုဋေလေးဆယ် ငါ၌ပါသော ကုဋေလေးဆယ်၊ ဤကုဋေရှစ်ဆယ်တို့ကို သိမ်းယူ၍ ငါ၏အမိကဲ့သို့ဖြစ်စေ၊ ငါ၏နှမကဲ့သို့ဖြစ်စေနေတော့။ ငါမူကား ...သင်ကျွေးမွေးသော ထမင်းတစ်လုတ်တစ်ဆုပ်ဖြင့် ရောင့်ရဲတင်းတိမ်နေတော့မည်။ ဤစကားမျိုးကို သာမန်လူတို့သည် ပြောလေ့မရှိကြချေ။ မိမိခင်ပွန်းသည် အမှန်ပင် တရားထူးရဟန်တူ၏ဟုတွေး၍ ဝိသာခါအား မေးမြန်းခြင်းပြု၏။

အရှင့်သား...ဤလောကုတ္တရာတရားကိုယောက်ျားတို့သာ သိနိုင်သလော။ မိန်းမတွေကော မသိနိုင်၊ မမြင်နိုင်သလော။ ဤသို့မဟုတ်ပေ ဓမ္မဒိန္နာ...။ ထိုတရားကို ကျင့်ကြံအားထုတ်လျှင် မည်သူမဆို လောကုတ္တရာတရားအမွေကို သိမြင်ခံစားနိုင်၏အရှင်မ...။ ထိုသို့

ဖြစ်လျှင် သူတစ်ပါးထွေးပစ်သော တံတွေးကို ကျွန်ုပ်ကောက်မမျိုချင်ပါ။ ကျွန်ုပ်အား ရဟန်းပြုခွင့်ပေးစေလိုပါသည် အမောင်ရှင်...။ ကောင်းပြီ၊ ဓမ္မဒိန္နာ...။ ငါခွင့်ပြုသည်။ သင်စိတ်မဝင်စားဘူးထင်၍ မတိုက်တွန်းဘဲနေခဲ့မိသည်ဟု ပြောကြားပြီး၊ ဇနီးအား ခေတ္တဆိုင်းရန် မှာကြားထားခဲ့ပြီး နန်းတော်သို့ လျင်မြန်စွာသွားလေသည်။ဘုရင်မင်းမြတ်လည်း အချိန်အခါမဟုတ်ရောက်လာသော သူဌေးချင်းအား အကျိုးအကြောင်းမေးရာ ဓမ္မဒိန္နာချစ်ဇနီးအား ဘိက္ခုနီကျောင်းသို့ပို့လိုသောဆန္ဒ သိရသဖြင့် ဝိသာခါ ဥပါသကာအားရွှေထမ်းစင်တစ်ခုပေးလိုက်သည်။ မင်းချင်းတို့ကိုလည်းမြို့လမ်းများကို သန့်ရှင်းပြုပြင်၍ မီးထွန်းခြင်း၊ တံခွန်ကုက္ကားများ ချိတ်ဆွဲခြင်းစသော တန်ဆာဆင်မှုများပြုလုပ်ရန် အမိန့်ပေးလိုက်လေသည်။

ဝိသာခါဥပါသကာသည် အိမ်သို့ပြန်လာကာ ဓမ္မဒိန္နာကို နံ့သာရည်ဖြင့် ရေချိုးခိုင်းသည်။ ဝတ်ကောင်းစားလှ ဆင်ယင်ခိုင်းသည်။ ထို့နောက် ဆွေမျိုးများဝန်းရံလျက် ပန်းနံ့သာများဖြင့် ပူဇော်ကာ ဓမ္မဒိန္နာအားရွှေထမ်းစင်တွင်တင်၍ ဘိက္ခုနီကျောင်းသို့ ပို့ပေးလေသည်။ ရဟန်းမိန်းမတို့သည် ဓမ္မဒိန္နာ၏ အရှုပ်အထွေးတစ်စုံတစ်ရာ ရှိမရှိစစ်ဆေးရာ သဒ္ဓါပဗ္ဗဇိတဖြစ်ကြောင်း

သိရသဖြင့် ဝိနည်းမိုရ် ဘိက္ခုနီတစ်ပါးက ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကို သင်ပြညွှန်ကြား၍ဆံပင်တို့ကို ရိပ်ဖြတ်၏။ ထိုနောက် သင်္ကန်းဝတ်ပေးကာ "သာမဏေရီ" ပြုပေး၏။ ဥပါသကာဝိသာခါသည်သာမဏေရီ ဓမ္မဒိန္နာအားရှိခိုး၍ ပျော်ပျော်နေပါ အရှင်မ...။ မြတ်စွာ ဘုရား၏ တရားတော်ကို နာကြားရလိမ့်မည်ဟု ပြော ဆိုကာ ပြန်သွား၏။

သာမဏေရီ ဓမ္မဒိန္နာမှာ ဘုရင်နှင့်သိက္ခမ်းဝင် သဖြင့် မိတ်သင်္ဂဟာပေါ်များသည်။ ဆွေမျိုးသားချင်း များပြားလှသဖြင့် လာဘ်လာဘပေါ်များသည်။ ဤ အရာများကား...ဓမ္မဒိန္နာအား အနှောင့်အယှက်ဖြစ် သည်။ တရားအားထုတ်၍မရပေ။

ထို့ကြောင့် ဓမ္မဒိန္နာသည် တရားပြသော ဆရာ တို့ထံချဉ်းကပ်၍ အနှောင့်အယှက်ကင်းသော တော ကျောင်းသို့သွား၍ တရားအားထုတ်လေသည်။ ဓမ္မဒိန္နာ သည် ဆရာကောင်းတပည့်မ ဖြစ်ခြင်း၊ အဘိနီဟာရ ဗျာဒိတ်ရ မိန်းမမြတ်ဖြစ်ခြင်းတို့ကြောင့် လေးငါးရက် မျှဖြင့်ပင် "အနာဂါမ်ဖိုလ်" သို့ ရောက်လေ၏။ တစ်ဖန် ဆက်လက်၍ ဝိပဿနာတရားကို အားထုတ်ပြန်ရာ မကြာမြင့်မီ "ရဟန္တာ" အဖြစ်သို့ ရောက်လေ၏။

ထို့နောက် ထေရီအရှင်မများ၊ ဘိက္ခုနီများ အနေအစား ဆင်းရဲသည်ကို ငဲ့ညှာ၍နေရင်း ကျောင်းတော်သို့ ပြန်လာခဲ့၏။ ထိုသတင်းကိုကြား၍ ဝိသာခါဥပါသိကာသည် ဓမ္မဒိန္နာဟာ သာသနာ့ဘောင်မှာ မပျော်မွေ့လို့များ ပြန်လာသလားဟုတွေးလျက် စုံစမ်းရန် ဘိက္ခုနီကျောင်းသို့ လာခဲ့၏။ ရောက်လျှင်ရှိခိုး၍ သင့်ရာနေရာတွင်ထိုင်ပြီး မေးလျှောက်၏။ သာသနာတော်တွင် ပျော်ရဲ့လားမေးလျှင် မကောင်းသဖြင့် ဤသို့ မေးလျှောက်၏။ "အရှင်မ...ဘယ်ဟာကို သက္ကာယလို့ မြတ်စွာဘုရား ဟောတော်မူပါတယ်" "အရှင့်သား ဥပါဒါနက္ခန္ဓာငါးပါးကိုပင် သက္ကာယလို့ မြတ်စွာဘုရား ဟောတော်မူပါတယ်" "အဲဒါတွေကတော့ ရူပုပါဒါနက္ခန္ဓာ–ဝေဒနုပါဒါနက္ခန္ဓာ စသည့် ခန္ဓာငါးပါးတို့ပဲ ဖြစ်ပါတယ်"

"ကောင်းပါပြီအရှင်မ...ဘယ်တရားကိုသက္ကာယနိရောဓ၊ ဘယ်ဟာက သက္ကာယနိရောဓဂါမိနီ ပဋိပဒါ၊ ဘယ်ဟာကို မဂ္ဂင်ရှစ်ပါး၊ ဘယ်ဟာက သက္ကာယဒိဋ္ဌိ၊ ဝေဒနာဘယ်လောက်ရှိသလဲ။ ဈာန်ဆိုတာ ဘယ်လိုဟာမျိုးလဲ။ အဝိဇ္ဇာဆိုတာကကော ဘယ်လိုဟာမျိုးလဲ။ စသည်ဖြင့် အဘိဓမ္မာတွင်ရှိသော အဘိဓမ္မာတရားတွေကို မေးလျှောက်လေ၏။ ဓမ္မဒိန္နာလည်း မေးလျှောက်

သည့် ပုစ္ဆာတို့ကို တစ်လုံးမကျန် ဖြေကြားတော်မူ၏။ ထို့နောက်"အရှင်မ...ဝိမုတ္တိမှာဘယ်အရာဟာပဋိဘာဂ ဖြစ်ပါသလဲ။ နိဗ္ဗာန်မှာ ဘယ်အရာဟာ ပဋိဘာဂ ဖြစ်ပါသလဲဘုရား"ဟု အထွေထွေအထူးထူး မေးမြန်းလေရာ "ငါ့ရှင် ဝိသာခါ၊သင်ရဲ့အမေးဟာ လွန်သွားပြီး မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ဗြဟ္မစရိယအကျင့်ဟာ နိဗ္ဗာန်မှာဆုံးတယ်။ သင်အလိုရှိသေးတယ်ဆိုရင် မြတ်စွာဘုရားကို မေးလျှောက်ပေတော့။ မြတ်စွာဘုရား ဖြေတော်မူတဲ့အတိုင်း မှတ်သားကျင့်ဆောင်ခြင်း ပြုလေလော့..."ဆိုပြီးနောက် အနာဂါမ်ဝိသာခါသည် သာမုခါကာ ဝမ်းမြောက်ဝမ်းသာ ရှိခိုးလျက်ထွက်လာပြီး မြတ်စွာဘုရားကျောင်းတော်သို့လာခဲ့၍ ဓမ္မဒိန္နာနှင့် မေးမြန်းဖြေဆိုပုံအဖုံဖုံကို လျှောက်ထားလေသည်။

"ဝိသာခါဥပါသကာ...

ဓမ္မဒိန္နာ ဘိက္ခုနီထေရီသည် ကြီးသောပညာ ရှိ၏။ ငါဘုရားအား ထိုပုစ္ဆာကို မေးလျှောက်အံ့။ ငါဘုရားသည်လည်း ထိုကဲ့သို့ ဖြေဆိုအံ့။ ဓမ္မဒိန္နာ ဘိက္ခုနီ ဖြေသည့်အတိုင်းသာလျှင် မှတ်ဆောင်လေလော့..."ဟု မြတ်စွာဘုရားမိန့်တော်မူ၏။ ဓမ္မဒိန္နာ ရဟန္တာမသည် ဓမ္မကထိက တရားဟောကောင်းသော ဘိက္ခုနီမ အပေါင်းတို့တွင် ဤဓမ္မဒိန္နာသည် အလွန်ကဲဆုံးဟူ၍

မြတ်စွာဘုရားသည် "ဓမ္မကထိကဧတဒဂ်" အရာ၌ ထားတော်မူလေသည်။ "ဓမ္မကထိကဧတဒဂ်"အရာ၌ ချီးမြှင့်တော်မူလေသတည်း။ ။

■

## “အဂ္ဂလူခစီဝရဧတဒဂ်” ရ
## ကိသဂေါတမီထေရီမယ်

သား သေဆုံး၍ ယူကျုံးမရဖြစ်ကာ ရှုပ်ပွေနေသော ဆံပင်၊ ချိုင့်ခွက်သောမျက်တွင်း၊ ပိန်ချုံးတွဲကျနေသောမျက်နှာ။ မျက်ရည်စီးကြောင်း ထင်နေသော ပါးပြင်၊ ဖရိုဖရဲဖြစ်နေသော အဝတ်အစားတို့နှင့် အပူလွှမ်းနေသော မိန်းမငယ်မှာ ဒုဂ္ဂတကုလ သူဆင်းရဲမဖြစ်၍ “ဂေါတမီ”အမည် ဖြစ်လေသည်။ တစ်ဖန် ကြံ့လှီသောကိုယ် ပိန်ပိန်ပါးပါးပြားချပ်ချပ်ကို အစွဲပြု၍ “ကိသဂေါတမီ”ဟု ခေါ်ကြသည်။ ထိုကိသဂေါတမီ၏ ချစ်မြတ်နိုးလှစွာသော သားကလေးသည် သေဆုံးသွားသည်။ တစ်ဦးတည်းသော သားကလေးဖြစ်၍လည်း

ပစ်ရက်စရာမရှိဖြစ်ကာ ချစ်လှစွာသော သားကလေးကို ပါးချင်းကပ်လိုက်၊ ချစ်မြတ်နိုး စွာ နမ်းရှုပ်လိုက်ရင်း သားကို မေမေ ဘယ်လို ပစ်ရက် ပါ့မလဲ သားလေးရယ်...ဟု ပြောဆိုမြည်တမ်းလျက် ငိုနေ၏။

အိမ်နီးနားချင်းသူများက "ကဲဟော့...ကဲဟော့... ဒီမိန်းကလေးကို အလိုလိုက်နေလို့ မပြီးသေးဘူး။ ကလေးသေကို သုသာန်ရောက်အောင် ပို့မှပြီးမှာ၊ တောင်းနေလို့တော့ ရမှာမဟုတ်ဘူး။ အတင်းလုယူမှ ရမှာ။ ဒီလိုဆိုလည်း အတင်းလုယူကြပေါ့။ ဘာပေါ့ ညာပေါ့"နှင့် အချီအချပြောဆိုနေသံများကို ကြားနေရ၍ ကိသဂေါတမီသည် သားငယ်ကိုပွေ့ပိုက်လျက် နီးရာ တံခါးပေါက်မှ ခုန်ချထွက်ပြေးသွားလေသည်။ ခြေဦး တည့်ရာလျှောက်ပြေးပြီး တစ်နေရာတွင် အမောဖြေ ထိုင်နေရာရင်း ကလေးအား နို့တိုက်ချိန်ကျနေ၍ နို့ရည်များတစ်စက်ချင်းကျပြီး အင်္ကျီစိုရွှဲနေ၏။ "သား ရေ...မေမေ့တွင် နို့သက်နေပြီ...သားစို့ပါဦး...ဟု ဆိုကာ သားငယ်ကိုနို့တိုက်သည်။ သားငယ်က မစို့။ ထိုအခါမှ သားကလေး အသက်ပျောက်နေပါကလားဟု ကိသဂေါတမီ သတိရသည်။ ထို့ကြောင့် ထဘီကိုခိုင် အောင် တိုတိုဝတ်၍ သားကိုပိုက်ကာ ခပ်လှမ်းလှမ်း၌ လျှောက်သွားသောသူတစ်ယောက်ထံ ပြေးသွားသည်။

"ဦးကြီးရှင့်...ဦးကြီး...ကျွန်မသားလေး ပြန်ပြီး ရှင်အောင် ကုပေးပါရှင်။ ဘယ်လိုကုမလဲ ပြောပါရှင်..." ဟု ကိသဂေါတမီ အကူအညီတောင်းလေသည်။ ဦးကြီးသည် ကလေးငယ်နှင့် ကိသဂေါတမီကို တစ်လှည့်စီ ကြည့်ပြီး စိတ်မချမ်းသာစွာဖြင့် ခေါင်းယမ်းလျက် ထွက်ခွာသွားပြန်သည်။ "အမေတို့ရယ်... ကျွန်မ သားကလေးကို ရှင်အောင်ဆေးကုပေးကြပါ။ အခု နို့စို့ချိန်ရောက်နေပြီ။ နို့တိုက်လို့လည်းမရဘူး" အိမ်ရှင်များလည်း ဝမ်းနည်းကြေကွဲစွာကြည့်ရှုရုံမှအပ မည်သို့မျှ မကူညီနိုင်ကြပေ။ ကိသဂေါတမီသည် လမ်းပေါ်သို့ ပြေးထွက်လာပြန်ကာ တွေ့သမျှသော ပုဏ္ဏားသူဌေး၊ သူကြွယ်စသော သူတို့အားကလေးငယ်ကိုပြကာ၊ပြကာ ဆေးကုသပေးရန် ငိုယိုတောင်းပန်ရှာသည်။

ကိသဂေါတမီသည် ဤကဲ့သို့ကလေးငယ်ကို ပြကာပြကာ ဆေးကုသပေးရန် တောင်းပန်ရှာနေရာ တစ်ဦးသောယောကျ်ားတစ်ယောက်သည် တည်ငြိမ်အေးချမ်းသောအသွင်ဖြင့် အနားသို့ကပ်လာ၏။ ကိသဂေါတမီသည် အားကိုးတကြီးဖြင့် မော့ကြည့်ကာ "မောင်ကြီးရာ...ကျွန်မ သားကလေးကို ရှင်အောင် လုပ်ပေးပါ။ ကျွန်မ တစ်သက်လုံးကျွန်ခံပါ့မယ်။ လုပ်ပေးပါမောင်ကြီးရာ..."ဟု တောင်းပန်ပြန်သည်။

ထိုယောကျ်ားသည် ကိသဂေါတမီအား အကဲခတ်နေ၏။ မိန်းမငယ်၏မျက်လုံးများသည် လူကောင်းမျက်လုံးများနှင့်မတူဘဲ သူငယ်အိမ်သည် ကြည်လင်၍မနေချေ။ စိုးရိမ်သောကရောက်မှုသည် အမြင့်ဆုံးသို့ရောက်လုလု အခြေတွင်ရှိနေ၏။ စိတ်နောက်ကျူ၍ရူးသွပ်စပြုနေပြီ။ ကြာလျှင် ပို၍ဆိုးမည်ဟု အတွေးရောက်ကာ "မိန်းကလေးရယ်...အဝတ်အစား ဖရိုဖရဲဆံပင်ကိုလည်း မထုံးနိုင်ဘဲ ဘယ်လိုဖြစ်လာတာလဲကွယ်..."ဟုမေးသောအခါ "မောင်ကြီး မောင်ကြီးရာ...ကျွန်မသားလေး သေသွားပြီ။ နို့လည်းမစို့တော့ဘူး။ ငိုလည်းမငိုတော့ဘူး။ သားလေးကို ရှင်အောင်သာဆေးကုပေးပါ" "ချစ်ညီမ...ဒါလား...အမယ်လေး၊ လွယ်လွယ်ကလေးပဲ" "ဟင်း... လွယ်လွယ်ကလေးဟုတ်လား။ အဲဒီဆေး ဘယ်မှာရှိလဲ။ ဘယ်မှာ သွားတောင်းရမလဲ။ ပြောပါမောင်ကြီးရှင့်..."ဟု ကိသာဂေါတမီပြောလေရာ ယောကျ်ားကြီးက "ချစ်ညီမ...ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေတဲ့မြတ်စွာဘုရားဆိုတဲ့ သမားတော်ကြီးဟာ အကျော်အမော်ပေါ့ မိန်းကလေးရယ်၊ သူ့ဆီသွားပြီး အဲဒီဆေးနည်းကိုတောင်းချေပေတော့..."ဟုဆိုရာ "ဟုတ်လား။ ဝမ်းသာလိုက်တာ မောင်ကြီးရယ် ဘုရားထံသွားမယ်၊

ခုသွားမယ်”ပြောဆိုကာ ကိသဂေါတမီသည် ကလေး သေကိုပွေ့လျက် ဇေတဝန်ကျောင်းတော်သို့ ဝမ်းမြောက် ဝမ်းသာ အပြေးလာခဲ့သည်။ ကျောင်းတော်တွင် တရားနာပရိသတ်များ ပြည့်နေ၏။

ပရိသတ်အားလုံးတို့သည် မြတ်စွာဘုရား ဟော ကြားတော်မူနေသော တရားတော်တွင် ငြိမ်သက်စွာ အာရုံစိုက်လျက် နာကြားနေကြ၏။ ကိသဂေါတမီ သည် ထိုပုဂ္ဂိုလ်များကို ဂရုစိုက်ရန်၊ အားနာရှုံ့ကြောက် ရန် သတိမရ။ အတင်းတိုးဝှေ့၍ ဝင်ရောက်သွားကာ တရားဟောပလ္လင်ရှေ့တွင် ဒူးထောက်လိုက်သည်။ “မြတ်စွာဘုရား...တပည့်တော်မ၏သားကို အသက်ရှင် အောင် ဆေးဝါးကုသပေးတော်မူပါဘုရား...”တရားနာ ပရိသတ်များကား...ကိသဂေါတမီကို မကျေနပ်ကြ။ မကျေမချမ်း ပြောကြသည်။ ဆွဲထုတ်ရန် ပြင်ဆင်ကြ သည်။ မြတ်စွာဘုရားကား...ကိသဂေါတမီ၏ ရင့်မာ သောပါရမီကို သိမြင်တော်မူသဖြင့် ကြင်နာစွာ မိန့် ကြား၏။ “ချစ်သမီး ကိသဂေါတမီ...သင်၏ သားကို ဆေးကုသရန်အတွက် လူမသေဖူးသောအိမ်မှ မုန်ညင်း စေ့ကို ရအောင် ရှာခဲ့ပေတော့...”ဟု မိန့်တော်မူရာ “ဟာ...ဟုတ်ပြီ...ငါ့သားလေး အသက်ရှင်တော့မယ်၊ ဝမ်းသာလိုက်တာ”ဆိုပြီး ကိသဂေါတမီသည် ကျောင်း

တော်မှ ဝမ်းသာအားရ ပြန်ထွက်လာကာ မြို့တွင်းသို့ အပြေးလာ၏။ "အိမ်ရှင်တို့ရှင်...အိမ်ရှင်တို့ရဲ့ အိမ်မှာ လူမသေဖူးသေးရင်း မုန်ညင်းစေ့တစ်ဆုပ်လောက်ပေးပါ။ ကျွန်မသားလေး ပြန်ရှင်အောင် ကုချင်လို့ပါ" "ညီမ ဂေါတမီရယ် ငါတို့အိမ်မှာ လူသေဖူးတဲ့ လူတွေချည်း ပါပဲကွယ်..."ဂေါတမီပြေးထွက်ကာ နောက်တစ်အိမ်သို့ ဝင်သည်။ မုန်ညင်းစေ့တောင်းသည်။ လူသေဖူးတဲ့အိမ် ဖြစ်နေ၏။ မုန်ညင်းစေ့မရ။ နောက်တစ်အိမ်၊ နောက် တစ်အိမ်၊ ထပ်ကာထပ်ကာ အိမ်များစွာတွင် မုန်ညင်းစေ့ တောင်းသော်လည်း လူသေဖူးသော အိမ်တွေချည်းဖြစ်၍ မုန်ညင်းစေ့ မရချေ။ ထိုအခါ ကိသာဂေါတမီသည် သားငယ်သေဆုံးခြင်းကြောင့် တောက်လောင်ထကြွနေ သော မီးတောက်ထဲသို့ သတိဖြင့် ဆင်ခြင်နိုင်သော စိတ် သည် တဖြည်းဖြည်းဝင်ရောက်လာသည်။ကိသာဂေါတမီ ၏ ဦးနှောက်သည်လည်း တည်ငြိမ်စပြုလာ၏။

ထိုအခါ ကိသာဂေါတမီသည် "အင်း...တစ်မြို့ လုံးမှာရှိသမျှ အိမ်ထောင်စုတွေ၊ မိသားစုတွေဟာ လူ မသေဖူးတဲ့အိမ်၊ လူမသေဖူးတဲ့ အိမ်ထောင်စုဆိုတာ ရှိမှာမဟုတ်ဘူး။ အားလုံးသေဖူးတဲ့ အိမ်ထောင်စုတွေ ချည်းပဲ။ သြော်...ကရုဏာရှင်မြတ်စွာဘုရားဟာ ငါရဲ့ သောကအပူမီးကို ဒီနည်းနဲ့သတ်မှ ငြိမ်းမယ်ဆိုတာ

သိလို့ ဒီလိုခိုင်းလိုက်တာပါကလား…”ဟု သတိတရား နှင့် ဆင်ခြင်သော အတွေးရောက်ကာ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကိုလည်း မြင်၏။ မိမိ၏ အကျိုးမဲ့ ပူဆွေးသောကရောက်မှုကိုလည်း သိမြင်လာကာ သား သေကို သုသာန်တွင် စွန့်ပစ်လိုက်လေတော့သည်။ သြော်…ဖြစ်ပျက်ဖောက်လှဲ မမြဲတဲ့သဘော၊ သေပျောက် တဲ့သဘောဟာ ငါတစ်ဦးတည်းဖြစ်တာ မဟုတ်ဘူး။ တစ်အိမ်တည်း၊ တစ်ရွာတည်း၊ တစ်မြို့တည်း၊ တစ် ထိုင်တည်း၊ တစ်ပြည်တည်း ဖြစ်တာမဟုတ်ဘဲ သတ္တဝါ အားလုံး ဖြစ်ပျက်လေ့ရှိတဲ့ တရားပါကလားဟု သိမြင် ကြံစည်မိလျှင် ကိသာဂေါတမီသည် ကျောင်းတော်သို့ ပြန်ပြေးလာကာ မြတ်စွာဘုရားခြေတော်ရင်း၌ ရှိခိုး၍ နေလေ၏။

“ချစ်သမီးဂေါတမီ…မုန်ညင်းစေ့ ရခဲ့ရဲ့လား” ဟု မေးတော်မူသောအခါ “မဟာကရုဏာတော်ရှင် မြတ်စွာဘုရား…တပည့်တော်မရဲ့ သားသေကို ဆေး ကုဖို့ မုန်ညင်းစေ့ မလိုချင်တော့ပါဘူးဘုရား။ သေပြီးတဲ့ သားကိုလည်း ပြန်ရှင်ဖို့ဆန္ဒ မရှိတော့ပါဘူးဘုရား။ တပည့်တော်မ အပူသည်ကိုသာ ကိုးကွယ်ရာ၊ အား ထားရာ၊ ဆောက်တည်ရာ၊ ရအောင်ကယ်တော်မူပါ ဘုရား…”

ထိုအခါ မြတ်စွာဘုရားက "ချစ်သမီးဂေါတမီ... အိပ်ပျော်နေတဲ့ တစ်ရွာလုံးကို အင်မတန်အားကြီးတဲ့၊ ပြင်းထန်တဲ့ မြစ်ရေအလျင်ဟာ မျောယူသွားသလို၊ ရန်သူများတဲ့၊ ကပ်ငြိတွယ်တာတဲ့၊ စိတ်ရှိတဲ့လူဖြစ်လာတဲ့ အဲဒီသားကို သေမင်းကယူသွားခဲ့တယ်" ယင်းအစချီသောတရားကို ဟောကြားတော်မူရာ ကိသာဂေါတမီသည် သောတာပတ္တိဖိုလ်သို့ ရောက်၏။ ထို့နောက် ရဟန်းပြုခွင့်ပေးပါရန် တောင်းပန်လေသည်။ တောင်းပန်သည့်အလျောက် ကိသာဂေါတမီအား ရဟန်းပြုပေးလိုက်သည်။ ရဟန်းပြုပြီးနောက် ဖြစ်ပျက်တရားကို အားထုတ်ကြည့်ရှုဆင်ခြင်လျက် လုံ့လကြီးစွာ ဝိပဿနာကို အားထုတ်လေသည်။ ကိသာဂေါတမီ အရှင်မသည် တစ်နေ့သောအခါ ဝိပဿနာတရားကို ကြိုးစားအားထုတ်နေစဉ် မြတ်စွာဘုရားသည် ရောင်ခြည်တော်လွှတ်၍ ဩဘာသဂါထာကို ဟောတော်မူရာ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ကိသာဂေါတမီ အရှင်မသည် တံမြက်လှည်းတိုက်၊ အမှိုက်စုပုံရာမှာလည်းကောင်း၊ သုသာန်သချိုင်းမှလည်းကောင်း၊ လမ်းကြိုလမ်းကြားမှလည်းကောင်း၊ အဝတ်စုတ်တို့ကို ကောက်ယူစုဆောင်း၍ သင်္ကန်းချုပ်လုပ် ဝတ်ရုံတော်မူ၏။ ခေါင်းပါးရုန့်ရင်း၊ ညစ်နွမ်း

စုတ်ပြတ်၊ အစပ်စပ်အဖာဖာ၊ အထပ်ထပ်အလွှာလွှာ မက်စရာမရှိ၊ နွမ်းရိုခေါင်းပါးသော ပံ့သကူသင်္ကန်း ဝတ်ရုံ သုံးဆောင်တော်မူသောကြောင့် မြတ်စွာဘုရား နှစ်သက်ချီးမွမ်းကာ "လူခစီဝရဓရတေဒဂ်"အရာထား တော်မူ၏။ ကိသဂေါတမီထေရီအား "လူခစီဝရဓရ တေဒဂ်" အရာဖြင့် ချီးမြှင့်မြှောက်စားတော်မူလေ သတည်း။ ။

■

## "အင်္ဂုတ္တိုရ်ပါဠိတော်" ရှိ ဘဒ္ဒကုဏ္ဍလကေသာထေရီမယ်

ဘဒ္ဒသည် ရာဇဂြိုဟ်ပြည်၌ထင်ရှားသော သူဌေး တစ်ဦး၏ သမီးဖြစ်သည်။ အလွန်ချော၊ အလွန်လှ သည်။ သတ္တုကဆိုသော လူပျိုသည်လည်း ပုရောဟိတ် ပုဏ္ဏားကြီး၏ သားဖြစ်သည်။ ပျိုမေတိုင်းသိကြသည်။ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်သည်။ မိန်းမပျို တိုင်း စွဲမက်တမ်းတ ချစ်စရာကောင်းအောင် ချောမော သည်။ အပြောကောင်း၏။ မိန်းမချောချောလှလှ ဆို လျှင် သူစိတ်မဝင်စား၊ စိတ်မကစားဖူးသူ မရှိချေ။ သူဌေးသမီး ဘဒ္ဒကိုလည်း သတ္တုက စိတ်ဝင်စား၏။ ချစ်၏။ အဖဂုဏ်၊ ရုပ်ရည်ဂုဏ်တို့ဖြင့် မိန်းမလှတို့

အလယ်တွင် ထင်ရှား၏။ ဘဒ္ဒကလည်း သတ္တုကကို ချစ်၏။ မြတ်နိုး၏။ သူတို့နှစ်ဦး ချစ်ကြသည်မှာ ချစ်စပျိုးရုံမျှသာ ရှိသေးသည်။ သတ္တုကသည် အမျိုးသမီးများ ဖွဲ့မက်စရာ၊ နှစ်သက်စရာဖြင့် ထင်ရှားသလောက် သစ္စာမဲ့သည်။ စည်းမဲ့သည်။ အရက်သေစာ၊ ကြွေအန်၊ ကြက်တိုက်စသော လောင်းကစားများတွင် အစွဲကြီးသည်။ အဆိုးဆုံးကား... ခိုးဝှက်၊ လုယက်ခြင်းပေတည်း။

ယခုအခါ သတ္တုကကို မင်း၏အမိန့်ဖြင့် လူသတ်ကုန်းသို့ ခေါ်ဆောင်သွားနေချိန် ဖြစ်၏။ နှောင်ကြိုးတည်း၍ သတ္တုကကို လူသတ်ကုန်းသို့ လိုက်ပါသွားရခြင်းမှာလည်း ကြီးကျယ်သော ပြစ်မှုကြီးတစ်ခုကို ထင်ရှားစွာ ကျူးလွန်သည့်အတွက် ရာဇဝြိုဟ်ပြည့်ရှင်ဘုရင်မင်းမြတ်ကိုယ်တိုင်မိန့်မှတ်စီရင်လိုက်သောအမှုကြီး ဖြစ်ပေသည်။ လမ်းသွားလမ်းလာများက သတ္တုကကို နှာခေါင်းရှုံ့ကြသည်။ အကြောင်းသိ၊ အစင်းသိသူများကလည်း အဆောက်အအုံများအတွင်းမှ ထွက်ကြည့်ကာ အဖြစ်တောင်နည်းသေးဟု မှတ်ချက်ချကြသည်။ ချစ်စခင်စကြင်နာစ ရှိသေးသော ဘဒ္ဒခမျာမှာမူ အများနည်းတူ မမြင်နိုင်၊ အများနည်းတူ မခံစားနိုင်။ တရွေ့ရွေ့နှင့် သတ္တုက ဝေးသွားခြင်းမှာ သူမ၏ နှလုံးသား

ပြုတ်ကြွေကာ ဝေးရာသို့လွင့်စဉ်သွားခြင်းသာ ဖြစ်သည်ဟု ခံစားနေရရှာသည်။ ဘဒ္ဒ၏ ပါးပြင်မို့မို့ကလေးဝယ် မျက်ရည်တွေသီးလာသည်။ တစ်ပေါက်ပေါက်ကျလာသည့်အထိ ဖြစ်ရှာသည်။ သူကြည့်နေသောမြင်ကွင်းမှ သတ္တုက ပျောက်သွားလျှင် ဘဒ္ဒမှာ နီးရာဘောင်စောင်းပေါ်သို့ ပြေးလှဲကာ ငိုချလိုက်တော့သည်။

"သူ...သူ...သွားပြီ။ သူ့ကို ငါ မြင်ရတော့မှာ မဟုတ်ဘူး။ အင်း...ခက်ရချည်ရဲ့"တု ငိုယိုနေရှာသည်။ အမေလုပ်သူက "သမီးလေး...ဟဲ့...အို...ဘာဖြစ်နေတာလဲကွယ်။ သမီးလေးရယ်...ဟင်မျက်ရည်တွေနဲ့ ပါကလား" မိခင်သူဌေးကတော်ကြီးသည် ဘဒ္ဒါစံရာ တိုက်ခန်းသို့ ဝင်လာရင်း ရှင်ပြုံးချိုသာစွာဖြင့် ဘောင်စောင်းပေါ်တွင် ဝင်ထိုင်လိုက်၏။ အထိန်းအယနှင့် အပျိုတော်များမှာ နောက်သို့ဆုတ်ကာ အကဲခတ်ရင်း ခစားနေကြ၏။ မယ်မယ်...ဟု ခေါ်လိုက်ပြီး ဘဒ္ဒသည် မိခင်ကို တစ်ချက်မော့ကြည့်ပြီး ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လိုက်သည်။ သမီးရှိုက်မောလျက် မယ်မယ်...ဟု နောက်ထပ်ခေါ်ပြီး "သူ့ကိုမရရင် သမီးသေမှာပဲ။ မသေစေချင်ရင် သူ့ကိုရအောင် လုပ်ပေးပါ မယ်မယ်ရယ်..." "ဘာများလဲသမီး...ပြောစမ်း၊ ရရစေ့မယ်" "သူ့ကို ကြိုးနဲ့တုပ်ပြီး ခေါ်သွားကြတယ် သူလေ...

သတ္တုကြ”သူဌေးကတော်ကြီးမှာ သူ့ရင်ဘတ်ကို ဖိထားမိသည်။ ထိတ်လန့်တုန်လှုပ်စွာဖြင့် ကျောက်ဆောင်ကြီးတစ်ခုသဖွယ် သူဌေးကတော်ကြီး၏ ရင်ဝကို ဝင်ဆောင့်လေသည်။ “သမီးရယ်...ချစ်စရာ၊ ခင်စရာ ယောကျ်ားဒါလောက်ရှားသလားကွယ်။အမျိုးသန့်တဲ့ မျိုးတူနွယ်တူတွေထဲကဆိုရင်...”ဟု ပြောနေရင်း “မယ်မယ်...သမီးကို တကယ်ချစ်ရင် သူ့နောက်ကို မြန်မြန်လိုက်ပြီးရှွေးပေးပါ။ သူသေရင် သမီးလည်း သေမှာပဲ။ သူနဲ့မပေါင်းသင်းရရင်လည်း သမီးသေမှာပဲ။သမီးကိုချစ်ရင်၊နမြောရင် သူ့ကို မြန်မြန်ရွေးပေးပါမယ် မယ်မယ်ရယ်...ဘဒ္ဒသည် ပြောပြောဆိုဆိုအိပ်ရာထဲသို့ ပြေးဝင်သွားကာ ကမ္ဗလာနီစောင်ကြီးကို ခေါင်းမြီးခြုံထားလိုက်လေသည်။ တစ်ယောက်တည်းသောသမီးမို့ မည်သည့်အရာမဆို မျက်နှာအညှိုးမခံရအောင် လုပ်ကိုင်ပေးခဲ့သည်။ ဆောင်ရွက်ခဲ့သည်။ ထိုသို့ အလိုလိုက်ခဲ့သဖြင့်ယခုဒုက္ခတွေ့ချေပြီ။

ယင်းသို့ သူဌေးကတော်ကြီး တွေးရင်း၊ တွေးရင်းဆင်းလာသော သူဌေးကတော်ကြီးမှာ သူဌေးကြီးနှင့်ပက်ပင်းတိုးမိတော့သည်။ သူဌေးကြီး၏မျက်နှာသည်ပြုံးရွှင်နေသော်လည်း သူဌေးကတော်၏မျက်နှာသည်မျက်ရည်စိုသောမျက်နှာဖြစ်နေသည်။ “ရှင်မမျက်နှာ

မသာပါကလား။ သမီးလေးနဲ့ ဘာတွေများ အဆင်မပြေ ဖြစ်လာရပြန်တာလဲ။ ကလေးအမိုက်ဆိုတော့ မှားတဲ့ဟာတွေ ရှိချင်လည်းရှိမပေါ့။ ရှင်မ သိသလို၊ မြင်သလို ဖြစ်တာတွေ ရှိချင်မှလည်း ရှိမယ်ပေါ့ကွ" "ရှင်ပြောတဲ့တွေ တစ်ခုမှမဟုတ်ဘူး။ အရှင့်သမီးဟာ တစ်ဆွေလုံး၊ တစ်မျိုးလုံးရဲ့မျက်နှာကို အိုးမည်းသုတ်ချင်လို့တဲ့" "သမီးလေးကို ဒီလိုမပြောပါနဲ့ ရှင်မရယ်" "ဒီမယ်...မယုံရင်သွားမေးကြည့်။ စောစောက နှောင်ကြိုးတည်းပြီးခေါ်သွားတဲ့ သတ္တုကကိုမရရင် သေရပါလိမ့်မယ်တဲ့။ ရရင် အသက်ရှင်ပါလိမ့်မယ်တဲ့။ ရွေးပေးကြပါတဲ့" ဟော...ဟုအော်ကာ သူဌေးကြီးသည် သူဌေးကတော်ကြီးအား မျက်လုံးပြူးကာ ကြည့်နေမိတော့သည်။ သူဌေးကတော်ကြီးမှာ စိတ်ပင်ပန်းလှသဖြင့် အင်းပျဉ်တစ်ခုပေါ်သို့ အားရပါးရပစ်ထိုင်ချလိုက်သည်။ သူဌေးကြီးသည် သမီးအတွက် သီးသန့်ဆောက်ထားသော ပြာသာဒ်ပေါ်သို့ တက်သွား၏။

မကြာမီ သူဌေးကြီးပြန်လာ၏။ ညိုးအိုသော မျက်နှာဖြင့် ခေါင်းကြီးငိုက်စိုက်ချလျက် အခန်းထဲသို့ ဝင်လာ၏။ သူဌေးကြီးသည် သက်ပြင်းတစ်ချက်ချကာ "ဟင်...ငါသေလိုက်ရင် ကောင်းမှာပဲကွာ။ အေးလေ... သမီးနှစ်သက်နေမှတော့ ဘာတတ်နိုင်မှာလဲ။ မသေသေး

ရင် ကိုယ့်သမီးကလေးကို မြင်နေရသေးပါကလားလို့ပဲ ဖြေရတော့မှာပဲ။ အို...ပုရောဟိတ်သား ခိုးသားကို မရလို့ သေသွားရင် မမြင်ရတော့ဘူးမဟုတ်လား ရှင်မရဲ့... ကဲ...ကြာတယ်။ အသပြာတစ်ထောင် ထုတ်ထားစမ်း ကွယ်။ အချိန်နှောင်းသွားရင် မမီဘဲရှိမယ်"တပည့် တပန်း နောက်လိုက်များကိုခေါ်ရန် သူဌေးကြီးထွက် သွားလျှင် သူဌေးကတော်ကြီးလည်း မည်သို့မျှ ထွေထွေ ထူးထူး ပြောမနေတော့ဘဲ အသပြာတစ်ထောင်ကိုသာ အိတ်ဖြင့်ထည့်၍ အသင့်ပြင်ထားရှာလေသည်။ ခဏ ကြာလျှင် အိမ်ရှေ့သို့ ရထားဆိုက်ရပ်လာ၏။ အားခွန် ဗလကောင်းသော လူယုံတစ်ယောက်သည် ငွေအိတ်ကို ထမ်းယူကာ ရထားပေါ်သို့ တင်ပေးရသည်။ သူဌေး ကတော်ကြီးသည် ခင်ပွန်းသည်အား အပြစ်မတင်ရက်၊ သူလည်း ကြံရာမရလို့သာ သဘောတူလုပ်ရတာ ဖြစ်မှာ ပါပဲ...ဟု စာနာစိတ်ဖြင့် ငေးမောကာ ကျန်ရစ်ခဲ့သည်။

အပုကိုအအေး၊ အမည်းကိုအဖြူ မြင်သူများထဲ တွင် သူဌေးသမီးဘဒ္ဒလည်း တစ်ယောက်အပါအဝင် ဖြစ်၏။ ဖခင်သူဌေးကြီးသည် လူသတ်သမားတို့အား အသပြာတစ်ထောင်ပေး၍ သတ္တုကကို ရွေးယူခဲ့သည်။ လူမသိသူမသိ ရထားဖြင့်တင်လာကာ နံ့သာရေမိုး ချိုးပေးပြီး ဝတ်ကောင်းစားလှ ဆင်ပေး၏။ မချစ်သော်

လည်း အောင့်ကာနမ်းရဘိသို့ သမီးနှင့်စပ်လျဉ်းလာသောကြောင့် သင့်လျော်ရာ ရတနာတန်ဆာများကိုလည်း ဆင်ယင်ပေးကာ သမီးစံရာ ပြာသာဒ်ပေါ်သို့ တင်ပေးလိုက်ရတော့သည်။ ဘဒ္ဒမှာ ချစ်သူနှင့်ပေါင်းသင်းရသောကြောင့် ပျော်ခြင်းမကပျော်နေ၏။ ခက်ခဲပင်ပန်းစွာ ရယူပေါင်းသင်းရသဖြင့် ဘဒ္ဒမှာ ရွှင်လန်းနေ၏။ မြတ်နိုးခြင်း၊ သဒ္ဓါခြင်း၊ ချစ်ခြင်းတို့လည်း ပိုကဲဆင့်ပိုးနေပေသေး၏။ အဖဆင်မြန်းပေးလိုက်သောရတနာတို့ထက် နှစ်ဆပိုသော ပစ္စည်းများဖြင့် သတ္တုကအား ဆင်မြန်းပေး၏။ ကောင်းမွန်သော အိပ်ရာနေရာ၊ ကောင်းမွန်သော အစားအစာများဖြင့် အနည်းငယ်မျှ မချို့တဲ့အောင် ပြုစုယုယထားလေသည်။ မှန်ကြည့်သလို ကြည့်နေ၏။

ရေတွင်အရုပ်ရေး၍ မထင်သကဲ့သို့ ဘဒ္ဒ၏ မေတ္တာ စေတနာသည်လည်း သတ္တုက၏ နှလုံးသား၌ မထင်ဟပ်ပေ။ ငါ့အသက်ကို ကယ်ပါကလားဟူ၍ ကျေးဇူးတင်ရကောင်းမှန်းမသိ။ တစ်စုံတစ်ရာမကောင်းမှု ပြုရန်သာ ကြံစည်စိတ်ကူးနေသည်။ လေးငါးရက်ကြာလာ၏။ သတ္တုကသည် သူ၏အကြံကို အကောင်အထည်ဖော်ရန် စိတ်ကူးပြင်ဆင်ပြီးသွားလေပြီ။ ဘဒ္ဒကို ဤသို့ပြော၏။ "ချစ်နှမဘဒ္ဒါ ... ငါတွင် နတ်တို့အား

ပူဇော်ရန် ကတိကြွေးတင်ခဲ့ပေတယ်။ အဲဒီကြွေးကိုဆပ်ရန် ကူညီစေချင်တယ်။ ဘယ်လိုကြွေးများလည်း မောင်ကြီး ရယ်။ နှမလေး အသက်နဲ့လဲပြီးဖြည့်စွမ်းဖို့ အသင့်ပါပဲ"

"ဒီလိုပါ ချစ်နှမလေးရယ်...မောင်ကြီးကို အာဏာသား တွေကြိုးတုပ်ပြီး ဖမ်းဆီးသွားတော့ မောင်ကြီးဟာ ခိုးသူ တို့ပစ်ချတဲ့ ခိုးသူပစ်တောင်က တောင်စောင့်နတ်တွေကို တိုင်တည်ခဲ့တယ် အို...မောင်မောင့်နတ်တို့...ကျွန်ုပ်အား အသက်မသေအောင် ကယ်ဆယ်ကြပါ။ စောင့်ရှောက် ကြပါ။ ကျွန်ုပ်အသက်ရှင်နေခဲ့လျှင် အသင်နတ်မင်း တို့အား ပူဇော်ပသပါမယ်လို့ ကတိထားခဲ့မိတယ်"

"ဒါလေးများ မောင်ကြီးရာ ဘာများခက်တာမှတ်လို့ ညနေနေအေးရင် အဆင်သင့် ဖြစ်စေရမယ်။ ဟုတ်ပြီ လား"သတ္တုကၡ၏ပခုံးစွန်းကို ဘဒ္ဒသည် သူ့ပါးကလေး ဖြင့်ပွတ်သပ်ရင်း ပြောလိုက်ရာ သတ္တုကမှာ ကျေနပ် သွားလေသည်။

ထိုနေ့ညနေတွင် သူဌေးကြီး၏ အိမ်ရိပ်အတွင်း ၌ ခိုးသူပစ်တောင်သို့ သွားရမည့်ရထားသည် အသင့် ဖြစ်နေ၏။ နတ်တို့အားပူဇော်ရန် အုန်းပွဲ၊ ငှက်ပျောပွဲ များနှင့်အတူလိုက်ပါမည့်အစေအပါးများလည်း အသင့် ဖြစ်နေကြ၏။ မကြာမီ ဇနီးမောင်နှံတို့သည် အဖိုးထိုက် အဖိုးတန် ရတနာများဝတ်ဆင်လျက် လက်ချင်းတွဲ၊

လည်ချင်းတွဲယှက်ကာ ပြာသာဒ်မှဆင်းလာကြသည်။ ထိုမောင်နှံတို့သည် ရထားကြီးပေါ်သို့ တက်မိလျှင် ရထားကြီးသည် ညင်သာစွာထွက်သွား၏။ အစေအပါးများလည်း ပစ္စည်းများကိုထမ်းပိုးကာ ရထားနောက်မှ လိုက်သွားကြသည်။ သတ္တုကမှာ အကြံအောင်တော့မည်ဟု ဝမ်းသာနေ၏။ ဘဒ္ဒက တူယှဉ်တွဲ၍ ခရီးထွက်ရသည့်သဘောဖြင့် ရွှင်မြူးတက်ကြွနေ၏။ ခိုးသူပစ်တောင်ကြီးလည်း တဖြည်းဖြည်းနီးလာ၏။ လူနေအိမ်ခြေများလည်း ဝေးသထက်ဝေး၍ ကျန်ရစ်ခဲ့၏။ ခိုးသူပစ်တောင်ကြီးကား...မြင့်မောက် မတ်စောက်လွန်းလှသည်။ ရာဇဂြိုဟ်မြို့ဘက်မှ အထက်လမ်းသည် ပြေပြစ်သလောက် အခြားတစ်ဖက်တွင်ကား မြင့်မားမတ်စောက်ချောက်ကမ်းပါးပြတ်များသာ ဝန်းရံနေ၏။ ထိုကမ်းပါးပြတ်မှပစ်ချခံရသော ရာဇဝတ်သားများမှာ တစ်ယောက်မျှ အသက်ရှင်လျက် ပြန်လာသည်မရှိကြချေ။

တောင်ခြေသို့ ရထားဆိုက်ကပ်လာသောအခါ သတ္တုကသည် အစေအပါးများကို ဟန့်တားလိုက်၏။ "မင်းတို့ဟာ ငါတို့အတွက် သွေးသားမတော်စပ်၍ နတ်တို့ကြိုက်မှာ မဟုတ်ဘူး။ ဒီကပဲ စောင့်နေကြလော့"ဟု ပြောဆိုပြီး တောင်ပေါ်သို့ ချစ်ဇနီးမောင်နှံ ငှက်ပျောပွဲ၊ အုန်းပွဲများကိုယူကာ တက်သွားကြ၏။

တောင်ပေါ်တွင်ကား...လမ်းလျှောက်စရာ၊ လမ်းသွားစရာမရှိ။ ကျဉ်းမြောင်းလှသည်။ တစ်ဖက်တွင် ကမ်းပါးပြတ်သာ ရှိသည်။ "ဘယ်နေရာမှာ ပူဇော်မလဲမောင်..." ဘဒ္ဒသည် ကန်တော့ပွဲကို ကျောက်တုံးပေါ်တင်လိုက်ပြီး သတ္တုကကို မေးလိုက်သည်။ သတ္တုကသည် သူ့ပခုံးပေါ်တွင်ပါလာသော အုန်းပွဲကို ချောက်ထဲသို့ ကန်ပစ်ချလိုက်သည်။ "ဟင်...ဘယ်လို ဖြစ်သွားတာလဲ" မျက်လုံးကလေးဝိုင်းလျက် ဘဒ္ဒမေးနေဆဲတွင် ကျောက်တုံးပေါ်၌ ဘဒ္ဒတင်ထားသော ငှက်ပျောပွဲကိုလည်း ခြေဖြင့် ကန်ချလိုက်သည်။ ချစ်လင်သတ္တုက ရုတ်တရက် စိတ်ဖောက်ပြန်သွားလေသလား စိုးရိမ်စိတ်ဖြင့် နဖူးကို စမ်းကြည့်သည်။ လက်ကိုကိုင်ကြည့်သည်။ သတ္တုကသည် ဘဒ္ဒအား တွန်းပစ်လိုက်သည်။ "ဒီမှာ... ဘာမှ ပြောမနေနဲ့။ မင်းခြံလာတဲ့ ပဝါကိုဖြန့်ခင်းပြီး မင်းဝတ်လာတဲ့ နားတောင်း၊ လက်ကောက်၊ ဘယက်တန်ဆာ၊ ဒွါဒရာအားလုံး အကုန်ထည့်။ ဘာငေးနေတာလဲ။ အကုန်ထည့်ဆို ထည့်မှပေါ့" "မောင်ရယ်... နှမလေးမှာ ဘာအပြစ်ရှိသလဲ။ မောင် နတ်ပူဇော်ချင်တယ်ဆိုလို့ အားလုံးပြည့်စုံအောင်..." "တိတ်စမ်း... ဘာကိစ္စ ငါကနတ်ပူဇော်ရမှာလဲ။ နင့်ပစ္စည်းတွေလိုချင်လို့ ဒီပေါ်ခေါ်လာတာ" "မောင်ရယ်...နှမပစ္စည်းတွေဟာ

မောင်လည်း ပိုင်ပါတယ်။ မောင့်မယားဆိုတော့ ”

“ဒါတွေ ငါနားမလည်ဘူး။ နင့်ပစ္စည်းတွေ တစ်ခုမကျန် အကုန် ချွတ်”

ယခုအခါတွင် ဘဒ္ဒသည် သူ့အမှားကိုသူ မြင်လာသည်။ ထိုခိုးသား၊ လူယုတ်မာကို အသက်ကယ်၍ လင်ပြုခဲ့သည်။ အသက်တမျှကြင်နာခဲ့သည်။ မယားပိုင်ပစ္စည်း လင်ပိုင်သည်ဆိုသည်ကိုလည်း သူ နားမလည်။ ပစ္စည်းယူရုံဖြင့် မကျေနပ်။ လူကိုပင် ရန်ရှာချင်ရှာမည်။ ထို့ကြောင့် ဘဒ္ဒသည် ပစ္စည်းကို မနှမြောသော်လည်း အသက်ကိုနှမြောသောကြောင့် လွတ်လမ်းကို ရှာရပေတော့သည်။

“ပြောမရလည်း ရှိပါစေတော့လေ။ ဒါပေမဲ့ မောင့်ကို နှမလေး ဘယ်လောက်ချစ်တယ်ဆိုတာ မောင်အသိပါပဲ။ ဒါကြောင့် နောက်ဆုံးမခွဲခွာခင်မှာ မောင့်ကို နှမ နမ်းပါရစေ။ ဒါလေးတော့ ခွင့်ပြုပါနော်”

“ကောင်းပြီ၊ အကြာကြီးတော့ မရဘူး။ ခဏပဲ ကောင်းပါပြီ မောင်ရယ်။ ရှေ့ကတစ်ကြိမ်၊ နောက်ကတစ်ကြိမ် နမ်းမှာပါ” ဘဒ္ဒသည် သတ္တုကအား အလွန်စုံမက်လွန်းဟန်ဖြင့် ရှေ့မှတစ်ကြိမ် နမ်းသည်။ ထိုနောက် ကျောဘက်မှ နမ်းရှိုက်လေဟန်ပြုလုပ်ပြီး မိဘအရှက်ကို ခွဲကာ ယူထားရသောလင်အား ကျောဘက်မှ ဆောင့်

ကန်၍ ချောက်ထဲသို့ တွန်းချလိုက်လေ၏။ ထိုအဖြစ်အပျက်ကို မြင်သော တောင်စောင့်နတ်တို့သည် အလုံးစုံသောအရာများ၌ ယောကျ်ားများသာ ပညာရှိသည် မဟုတ်။ မိန်းမသည်လည်း စူးစမ်းဆင်ခြင်နိုင်သော ပညာရှိ၏။ အကျိုးအကြောင်းကို အထူးကြံစည်နိုင်ပေသည်တကား...ဟု ချီးမွမ်းလေတော့သည်။

နိဂဏ္ဌပရဗိုဇ် ရဟန်းမတို့၏ ကျောင်းသည် မီးရောင်တလက်လက်ဖြင့် စကားပြောသံများဖြင့် ဆူညံနေ၏။ ရာဇဂြိုဟ်မြို့နှင့်များစွာ မဝေးသောနေရာတွင် တည်ရှိ၍ သွားရေးလာရေး လွယ်ကူ၏။ သို့စဉ်တွင် မိန်းမတစ်ယောက်သည် ကျောင်းပေါ်သို့ ပြေးတက်လာ၏။ "အရှင်မတို့...အရှင်မတို့..." "ဟဲ့...ဘယ်သူလဲ"ပရဗိုဇ်မတစ်ယောက် ကျောင်းခန်းထဲမှ ထွက်လာသည်။ မိန်းမလား၊ ယောကျ်ားလား စစ်ဆေးကြည့်သည်။ "မိန်းကလေး... အချိန်မတော် ဘာကိစ္စလာတာလဲ" "ကျွန်မ ရဟန်းပြုချင်လို့ပါ" "နာမည်ဘယ်လိုခေါ်ပါသလဲ" "ဘဒ္ဒလို့ ခေါ်ပါတယ်" လင်ယုတ်မာသတ္တုက၏မယား သူဌေးသမီးဘဒ္ဒါ ဖြစ်ပေသည်။ လူသတ်မှုဖြင့် မင်းပြစ်မင်းဒဏ်သင့်မည်ကို သိသဖြင့် တောင်အောက်မှဆင်းကာ ဤနိဂဏ္ဌတိတ္ထိကျောင်းသို့ ပြေးလာခဲ့ခြင်းဖြစ်သည်။ တိတ္ထိတို့သည် ဘဒ္ဒ၏ခေါင်း

ကိုခားဖြင့်မရိုက်ဘဲ ထန်းစေ့ဖြင့်ညှပ်ကာ တစ်ချောင်းချင်း နုတ်ပစ်သည်။ အဝတ်ဖြူကို ဝတ်ရုံရသည်။ ပရိဗိုဇ်မ ဘဒ္ဒသည် ဆံပင်များကို တစ်ချောင်းမကျန်နုတ်ပယ်ပြီးသော်လည်း နောက်ထပ်တစ်ဖန် ဆံပင်များပေါက်လာကာ ကျောက်ခြယ်နားတောင်းကဲ့သို့ ရစ်လည်ကာ ဖွေလှည့်လည်နေသောကြောင့် ဘဒ္ဒအမည်ပျောက်ရာ "ကုဏ္ဍလကေသာ"အမည်တွင်ခဲ့သည်။

ကုဏ္ဍလကေသာသည် နိဂဏ္ဌပရိဗိုဇ်တို့၏ အယူဝါဒကို သင်ကြားပြီး ဤမျှလောက်ပဲ ရှိမည်။ အကျိုးမထူး။ ငါတခြား ကျောင်းသွားမှာပဲ။ မည်သည့်အရပ်တွင် ဆရာကြီးများ အယူဝါဒတော်သည်ကြားလျှင် ပြေး၍တပည့်ခံသည်။ ထိုသို့ တိတ္ထိဆရာပေါင်းများစွာထံတွင် တပည့်ခံသောအခါ "ကုဏ္ဍလကေသာ"ကို အယူဝါဒအရာတွင် ယှဉ်ပြိုင်နိုင်သူ မရှိတော့ချေ။ ထို့ကြောင့် အဝတ်ဖြူဝတ် နိဂဏ္ဌပရိဗိုဇ်မကုဏ္ဍလကေသာသည် သပြေခက်ကိုကိုင်၍ ရောက်ရာမြို့ရွာသို့ လှည့်လည်ဝင်ရောက်ကာ တံခါးဝ၌ သဲပုံစေတီပြုလုပ်ကာ သဲပုံပေါ်တွင် သပြေခက်ကို စိုက်ထူထားခဲ့သည်။ "ဒီရွာမှာ ငါ့ထက်ပညာသာတဲ့သူရှိရင် ဒီသပြေခက်ကို နင်းချေဖျက်ဆီးနိုင်သဟေ့...မသာဘဲနဲ့တော့မထိနဲ့" အနီးပတ်ဝန်းကျင်ရှိ ကလေးသူငယ်တို့အား

မှာထားခဲ့ပြီး ရပ်ရွာထဲသို့ စားရေရိက္ခာ ရှာဖွေလေသည်။ ဘဒ္ဒစိုက်ထူခဲ့သော သပြေခက်ကို နင်းချေဖျက်ဆီးရဲသူ မည်သူ့မြို့ရွာတွင်မျှ မတွေ့ရတော့ချေ။ ထို့ကြောင့် ဘဒ္ဒသည် မြို့ရွာပေါင်းများစွာ လှည့်လည်ခဲ့ရာ သာဝတ္ထိပြည်သို့ ရောက်လာလေသည်။ သာဝတ္ထိပြည်၊ မြို့တံခါးအနီး၌ သဲပုံပြုလုပ်ကာ သပြေခက်စိုက်ထားခဲ့၍ မြို့တွင်းသို့ဝင်သွားလေ၏။ သူဝင်သွား၍ မကြာမီပင် လက်ယာရံစေတဒဂ်ရ အဂ္ဂသာဝကြီး အရှင်သာရိပုတ္တရာကိုယ်တော်ကြီးသည် တစ်ပါးတည်းဖြင့် မြို့တွင်း ဆွမ်းခံဝင်တော်မူခဲ့ရာ အရှင်မြတ်ကြီးသည် သဲပုံပေါ် သပြေခက်ကိုမြင်၍ သူငယ်တို့ကိုမေးရာ ဘဒ္ဒကုဏ္ဍလကေသာပရိဗိုဇ်မှာထားခဲ့သော စကားဖြင့်လျှောက်ထားရာ ယင်းသို့ဖြစ်လျှင် ဤသပြေခက်ကို နင်းချိုးဖျက်ဆီးလော့ဟု မိန့်တော်မူကာ ဆက်လက်၍ ဆွမ်းခံဝင်တော်မူ၏။

ဘဒ္ဒပြန်လာ၍ သပြေခက် ကျိုးကြေလွင့်စဉ်နေသည်ကို တွေ့သဖြင့် စုံစမ်းရာ အရှင်သာရိပုတ္တရာ ဖျက်ဆီးသွားကြောင်း သိရသဖြင့် သူတစ်ဦးတည်း ရင်မဆိုင်ရဲသဖြင့် အဖော်သဟဲရစေရန် "အို… လူအပေါင်းတို့ ငါသည် သာကီဝင်မင်းသား ဖြစ်သော ရဟန်းနှင့်အယူဝါဒ ယှဉ်ပြိုင်အံ့"ဟု ကြွေးကြော်ရာ လူများဝိုင်းအုံလာကြတော့သည်။ ဘဒ္ဒပရိဗိုဇ်သည်

လူအများ ဝိုင်းဝန်းခြံရံလျက်လာခဲ့ရာ တစ်ခုသော သစ်ပင်ရင်း၌ နေတော်မူသော အရှင်သာရိပုတ္တရာကို မြင်လေလျှင် အပါးသို့ချဉ်းကပ်ပြီး "အရှင်ဘုရား... ကျွန်ုပ်၏ သပြေခက်ကို နင်းချိုးဖျက်ဆီးသလော" "ဟုတ်၏... ငါနင်းချိုးစေခိုင်းခဲ့သည်" "သို့ဖြစ်လျှင် အကျွန်ုပ်၏အယူဝါဒနှင့် အရှင်တို့ အယူဝါဒ ယှဉ်ပြိုင် ပြောဆိုကြပါအံ့" "ယှဉ်ပြိုင်လိုလျှင်ပြိုင်လော့" "ဘယ်သူ ကမေး၍ ဘယ်သူကဖြေဆိုရပါမည်နည်း" "ကျွန်ုပ်မေး ပါအံ့။ အရှင်ဖြေဆိုပါလော့" "မေးလော့ဒါယိကာမ..."

အရှင်သာရိပုတ္တရာ အရှင်မင်းကြီးက ခွင့်ပြုသော အခါ ဘဒ္ဒပရဗိုဇ်သည် မိမိသိသောပြဿနာတို့ကို တစ်ခုပြီးတစ်ခု မေးမြန်းလျှောက်ထား၏။ အရှင်သာရိ ပုတ္တရာ အရှင်မြတ်ကလည်း ဘဒ္ဒမေးသမျှ တစ်ခုပြီး တစ်ခုသော ပြဿနာတို့ကို လွယ်ကူစွာ ဖြေကြားတော် မူသည်။နောက်ဆုံး၌ ဘဒ္ဒပရဗိုဇ်မတွင် မေးစရာပြဿနာ များ တစ်ခုမျှမရှိတော့။ အရှင်မြတ်က မိန့်တော်မူ၏။ "ဒါယိကာမ...သင်က မေးလိုသမျှမေး၍ ပြီးလေပြီ။ ငါသည်လည်း သင့်အား ပုစ္ဆာပြဿနာကို မေးတော့အံ့" "မေးတော်မူပါဘုရား..."

"ဒါယိကာမ... "တစ်ခု" ဆိုသည်ကား... အဘယ်နည်း"

ဘဒ္ဒပရုဗိုဇ်မသည် ထိုမေးတော်မူသော ပုစ္ဆာပြဿနာ၏ အစကိုလည်းကောင်း၊ အဆုံးကိုလည်းကောင်း မမြင်နိုင်ဘဲ မှောင်မိုက်အတွင်း ဝင်မိသကဲ့သို့ ဖြစ်၍ ဝန်ခံရရှာတော့သည်။

"အို...အရှင်...ကျွန်ုပ်မသိပါ"

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက "ဒါယိကာမ...သင်သည် ဤတစ်ခုကိုမျှ မသိပါဘဲနှင့် တစ်ပါးသောအရာတို့ကို အဘယ်မှာ သင်သိနိုင်ပါတော့မည်နည်း" ထိုသို့ မိန့်တော်မူပြီးနောက် ဆက်လက်၍ တရားဟောတော်မူရာ ကုဏ္ဍလကေသာ ဘဒ္ဒပရုဗိုဇ်မသည် အရှင်မြတ်အား ရိုသေစွာရှိခိုးလျက် ခြေတော်ရင်း၌ ဝပ်စင်းလျက်နေ၏။

"အရှင်မြတ်ဘုရား...တပည့်တော်မသည် အရှင်ဘုရားကိုကိုးကွယ်ပါ၏ဘုရား။ဆည်းကပ်ပါ၏ဘုရား"

"ဒါယိကာမ...နတ်နှင့်တကွသော လူ့ပြည်တို့၌ အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ပါလော့"

"ကောင်းပါပြီ အရှင်ဘုရား..."

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးထံ ဝန်ခံပြီးနောက် ဘဒ္ဒသည် ညချမ်းသောအခါဝယ် ဇေတဝန်ကျောင်းတော်သို့လာခဲ့၍ တရားဟောတော်မူသော

မြတ်စွာဘုရားအနီး၌ရပ်၍ ငါးပါးသောတည်ခြင်းဖြင့် ရှိသေစွာရှိခိုးနေလေသည်။ မြတ်စွာဘုရားသည် ပရိဗိုဇ်မ၏ ပါရမီဉာဏ်ရင့်ပြီးသည်ကို သိတော်မူသဖြင့် သတ္တဝါ၏ အနအရင့်နှင့်တန်သော တရားကို ဟောတော်မူရာ ဘဒ္ဒကုဏ္ဍလကေသာထေရီပရိဗိုဇ်မသည် ရပ်လျက်သာလျှင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လာကာ ဘိက္ခုနီမထံတွင် ရဟန်းပြု၏။

ဘဒ္ဒကုဏ္ဍလကေသာဘိက္ခုနီသည် ဘိက္ခုနီကျောင်းတိုက်သို့ရောက်ပြီးနောက် မကြာမီတွင် ခွေးတစ်ကောင်သည် လူ၏လက်ပြတ်ကို ကိုက်ချီယူလာပြီး အနီး၌ချထားခဲ့၏။ သဲအလူးလူး၊ ဖုန်အလိမ်းလိမ်းဖြစ်နေသော လက်ပြတ်ကိုမြင်သဖြင့် ဘဒ္ဒကုဏ္ဍလကေသာသည် နိမိတ်ထင်လာသဖြင့် မြတ်စွာဘုရားထံသို့ပို့ပေးရာ ဖြစ်ပျက်တရားဟူ၍ ကြံစည်သောအခါ ကိလေသာအာသဝေါမှ ကင်းလွတ်၍ အလုံးစုံသောတေဘူမက ရုပ်နာမ်တရား၌ စွဲလမ်းခြင်းမရှိ၊ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

မြတ်စွာဘုရားသည် ဤဘဒ္ဒကုဏ္ဍလကေသာထေရီမြတ်လှ အရှင်မအား "အဂ္ဂခိပ္ပာဘိညတေဒဂ်" ဖြင့် ချီးမြှင့်အရာထားတော်မူလေသတည်း။ ။

■

## “ပထမံသရဏံဂစ္ဆန္တိ တေဒဂ်” ရ
## သုဇာတာဥပါသိကာ အမျိုးသမီး

သေနိယနိဂုံးမှ သေနိယသူကြွယ်၏သမီး “သုဇာတာ”သည် ဂေါတမဘုရားပွင့်တော်မူခါနီးအခါ၌ အမျိုးတူသောယောကျ်ားနှင့်ပေါင်းမိ၍သားတစ်ယောက်ရရန် ညောင်ပင်ရင်းသို့ ချဉ်းကပ်ပြီး ညောင်စောင့်နတ်အား ဆုတောင်းခဲ့လေသည်။ ဆုတောင်းသည့်အတိုင်း ကဆုန်လပြည့်နေ့၌ ဗလိနတ်စာပြုရန် ပြင်ဆင်ထား၏။ ပြင်ဆင်ထားပုံမှာ နွားမတစ်ထောင်အနက် ရှစ်ရာတို့ကို နို့ညှစ်၍ ကျန်သောနွားမနှစ်ရာကို တိုက်သည်။ ထိုနှစ်ရာအနက်မှ တစ်ရာ့ခြောက်ဆယ်၏နို့ကို နွားမလေးဆယ်ကို တိုက်ပြန်သည်။ ထိုနွားမလေးဆယ်မှ ၃၂ကောင်၏

နို့ကို ကျန်သောနွားမ ရှစ်ကောင်ကို တိုက်သည်။ နောက်ဆုံးဖြစ်သော နွားမရှစ်ကောင်၏နို့ကို ညှစ်ယူ၍ ပြီးမှ "ဃနာနို့ဆွမ်း"ချက်လေသည်။

"ဃနာနို့ဆွမ်း"ချက်သော ဆွမ်းသည် ဂေါတမ မြတ်စွာဘုရားအလောင်းတော် ဘုဉ်းပေးလိမ့်မည်ကို သိသော လောကပါလနတ်မင်းကြီး လေးယောက်က ခံလောက်ကို လာရောက်စောင့်ရှောက်သည်။ ဗြဟ္မာကြီးက ထီးမိုး၏။ သိကြားမင်းက ထင်းထိုး၏။ တစ်သောင်းစကြဝဠာ နတ်ဗြဟ္မာအပေါင်းတို့က ကောင်းမြတ်သော နတ်သြဇာများ လာရောက်ထည့်ကြ၏။ သုဇာတာသည် နို့ဃနာချက်ပြီးချိန်တွင် အစေအပါး မိန်းမပုဏ္ဏားအား ညောင်ပင်သို့လွှတ်လိုက်ပြီး ညောင်စောင့်နတ်မင်း၏နေရာကို သုတ်သင်ရှင်းလင်းရန်လွှတ်လိုက်၏။ ထိုအချိန်တွင် ဂေါတမဘုရားအလောင်းတော်သည် ညောင်ပင်ခြေရင်း၌ ရောက်ရှိနေတော်မူသည်။ ကိုယ်တော်အရောင်ဖြင့် ညောင်ပင်အလုံး ထွန်းလင်းတောက်ပလျက် အရှေ့လောကဓာတ်သို့ ရှေးရှုနေတော်မူ၏။

အမှိုက်ရှင်းလင်းနေသော ပုဏ္ဏားသည် ထိုအခြင်းအရာကို မြင်ရသဖြင့် အလွန်အားရ ဝမ်းသာစွာဖြင့် အိမ်သို့အမြန်ပြန်ပြေးလာ၏။ အိမ်ရောက်လျှင် "အရှင်မ

ရေ...ငါတို့ရဲ့ အရှင်နတ်မင်းဟာ ကနေ့ အတုမရတဲ့ အသရေနဲ့ ညောင်ပင်ရင်းမှာ ကိုယ်ထင်ပြပြီး စံနေတော်မူတယ်။ မြန်မြန်သွားပြီး ပူဇော်ကြစို့” သုဇာတာလည်း ပုဏ္ဏားစကားကိုကြားလျှင် အားရဝမ်းသာစွာဖြင့် ဃနာနို့ဆွမ်းအားလုံးကို အသပြာတစ်သိန်းထိုက်သော ရွှေခွက်တွင်ထည့်၍ တစ်ခုသောရွှေခွက်ဖြင့်ဖုံး၍ ညောင်ပင်ရင်းသို့အရောက်လာခဲ့၏။ ဂေါတမဘုရားအလောင်းတော်၏ တင့်တယ်ခြင်းကို မြင်ရပြန်သဖြင့် အတိုင်းထက်အလွန်နှစ်သက်သဖြင့် ရွှေခွက်ကိုပါ ဆက်ကပ်ပူဇော်လေသည်။

မြတ်စွာဘုရား အလောင်းတော်သည် သမ္မာသမ္ဗောဓိဉာဏ်ဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူစဉ် သုဇာတာ၏သား ယသသတို့သားသည် မြတ်စွာဘုရားထံတော်သို့ ရောက်လာလေ၏။ သုဇာတာ၏သား ယသလုလင်သည်စင်ကြယ်သန့်ရှင်းသောအဆင်းလည်း ရှိ၏။ သိမ်မွေ့နူးညံ့သော အပြင့်လျာလည်း ရှိ၏။ များစွာ စည်းစိမ်ဥစ္စာလည်း ရှိ၏။ ယသလုလင် သည် ဥတုသုံးပါးနှင့်လျော်ကျက်သော ပြာသာဒ်သုံးဆောင်၌ တစ်ထောင့်ငါးရာမျှလောက်သော မောင်းမမိဿံ ခြံရံ ခစားလျက် မိမိမှတစ်ပါး ယောကျ်ားမရှိဘဲ ကာမဂုဏ်

ချမ်းသာကို ခံစားနေခဲ့လေသည်။ ထိုယသလုလင်သည် ဆောင်းစံသောပြာသာဒ်မှ နွေစံသောပြာသာဒ်သို့၊ နွေစံသောပြာသာဒ်မှ မိုးစံသောပြာသာဒ်သို့ ရွှေ့ပြောင်းစံနေခဲ့သည်။ နတ်ကညာကဲ့သို့ တင့်တယ်စွာ တန်ဆာဆင်အပ်သော မိန်းမတို့သည် အချို့ကား တူရိယာတီးမှုတ်၊ အချို့ကားသီချင်းဆို၊ အချို့ကား ကခုန်မြူးကြွ ခြံရံကြလျက်နေကြကုန်သည်။ ယသလုလင်သည် တစ်ခုသောညတွင် စောစောအိပ်ပျော်သွားခဲ့သည်။ ပစ္ဆိမယံ၌ တစ်ရေးနိုးလာ၏။ သူ့အားပတ်ဝန်းကျင်၌ ကိုးရိုးကားရား ပိုးလိုးပက်လက် အဝတ်ကျွတ်သူကကျွတ်၊ ကိုယ်လုံးတမျှ ဖြစ်နေသူကဖြစ်နေ၊ နံ့သာမီးရောင်ဖြင့် မြင်သောအခါ တုန်လှုပ်သော နှလုံးဖြင့် ယူကျုံးမရရှိလေသည်။

ထိုသို့သော အခြင်းအရာအဖုံဖုံကို မြင်တွေ့ရသော ယသလုလင်သည် အလုံးစုံသော ကိုယ်၏အဖြစ်သည် နှစ်သက်ခံင်မင်ဖွယ်မရှိ။ စက်ဆုပ်စရာအတည့်သာ ဖြစ်၏။ ဤခန္ဓာကိုယ်ငါးပါးသည် အနှစ်သာရမရှိ၊ တန်စီးတွင်း၌တက်သော အမြှုပ်ကဲ့သို့ ယုတ်မာလှစွာ တဏှာ၏အဟုန်ဖြင့် စွဲမက်ပြင်း၍ ညှဉ်းဆဲပူလောင်လေစွတကားဟု မြည်တမ်းလျက် အိမ်မှထွက်လာရာ မိဂဒါဝုန်တောသို့ ရောက်လေ၏။ မြတ်စွာ

ဘုရားသည် ထိုညဉ့်မိုးသောက်ယံ၌ လွင်တီးခေါင်တွင် စကြံကြွတော်မူစဉ် အဝေးမှလာနေသော ယသလုလင်ကို မြင်တော်မူလျှင် ယသလုလင်အား အစဉ်အတိုင်းသော တရားစကားဖြင့် ဟောကြားတော်မူ၍ သစ္စာလေးပါးကို ပြတော်မူလျှင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကင်းလျက် သောတာပတ္တိဖိုလ်သို့ ရောက်လေသည်။

ယသလုလင်၏ ဖခင်သူဌေးသည်လည်း သားပျောက်သွားသောကြောင့် လိုက်လံရှာဖွေရာ မြတ်စွာဘုရား၏ထံတော်မှောက်သို့ ရောက်လာ၏။ ထိုသူဌေးသည်လည်း မြတ်စွာဘုရား၏ တရားတော် နာကြားရသဖြင့် သောတာပန်တည်ပြီးလျှင် မြတ်စွာဘုရားနှင့်တကွ သားရဟန္တာအရှင်ယသကိုပါ ဆွမ်းဖိတ်၍ အိမ်သို့ ပြန်လာခဲ့သည်။ နံနက်မိုးသောက် အလင်းရောက်သောအခါ မြတ်စွာဘုရားသည် အရှင်ယသနှင့်တကွ သူဌေးအိမ်သို့ ကြွလာတော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးနောက် တရားဟောကြားတော်မူရာ အရှင်ယသ၏ အမိသုဇာတာသည် သောတာပန်ဖြစ်၍ သူခပ်သိမ်းတို့ထက် ရှေးဦးစွာ "တေဝါစိကာသရဏဂုံ"ကို ဆောက်တည်ရ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ရဟန်းတို့... ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်း "သရဏဂုံ"သို့ ရောက်ကုန်သော ငါ၏ဥပါသိကာတို့တွင် ဤသေနိယ

သူဌေးသမီး "သုဇာတာ"သည် အမြတ်ဆုံးဖြစ်၏ဟု မိန့်တော်မူရာ "သုဇာတာ"အား "ပထမံသရဏံဂစ္ဆန္တီ" ဧတဒဂ်အရာ၌ ထားတော်မူခြင်း ဖြစ်ပေသည်။

စာရှုသူအပေါင်းတို့ အထူးသိသာရန်မှာ...

ပထမ "ဒွေဝါစိက သရဏဂုံ"ကို ပထမဆုံး ရရှိသူများကား ဥက္ကလာပမှလာသော "တဖုဿ– ဘလ္လိက"ညီနောင်နှစ်ဦးတို့ဖြစ်သည်။ နောက် "တေဝါ စိကသရဏဂုံ"ကို ပထမဆုံးရရှိသူကား အရှင်သယ၏ အမိ "သုဇာတာ" ဖြစ်လေသည်။

**ဒွေဝါစိကသရဏဂုံကား**=ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ ဖြစ်ပါသည်။

**တေဝါစိကသရဏဂုံကား**=ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဖြစ်ပါသည်။

■

## "အဂ္ဂပဏ္ဏီတဒါယိကာတောအဂ်" ရ
## သုပ္ပဝါသဥပါသိကာ အမျိုးသမီး

ကောလိယမင်းသမီး သုပ္ပဝါသသည် ကောလိယမြို့ မင်းမျိုး၌ဖြစ်၍ သုပ္ပဝါသဟု အမည်တွင်ကာ မဟာလိအမည်ရှိသော လိစ္ဆဝီမင်းသားနှင့် သင့်မြတ်ကာ သီဝလိသတို့သားကို ဖွားမြင်သည်။ ကောလိယမင်းသမီး သုပ္ပဝါသသည် မြတ်စွာဘုရားအား ပထမဆုံးအကြိမ် ဖူးမြင်ရစဉ်ကပင် တရားတော်ကို နာကြားရသဖြင့် သောတာပန်တည်ခဲ့သူဖြစ်၏။ တစ်ရံခါသော် သုပ္ပဝါသသည် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့ကို မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် လှူဒါန်းပူဇော်ခဲ့သည်။ ဆွမ်းကိစ္စ ပြီးစီးချိန်တွင်

မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာတရားကို ဟော ကြားတော်မူ၏။

ဒါယိကာမ သုပ္ပဝါသ...

ဆွမ်းဘောဇဉ်ကို ပေးလှူသော အရိယာသာဝက သည် အလှူခံပုဂ္ဂိုလ်တို့အား အသက်ကိုလည်းကောင်း၊ အဆင်းကိုလည်းကောင်း၊ ချမ်းသာခြင်းကိုလည်းကောင်း၊ အားခွန်ဗလကိုလည်းကောင်း၊ ဉာဏ်ပညာကိုလည်း ကောင်း ပေးလှူသည် မည်၏။ သို့ဖြစ်၍ ပေးလှူသူ သည် နတ်ဖြစ်သော်လည်းကောင်း၊ လူဖြစ်သော်လည်း ကောင်း၊ အသက်ရှည်၍ အဆင်းလှရန်၊ ချမ်းသာ၍ ခွန်အားကြီးရန်၊ ဉာဏ်ပညာကြီးရန်တို့ဖြစ်၏။

စရဏတရားတို့ဖြင့် ပြည့်စုံကုန်သော၊ မြတ်သော အဖြစ်သို့ ရောက်ကုန်သော၊ ဖြောင့်မတ်ခြင်းသို့ ရောက် ကုန်သောရဟန္တာပုဂ္ဂိုလ်တို့၌ စင်ကြယ် မွန်မြတ်၍ အရသာဖြင့်ပြည့်စုံသော ကောင်းစွာအချင်းချင်း ဆက်စပ် လျက် ကြီးမြတ်သော အကျိုးရှိပေ၏ဟု မြတ်စွာဘုရား တို့ ချီးမွမ်းတော်မူကုန်၏။

ထိုသို့သဘောရှိသော ကောင်းမှုတို့ကို အဖန် တလဲလဲ အောက်မေ့ခြင်းပြုကုန်လျက် နှစ်သက်ခြင်း ရှိသည်ဖြစ်၍ ဝန်တိုခြင်း အညစ်အကြေးကို အရင်း အမြစ်နှင့်တကွ ပယ်ဖျောက်၍ လှည့်လည်ကုန်သော

သူတို့သည် 'မြတ်သောနတ်ပြည်နတ်ရွာသို့ ရောက်ရကုန်၏။

မြတ်စွာဘုရားသည်–

ရဟန်းတို့…

မွန်မြတ်သော လျှုဖွယ်ဝတ္ထုကို ပေးလှူကုန်သောငါ၏သာဝက ဥပါသိကာတို့တွင် ကောလိယမင်းသမီး "သုပ္ပဝါသ"သည် အမြတ်ဆုံးဖြစ်၏ဟု သုပ္ပဝါသအား "အဂ္ဂပဏီတဒါယိကာ"စေတဒဂ်ပေးတော်မူသည်။ "အဂ္ဂပဏီတဒါယိကာ"ဖြင့် ချီးမြှင့်တော်မူလေသတည်း။ ။

■

ရန်အောင်စာပေမှ ထုတ်ဝေမည့်

ဘာသာရေးစာအုပ်ကောင်းတစ်အုပ်

## မင်းလှမြတ်ထွေး

# ပုန်းလျှိုးကွယ်လည်း မနေရပါ

'သေခြင်းတရား' (မရဏာနုဿတိ) အပေါ်
သံဝေဂဉာဏ်ရစေမည့်စာအုပ်

**မင်းလှမြတ်ထွေး** သည်
**"ပုန်းလျှိုးကွယ်လည်း မနေရပါ"** စာအုပ်ဖြင့်
ဝိပဿနာတရားပွားသူများ၊ အားထုတ်သူများအား
*'သော့' ကို လှမ်းပေးနေသည်။*
*တံချူကို ကမ်းလှမ်းနေသည်။*

ကျမ်းပြုဆရာသည် ဤစာအုပ်၌ ဝိပဿနာ၏ အခြေခံ စတုရာရက္ခတရားလေးပါးထဲက တစ်ပါးဖြစ်သော **'မရဏာနုဿတိကမ္မဋ္ဌာန်း'** အကြောင်းကို အထောက်အထားမျိုးစုံဖြင့် ရှင်းလင်း ပြောပြထားသည်ဟူ၍ **ဆရာပါရဂူ** က အမှာစာရေး ထားသည်။

စာမူခွင့်ပြုချက်အမှတ် [၄၄၃ / ၂၀၀၄ (၇)]